ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၆ ရက်တွင် စတင်ထုတ်ဝေသည်
၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ ကြာသပတေးနေ့၊ (30-10-2014) (၀၀၀၉)

**မေတ္တာ၏ အကျိုးအာနိသင်**

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘ၀သမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာထဲတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေက္ချတောင်ဆရာတော် ဦးတိလောက

# အာဆီယံဥက္ကဋ္ဌတာဝန်ယူခဲ့ရသည့် မိမိတို့နိုင်ငံအတွက် ၂၀၁၄ ခုနှစ်အတွင်း အပြီးသတ်အစည်းအဝေးဖြစ် ၂၀၁၅ အာဆီယံအသိုက်အဝန်းထူထောင်ရေး အခြေခံအုတ်မြစ်ချပေးနိုင်ရေး အကျိုးသက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၉**

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်းထူထောင်ရေးဆိုင်ရာ ဗဟိုကော်မတီ၏ ၂၀၁၄ ခုနှစ် (နှစ်ဝက်) ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



# ချယ်ရီ ၁၊ ၂၊ ၃ သင်္ဘောများ မြန်မာနိုင်ငံသို့ ယနေ့ရောက်ရှိ

သတင်း - အောင်မင်း(ကြေးမုံ)
ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)



**ရန်ကုန် အောက်တိုဘာ ၂၉**

ပန်းဆိုးတန်း-ဒလ ကူးတို့ရေယာဉ်များအဖြစ်အသုံးပြုရန် JICA မှ လှူဒါန်းသည့် ချယ်ရီ(၁)၊ (၂)၊ (၃)တို့သည် ယနေ့နံနက် ၄ နာရီခွဲက ဂျပန်နိုင်ငံမှ MV.PAULA သင်္ဘောဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာသည်။ **(ဝဲပုံ)**

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဌာန ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဖေက "ပန်းဆိုးတန်းနဲ့ ဒလဆိပ်ကမ်းကို ခရီးသွားပြည်သူတွေ လျင်မြန်စွာနဲ့ အဆင့်အတန်းမီစွာ သွားလာနိုင်ဖို့အတွက် ဂျပန်နိုင်ငံမှ လှူဒါန်းတဲ့ သင်္ဘောတွေကို မနက်အလုပ်သွားချိန်၊ ညနေအလုပ်ပြန်ချိန်တွေမှာ ကူးတို့ရေယာဉ်သုံးစင်းနဲ့ ပြေးဆွဲပေးမှာပါ။ ဒီနေ့ကတော့ သင်္ဘောကြီးပေါ်က မချနိုင်သေးဘူး။ သင်္ဘောမှာပါလာတဲ့ ပစ္စည်းတွေကို အကောက်ခွန်က သေချာစိစစ်ဆောင်ရွက်မှာကတစ်ကြောင်း၊ သင်္ဘောတွေကို ရေထဲချဖို့အတွက် ပြင်ဆင်မှုတွေအများကြီးလုပ်ရမှာဖြစ်တာကြောင့် မချဖြစ်တာပါ။ ဂျပန်မှာတော့ သင်္ဘောကြီးပေါ်ကို တစ်ရက်တစ်စင်းတင်ပါတယ်။ တင်တဲ့အဖွဲ့က တစ်ခု၊ ချတဲ့အဖွဲ့က တစ်ခု၊ ဒီမှာတော့ ပုံစံမတူတဲ့အတွက်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**

**မာတိကာ**

**ကျေးလက်ဒေသ ဖွံ့ဖြိုးရေး** စာမျက်နှာ - ၂

**မြောက်ကိုရီးယား၌ ရထားလမ်းနှင့် လျှပ်စစ်ဓာတ်အားလိုင်းများ တည်ဆောက်ပေးရန် ရုရှားစီစဉ်** စာမျက်နှာ - ၄



ကြေးမုံစာတည်းရှုထောင့် ၃၀-၁၀-၂၀၁၄၊ ကြာသပတေးနေ့

# ကျေးလက်ဒေသဖွံ့ဖြိုးရေး

မြန်မာနိုင်ငံ၏ ဆင်းရဲမှုနှုန်းကို ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန် နိုင်ငံတော်က ရည်မှန်းချက်ထား စီစဉ်ဆောင်ရွက်လျက်ရှိပြီး ဆင်းရဲမှုနှုန်းမြင့်သော ကျေးလက်ဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည်ကို တွေ့ရပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးပုံစံကို ဖော်ဆောင်ပေးရန်လိုအပ်ပြီး လတ်တလော လိုအပ်ချက်ကို ရေတိုဖြည့်ဆည်းဆောင်ရွက်ပေးသည့် ပုံစံမျိုးဖြင့် ဆောင်ရွက်မည်ဆိုပါက ဆင်းရဲမှုနှုန်းမှာ လျော့ကျလာမည်မဟုတ်ပါ။

ထိုအချက်ကို အဓိကထားကာ နိုင်ငံတော်က ဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့ရပါသည်။ ရေရှည်တည်တံ့ခိုင်မြဲနိုင်ရန်အတွက် အားလုံးပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ကျေးလက်လူထု၏ စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရန်အတွက် ဆောင်ရွက်ပေးကြရပါမည်။ လူထုအခြေပြုအဖွဲ့များ အားကောင်းလာပြီး ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ပေါ်ထွန်းနေရပါမည်။ ကျေးလက်တွင် မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များ ကျရောက်လာပါက ထိခိုက်ဆုံးရှုံးမှုနည်းပါးစေရန် တုံ့ပြန်ဆောင်ရွက်နိုင်မည့် လူမှုအဖွဲ့အစည်းများလည်း ဖွဲ့စည်းထားရမည်ဖြစ်သည်။ ထိုအချက်များကို နိုင်ငံတော်က မဟာဗျူဟာမူဘောင်ရေးဆွဲပြီး ဆောင်ရွက်နေပြီလည်း ဖြစ်ပါသည်။

ကျွန်ုပ်တို့နိုင်ငံတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စီမံချက်အမျိုးမျိုး ချမှတ်ဆောင်ရွက်ဖူးပါသည်။ သို့သော် ပွဲပြီးမီးသေသဘောမျိုး ဆောင်ရွက်ခဲ့သဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော စီမံကိန်းမျိုးမဖြစ်ခဲ့ပါ။ ယခု ထိုအားနည်းချက်ကို သင်ခန်းစာယူ၍ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသည့် ကျေးရွာအုပ်စုဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားဖို့ လိုမည်ဖြစ်သည်။

ထင်သာမြင်သာရှိမှုသည် ကျေးလက်ဖွံ့ဖြိုးရေးအတွက် အဓိကကျသော အချက်ဖြစ်ပါသည်။ အထူးသဖြင့် ဖွံ့ဖြိုးရေးရန်ပုံငွေများကို ကျေးရွာများသို့ တိုက်ရိုက်ချထားပေးပြီး အဆိုပြု လုပ်ငန်းများ၌ ပြည်သူများ ယုံကြည်လက်ခံမှုသာ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှု မြင့်မားလာမည်၊ စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။

ကျေးလက်စီမံကိန်းအရ ဆောင်ရွက်သည့်လုပ်ငန်းများ အရည်အသွေးကောင်းမွန်ရေးအတွက် စံချိန်စံနှုန်းများကို ချမှတ်လမ်းညွှန်ပေးရန် လိုအပ်သလို စံချိန်စံနှုန်းများ ပြည့်မီမှုစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ နေရာဒေသ၊ လူမျိုးဘာသာ၊ ကျားမမခွဲခြားဘဲ အားလုံးတန်းတူညီတူ ကျေးလက်ဒေသဖွံ့ဖြိုးရေးအသီးအပွင့်များကို ရရှိခံစားနိုင်ဖို့လိုအပ်ပါသည်။

တိကျသော သတင်းအချက်အလက်များကို ပြည်သူများနှင့်သက်ဆိုင်သူများအားလုံး သိရှိနိုင်အောင် ဆောင်ရွက်ခြင်းသည် ပွင့်လင်းမြင်သာမှုရှိသော အရေးပါသည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ ထို့ကြောင့် ဗဟိုနှင့် အောက်ခြေအဆင့် ပေါင်းကူးဆက်သွယ်ဆောင်ရွက်သည့် မြို့နယ်များတွင် သတင်းနှင့်ပြန်ကြားရေးအဖွဲ့များ ဖွဲ့စည်းထားပြီး အများပြည်သူသိရှိသင့်သော သတင်းများကို ပုံမှန်ထုတ်ပြန်ပေးခြင်း၊ မေးမြန်းသည့်အချက်များကို မြန်မြန်ဆန်ဆန် ပြန်ကြားပေးခြင်း စသည့်ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးသင့်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်ကို ချမှတ်ပြီး သတ်မှတ်ကာလအတွင်း သတ်မှတ်ထားသော ဆင်းရဲမှုနှုန်းလျော့ကျလာစေရန် အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆောင်ရွက်နေသော အချိန်ကာလတွင် ကျေးလက်ပြည်သူများ အမှန်တကယ်ပါဝင်လာပြီး တက်ညီလက်ညီ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် ပွင့်လင်းမြင်သာသည့် ဆောင်ရွက်ချက်များနှင့် အောင်မြင်နိုင်သည့် နည်းလမ်းများဖြင့် ထိရောက်စွာ ဆောင်ရွက်သွားကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ။



# ထားဝယ် အထူးစီးပွားရေးဇုန်တွင် သုတေသနလုပ်ငန်းများ အပ်နှံဆောင်ရွက်နေ

**နေပြည်တော် အောက်တိုဘာ ၂၉**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေး အထူးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးအေးမြင့်သည် ဂျပန်နိုင်ငံ Daiwa Institute of Research နှင့် Deloitte Tohmatsu Consulting Co.,Ltd. မှ တာဝန်ရှိပုဂ္ဂိုလ်များအား အောက်တိုဘာ ၂၈ ရက်က ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက သုတေသနလုပ်ငန်းအား မူလသတ်မှတ်ထားသည့် အတိုင်း ၂၀၁၅ ခုနှစ် မတ်လကုန်တွင် ပြီးစီးအောင်ဆောင်ရွက်ရန်၊ ကနဦးအစီရင်ခံစာအား ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကုန်တွင် တင်ပြရန်နှင့် လစဉ်တိုးတက်မှု အစီရင်ခံစာများ တင်ပြရန် ပြောကြားသည်။ ထို့အပြင် ပြည်ထောင်စုဝန်ကြီးက ယခု သုတေသနအပြင် ကျန်ရှိသည့် သုတေသနလုပ်ငန်း နှစ်ခုကိုလည်း အလားတူဆောင်ရွက်နိုင်ရေးအတွက် METI သို့ ဆက်လက်အကြောင်းကြားပေးရန် ပြောကြားသည်။

ထားဝယ် အထူးစီးပွားရေးဇုန်တွင် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန (Ministry of Economy, Trade and Industry-METI) မှ ဦးဆောင်ပြီး အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးသုတေသနဌာနမှ တာဝန်ယူ၍ ထားဝယ်အထူးစီးပွားရေးဇုန် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်သည့် သုတေသနလုပ်ငန်း သုံးခုကို ဆောင်ရွက်ရာတွင် ပထမ သုတေသနလုပ်ငန်းဖြစ်သည့် မြန်မာနိုင်ငံ စက်မှုလုပ်ငန်းဆိုင်ရာ စီမံကိန်းနှင့်မဲခေါင်၊ အိန္ဒိယ တောင်ဘက်စီးပွားရေးစင်္ကြံဖွံ့ဖြိုးမှု တိုးမြှင့်စေရေး သုတေသနလုပ်ငန်းအား ERIAက အဆိုပါအဖွဲ့ကို လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၂၉**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၉၁၀၀ | - | ၆၆၀၁၀၀ |
| မန္တလေး | ရွှေဈေး | ၆၅၉၀၀၀ | - | ၆၆၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၀၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၈၀. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၄. ၅၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁. ၀၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၇. ၉၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၄၄၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၂၉. ၈၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၆. ၁၄၄ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၈၉၁. ၆၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၉၀. ၅၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

## နိုဝင်ဘာလပတ် ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၉**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**







ပြည်တွင်းရေးရာ

☆ ရွှေဖုံးမှ

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် အိမ်ရှင်အဖြစ် နေပြည်တော်တွင် လက်ခံကျင်းပမည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် အရှေ့အာရှထိပ်သီးအစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ပြန်လည်ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သည်များကို ထပ်မံဖြည့်ဆည်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ အာဆီယံထိပ်သီးအစည်းအဝေးနှင့် အရှေ့အာရှထိပ်သီးအစည်းအဝေးကို မိမိတို့နိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ကြီးအတွင်းသို့ ဝင်ရောက်ပြီး (၁၇)နှစ်အတွင်း၌ ပထမဆုံးအကြိမ်ဥက္ကဋ္ဌတာဝန်ကို ရယူနိုင်ခဲ့ပြီး အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပခွင့်ရရှိခဲ့ခြင်းဖြစ်ပါကြောင်း။

အာဆီယံအနေဖြင့် မူဝါဒပိုင်းဆိုင်ရာတွင် အာဆီယံ၏အချက်အချာကျမှု၊ အာဆီယံ၏ တူညီဆန္ဒကို ရယူခြင်းနှင့် အာဆီယံကိုယ်စားပြုပြီး ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်ဆံရေး ပိုမိုမြှင့်တင်ခြင်းအပိုင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

စီမံခန့်ခွဲမှုအပိုင်းတွင်လည်း ပြီးခဲ့သည့်လများအတွင်းက (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ (၄၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် အခြားသောဝန်ကြီးဌာနအသီးသီး၏ အစည်းအဝေးများကို စနစ်တကျစီမံခန့်ခွဲပြီး အောင်အောင်မြင်မြင်ကျင်းပပေးနိုင်ခဲ့သည့်အတွက် အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ကျေနပ်နှစ်သက်မှု ချီးကျူးမှုတို့ကို ရရှိခံယူခဲ့ရပါကြောင်း။

ထို့ကြောင့် ထိုအစည်းအဝေးများတွင် မိမိတို့ကျရာတာဝန်ကို အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ခဲ့ကြသည့် ဦးဆောင်ကော်မတီနှင့် ကော်မတီအသီးသီး၊ ဆပ်ကော်မတီအသီးသီးတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် ဝိုင်းဝန်းကူညီသူ အရပ်ဘက်အဖွဲ့အစည်းအသီးသီးတို့မှ ပုဂ္ဂိုလ်များအား မိမိတို့အနေဖြင့် အထူးပင်ကျေးဇူးတင်ပါကြောင်း။

မကြာမီကျင်းပမည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆွေးနွေးဖက်ဆက်စပ်အစည်းအဝေးများ၊ အရှေ့အာရှထိပ်သီးအစည်းအဝေးများသည် အာဆီယံဥက္ကဋ္ဌတာဝန်ယူခဲ့ရသည့် မိမိတို့နိုင်ငံအတွက် ၂၀၁၄ ခုနှစ်အတွင်း အပြီးသတ်အစည်းအဝေးဖြစ်ပါကြောင်း၊ ထိုအစည်းအဝေးများကို အောင်အောင်မြင်မြင် ကျင်းပနိုင်ခြင်းအားဖြင့် ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း ထူထောင်နိုင်ရေးအတွက် အခြေခံအုတ်မြစ်ချပေးနိုင်ရေးကိုလည်း များစွာအကျိုးသက်ရောက်မှုရှိပါကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် အာဆီယံအဖွဲ့ကြီး၏ အချက်အချာကျမှုကိုမြှင့်တင်နိုင်ရန်လည်းကောင်း၊ ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်း ထူထောင်ရန်ဆောင်ရွက်ရမည့် ကိစ္စများကို ဖြည့်ဆည်းပေးရန်လည်းကောင်း၊ ၂၀၁၅ ခုနှစ်အလွန် အာဆီယံ၏ သွင်ပြင်လက္ခဏာကို အုတ်မြစ်ချရာတွင်လည်းကောင်း ဦးဆောင်ဦးရွက်ပြုရာရောက်သည့်အတွက် မိမိတို့နိုင်ငံ၏ ဂုဏ်သိက္ခာကို မြှင့်တင်သည့် ဤအစည်းအဝေးကြီးများကို အောင်မြင်အောင် တက်ညီလက်ညီဖြင့် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အာဆီယံထိပ်သီးအစည်းအဝေးကျင်းပရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းတာဝန်များအလိုက် ဆပ်ကော်မတီ (၁၇)ခုကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ အဆိုပါ ဆပ်ကော်မတီများအနေဖြင့် ယခုကျင်းပမည့် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအတွက် ပြင်ဆင်မှုများ၊ ဆွေးနွေးမှုများစဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး ယခုအခါ လုပ်ငန်းအားလုံး ပြီးစီးသည့်အနေအထားကို ရောက်ရှိနေပြီဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ထိပ်သီးအစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာပြင်ဆင်ထားရှိမှုများ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ကြိုတင်ပြင်ဆင်ထားရှိမှုများကိုလည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကိုလည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အာဆီယံယဉ်ကျေးမှုအသိုက်အဝန်းနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကိုလည်းကောင်း တင်ပြခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် ပြင်ဆင်ထားရှိမှုများကို တင်ပြခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက တင်ပြချက်များအပေါ် လမ်းညွှန်မှာကြားပြီး အာဆီယံဥက္ကဋ္ဌ တာဝန်နှင့်ပတ်သက်၍ အိမ်ရှင်ဖြစ်သည့် မိမိတို့အနေဖြင့် လုပ်ကိုင်နိုင်စွမ်းရှိမှုကို ပြသနိုင်ရန်လိုအပ်ပါကြောင်း၊ အောင်မြင်စွာထမ်းဆောင်နိုင်ခြင်းသည် နိုင်ငံ၏ဂုဏ်သိက္ခာကို မြှင့်တင်ရာရောက်ပါကြောင်း၊ သို့ဖြစ်၍ အားလုံးကဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ထပ်မံတိုက်တွန်းပါကြောင်းဖြင့် ပြောကြားကာ အစည်းအဝေးကျင်းပမည့်ခန်းမများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**



# မြန်မာနှင့်တရုတ် နှစ်နိုင်ငံစီးပွားရေး ပိုမိုတိုးမြင့်လာစေရန် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၉**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ်ဥက္ကဋ္ဌမစ္စတာလိရော့ကူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးကျော်ဆန်း၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ဦးဝင်းမြင့်၊ ဒေါက်တာကံဇော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနှင့် တရုတ်နှစ်နိုင်ငံစီးပွားရေး ပိုမိုတိုးမြင့်လာစေရန် ပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပါဝင်ကူညီဆောင်ရွက်နိုင်ရေးတို့အား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အစည်းအဝေးကျင်းပမည့် ခန်းမများအား ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ချင်းတိုင်းရင်းသားလေ့လာရေးအဖွဲ့ နေပြည်တော်ရှိ စိုက်ခင်းများလေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပေါက်ခေါင်းမြို့နယ်မှ ချင်းတိုင်းရင်းသား တိုင်းရင်းသူလေ့လာရေးအဖွဲ့သည် ယနေ့နံနက် ၇ နာရီတွင် နေပြည်တော်ရှိ တောင်သူပညာပေးစိုက်ကွင်းများသို့ လေ့လာရေးလာရောက်ကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဥတ္တရသီရိမြို့နယ်ရှိ ဧက ၉၀၀ အော်ဂဲနစ်စိုက်ကွင်းအဝင်မုခ်ဦး၌ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် အော်ဂဲနစ်သဘော်သီးစိုက်ခင်း၊ ပိန်းဥစိုက်ခင်း၊ နာနတ်စိုက်ခင်း၊ ကညွတ်စိုက်ခင်း၊ ရွှေတောင်(၈)၊ ငွေချည် (၉)ချည်မျှင်ရှည်ဝါဂွမ်းသီးနှံစိုက်ခင်း၊ ကြံစိုက်ခင်း၊ အော်ဂဲနစ်စိုက်ခင်းများနှင့် သစ်သီးဝလံအရောင်းဆိုင်တို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်အနီးရှိ စက်မှုလယ်ယာ ဧက ၃၀၀၀ ပုလဲသွယ်စပ်မျိုးစပါး F1 မျိုးစေ့ထုတ်စိုက်ကွင်းနှင့် ဝတ်မှုန်ကူးခြင်းပွဲတော်အား ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာရှိ ဧက ၄၄၀ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်း ထွန်စက်ကြီးများနှင့် ရိတ်သိမ်းခြွေလှေ့စက်ကြီးများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လေ့လာရေးအဖွဲ့အား အမှာစကားပြောကြားရာတွင် တောင်သူများ၏ သီးနှံများ ဈေးကောင်းရရှိပြီး ပိုမိုဝင်ငွေရရှိ အကျိုးကျေးဇူးခံစားနိုင်ရေးအတွက် ဈေးကွက်နှင့် ချိတ်ဆက်၍ စိုက်ပျိုးကြရန် လိုအပ်ကြောင်း၊ ဈေးကွက်၏လိုအပ်ချက်အတိုင်း အရည်အသွေးနှင့် အရေအတွက်ကို စံချိန်စံညွှန်းကိုက်ညီရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ အသုံးပြုစိုက်ပျိုးကြရန် ပြောကြားခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**







# စစ်ဘက်လေကြောင်းသွားလာမှု သဘောတူညီချက် Thales နှင့် ယူကေ လက်မှတ်ရေးထိုး

**လန်ဒန် အောက်တိုဘာ ၂၉**

ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနသည် ယင်း၏ စစ်ဘက်ဆိုင်ရာလေကြောင်းသွားလာမှုလုပ်ငန်းများကို စီမံခန့်ခွဲရန် စတာလင်ပေါင် ၁ ဒသမ ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံ) တန်ကြေးရှိသည့် စာချုပ်တစ်ရပ်ကို ပြင်သစ်ကုမ္ပဏီ Thales နှင့် ဗြိတိသျှအစိုးရနှင့် လေကြောင်းကုမ္ပဏီများ ပိုင်ဆိုင်သည့် NATS တို့ဖြင့် ဖွဲ့စည်းထားသည့် AQUILA အကျိုးတူဖက်စပ်လုပ်ငန်းသို့ ပေးအပ်လိုက်ကြောင်း အောက်တိုဘာ ၂၉ ရက်က ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ သဘောတူညီချက်က ရေရှည်ခေတ်မီယုံကြည်စိတ်ချရသည့် စစ်ဘက်ဆိုင်ရာလေကြောင်းသွားလာမှု စီမံခန့်ခွဲရေးစနစ်တစ်ခုကို ပေးအပ်မည်ဖြစ်ပြီး စာချုပ်ပေါင်း ၇၀ ကို တစ်ခုတည်းအဖြစ် ပေါင်းစပ်ကာ ၂၂ နှစ်တာကာလအတွင်း ဗြိတိသျှအခွန်ထမ်းပြည်သူများအတွက် စတာလင်ပေါင် တစ်ဘီလီယံသက်သာစေမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဆိုသည်။ အသစ်ဖွဲ့စည်းလိုက်သည့် အကျိုးတူဖက်စပ်လုပ်ငန်း AQUILA သည် လေကြောင်းသွားလာမှုထိန်းချုပ်ရေးကို ဗြိတိန်နိုင်ငံတစ်ဝန်းရှိ ကာကွယ်ရေးဝန်ကြီးဌာန၏ နေရာ ၆၀ ကျော်နှင့် ဆိုက်ပရပ်၊ ဖော့ကလန်ကျွန်းနှင့် အခြားနေရာရှိ အခြေစိုက်စခန်းများ၌ ဆောင်ရွက်သွားမည်ဖြစ်သည်။

ဗြိတိသျှအစိုးရနှင့် လေကြောင်းကုမ္ပဏီများ ပူးတွဲပိုင်ဆိုင်သည့် NATS သည် ဗြိတိန်နှင့် အခြားတိုင်းပြည်များတွင် စီးပွားရေးဆိုင်ရာလေကြောင်းသွားလာမှုကို ထိန်းချုပ်ထားသည်။ **(ရိုက်တာ)**



# လူမဲ့အမေရိကန်ဒုံးယာဉ် ပစ်လွှတ်ပြီးနောက်ပေါက်ကွဲ

**ဝါရှင်တန် အောက်တိုဘာ ၂၉**

နိုင်ငံတကာအာကာသစခန်းသို့ ထောက်ပံ့ရေးပစ္စည်းများပို့ဆောင်သည့် လူလိုက်ပါခြင်း မရှိသော ဒုံးယာဉ်သည် အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ်မှ ပစ်လွှတ်ပြီးမကြာမီ ပေါက်ကွဲသွားကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အော်ဘီတဲလ်ဆိုင်းယင့်စစ်ကော်ပိုရေးရှင်းက တည်ဆောက်သည့် အန်တရက်(စ်)သည် ပင်လယ်ကမ်းခြေရှိ ပစ်လွှတ်စင်မှ ပစ်လွှတ်ပြီး စက္ကန့်ပိုင်းအတွင်းမှာပင် မီးလောင်သွားခြင်းဖြစ်သည်။

မည်သည့် ချွတ်ယွင်းချက်ကြောင့် ယင်းသို့ပေါက်ကွဲရခြင်းဖြစ်သည်ကို ယခုထက်တိုင် မသိရှိရသေးပေ။

မူလအစီအစဉ်မှာ တနင်္လာနေ့တွင် အဆိုပါယာဉ်ကို ပစ်လွှတ်ရန်ဖြစ်သော်လည်း ပတ်ဝန်းကျင်အန္တရာယ်ဇုန်အတွင်းရှိ ရွက်လှေတစ်စင်းကြောင့် နှောင့်နှေးကြန့်ကြာခဲ့ရခြင်းဖြစ်သည်။

အဆိုပါ အာကာသယာဉ်သည် နိုင်ငံတကာအာကာသစခန်း၌ရှိသော အာကာသယာဉ်မှူးခြောက်ဦး အတွက် ထောက်ပံ့ရေးပစ္စည်း အလေးချိန်ပေါင် ၅၀၀၀ နီးပါးကို သယ်ဆောင်သွားရန်ဖြစ်သည်။

ယင်းတို့အနက် ဥက္ကာပျံများလေ့လာရန်နှင့် လူသားဦးနှောက်သို့ သွေးစီးဆင်းပုံကို စမ်းသပ်ရန်လိုအပ်သော ကိရိယာများပါဝင်သည်။

ယာဉ်ပေါ်၌ အသင့်စားသုံးနိုင်သော စားသောက်ဖွယ်ရာအထုပ်များနှင့် အခြောက်ခံထားသော ကဏန်း၊ ကိတ်မုန့်များပါရှိကြောင်းလည်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါဖြစ်စဉ်တွင်ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်း၊ အကြောင်းရင်းကို သိရှိရန် စုံစမ်းစစ်ဆေးရေးအဖွဲ့က အချက်အလက်များကို စိစစ်လေ့လာလျက်ရှိကြောင်း အော်ဘီတဲလ်ဆိုင်ယင့်စစ်ကော်ပိုရေးရှင်းမှ ဒုတိယဥက္ကဋ္ဌ ဖရန့်ကားလ်ဘတ်ဆန်က ပြောသည်။ **(ဘီဘီစီ)**

# မြောက်ကိုရီးယား၌ ရထားလမ်းနှင့် လျှပ်စစ်ဓာတ်အားလိုင်းများ တည်ဆောက်ပေးရန် ရုရှားစီစဉ်

**မော်စကို အောက်တိုဘာ ၂၉**

မြောက်ကိုရီးယားနိုင်ငံရှိ ရထားလမ်းကွန်ရက်များအားပြုပြင်မွမ်းမံရန်နှင့် နောက်ထပ်လမ်းသစ်များကို လာမည့်နှစ် ၂၀အတွင်း တည်ဆောက်ပေးရန် ရုရှားကုမ္ပဏီများက စီစဉ်ထားကြောင်း ရုရှားထိပ်တန်းအရာရှိတစ်ဦးကဆိုသည်။

မြောက်ကိုရီးယား၏သဘာဝသယံဇာတများအတွက် အစားထိုးဖလှယ်မှုအနေဖြင့် ရုရှားပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများက မြောက်ကိုရီးယားရှိ အခြေခံအဆောက်အအုံများနှင့် ကီလိုမီတာ ၃၅၀၀ ရှိသောရထားလမ်းများကို အဆင့်မြှင့်တင်ပေးမည်ဖြစ်ကြောင်း အရှေ့ဖျားဖွံ့ဖြိုးမှုဝန်ကြီး အလယ်ဇန္ဒားဂါလက်ရှ်ကာ ကပြောကြားခဲ့သည်။

ယင်းသို့လုပ်ဆောင်မှုသည် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် လုပ်ဆောင်ချက်ဖြစ်ကြောင်း အာရ်အိုင်အေနိုဗိုစတီသတင်းဌာနက ဝန်ကြီး အလက်ဇန္ဒား၏ ပြောကြားချက်ကို ကောက်နုတ်ဖော်ပြခဲ့သည်။ ပြုံယမ်းသည် ရုရှားကို ကျောက်မီးသွေး၊သတ္တုအပါအဝင် အခြားသော ကုန်ကြမ်းများကို ရထားလမ်းပြုပြင်မွမ်းမံရေး ကုန်ကျစရိတ်အဖြစ်ပေးမည်ဖြစ်သည်။

ထို့ပြင် နှစ်နိုင်ငံဆိုင်ရာ စီးပွားရေးကောင်စီတစ်ခုကို မကြာမီကာလတွင် ထူထောင်မည်ဖြစ်ကြောင်းနှင့် မော်စကိုနှင့်ပြုံယမ်းတို့သည် နိုင်ငံကူးလက်မှတ်အား ဆုတ်ဖြဲခြင်း(သို့)ဖျက်ဆီးခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းကို နှစ်နိုင်ငံအပြန်အလှန်နားလည်သဘောတူထားခဲ့ကြောင်း ဝန်ကြီးကဆက်လက်ပြောကြားခဲ့သည်။

နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသည် ကိုရီးယားကျွန်းဆွယ်တွင် စစ်ရေးနှင့် နိုင်ငံရေးတည်ငြိမ်အေးချမ်းမှုများကို ဖြစ်ပေါ်စေနိုင်ကြောင်း ၎င်းက ပြောကြားသည်။ **(ဆင်ဟွာ)**

# ကိုဘာနီမြို့ကာကွယ်ရေးအတွက် ဆီးရီးယားမှ တပ်ဖွဲ့ဝင်နှစ်ရာကျော် စစ်ကူရောက်ရှိ

**ကိုဘာနီ အောက်တိုဘာ ၂၉**

ဆီးရီးယားနိုင်ငံ မြောက်ပိုင်းဒေသနယ်ခြားမြို့ ကိုဘာနီအား အိုင်အက်စ်တပ်ဖွဲ့များလက်အောက်သို့ မကျရောက်စေရေးအတွက် ခုခံတိုက်ခိုက်နေသည့် ကာဒစ်တပ်ဖွဲ့ဝင်များအား အကူအညီပေးရန် ဆီးရီးယားမှ တပ်ဖွဲ့ဝင် ၂၀၀ ကျော် အဆိုပါမြို့သို့ ရောက်ရှိလာကြောင်း ယနေ့ ဘီဘီစီ သတင်းတွင်ဖော်ပြသည်။

လွတ်လပ်သော ဆီးရီးယားတပ်မတော် (အက်ဖ်အက်စ်အေ)အမည်ရှိ အဆိုပါတပ်ဖွဲ့၏တပ်မှူးက ၎င်းတို့အားလုံး အလံတော်တစ်ခုတည်းအောက်တွင် တိုက်ခိုက်မှုများပြုလုပ်သွားမည်ဟု ပြောကြားခဲ့သည်။ အဆိုပါအဖွဲ့မှာ အနောက်အုပ်စု၏ အားပေးထောက်ခံမှုရရှိနေသည့် အဖွဲ့လည်းဖြစ်သည်။

တပ်ဖွဲ့ဝင်အင်အား ၁၅၀ ခန့်ပါဝင်သော ကာဒစ်တပ်ဖွဲ့ တိုက်ခိုက်ရေးသမားများ တူရကီနိုင်ငံတွင် ရောက်နေကြောင်း သတင်းများထွက်ပေါ်လာပြီးနောက် ဆီးရီးယားသူပုန်များ ကိုဘာနီသို့ရောက်ရှိနေကြောင်း သတင်းများ ထွက်ပေါ်လာခြင်းဖြစ်သည်။ နိုင်ငံစုံပါဝင်သော တပ်ဖွဲ့တစ်ဖွဲ့သည် အီရတ်နိုင်ငံတွင်းမှ တူရကီနိုင်ငံအရှေ့တောင်ပိုင်းဆီသို့ ဦးတည်လာနေပြီး ယင်းတို့ထဲ၌ လက်နက်ကြီးများနှင့် မြေပြင်သွားယာဉ်များ ပါဝင်သည်ဟုဆိုသည်။

ကိုဘာနီမြို့ အိုင်အက်စ်လက်တွင်းမကျရောက်ရေးအတွက် နိုင်ငံတကာမှ ဖိအားပေးမှုများဖြစ်ပေါ်နေစဉ် ယင်းဖြစ်ရပ်ဖြစ်ပေါ်ခဲ့ပြီး ယင်းသို့တပ်ဖွဲ့များဖြန့်ကြက်ခြင်းကို တူရကီအစိုးရက လွန်ခဲ့သောရက်သတ္တပတ်အတွင်းက သဘောတူညီခဲ့သည်။ **(ဘီဘီစီ)**





# သီရိလင်္ကာ၌ မိုးသည်းထန်စွာရွာသွန်း၍ မြေပြိုမှုများဖြစ်ပွား လူ ၁၀ ဦးသေဆုံးပြီး ၃၀၀ ခန့်ပျောက်ဆုံးနေ

**ကိုလံဘို အောက်တိုဘာ ၂၉**

သီရိလင်္ကာနိုင်ငံအလယ်ပိုင်းဒေသတွင် မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူ ၁၀ ဦးထက်မနည်းသေဆုံးပြီး ရာနှင့်ချီသောလူများ ပျောက်ဆုံးခဲ့ကြောင်း သီရိလင်္ကာသဘာဝဘေးဒုက္ခသည်အရေးဆိုင်ရာ တာဝန်ရှိသူများက ယနေ့ပြောကြားကြောင်း ဒေသဆိုင်ရာသတင်းများ၌ ဖော်ပြသည်။

မုတ်သုံမိုးများသည်းထန်စွာ ရွာသွန်းပြီးနောက်တွင် အဆိုပါမြေပြိုမှုများဖြစ်ပွားခဲ့ရာ ဘာဒူလာခရိုင်၌ လူနေအိမ်ခြေ ၁၄၀ ခန့် မြေဖုံးလွှမ်းမှုခံရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

သီရိလင်္ကာလုံခြုံရေးတပ်ဖွဲ့များက အဆိုပါဒေသတွင်း၌ ပြောင်းရွှေ့ရေးနှင့် ရှာဖွေရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်းက စတင်ခဲ့သော မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပွားစဉ်ကတည်းက ရွှံ့နွံများပြိုကျမည့်ဘေးကျရောက်နိုင်ကြောင်း သတိပေးချက်များထုတ်ပြန်ခဲ့သည်။

သီရိလင်္ကာနိုင်ငံ မြို့တော် ကိုလံဘိုနှင့် ကီလိုမီတာ ၂၀၀ (၁၂၀ မိုင်)ရှိ လက်ဖက်အဓိကစိုက်ပျိုးရာ မာရီယာဘက်ဒါဒေသ၌ မြေပြိုမှုများ အောက်တိုဘာ ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲတွင် ဖြစ်ပွားခဲ့သည်။ ယင်းမြေပြိုမှုကြောင့် လူ ၁၀ ဦးသေဆုံးပြီး ၃၀၀ ခန့် ပျောက်ဆုံးနေကြောင်း သဘာဝဘေးစီမံခန့်ခွဲရေးဗဟိုဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ်ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၂၉**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ်ဥက္ကဋ္ဌ မစ္စတာလိရော့ကူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ပြည်သူ့လွှတ်တော်ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေ၊ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးငွေးမြင့်၊ အမျိုးသားလွှတ်တော်ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှု မူဝါဒဆိုင်ရာ လုပ်ငန်းညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မြင့်ဖေ၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအတွင်းရေးမှူး ဦးမောင်တိုး၊ ပြည်သူ့လွှတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ဦးဝင်းမြင့်၊ ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင် ဒေါက်တာဝင်းမြင့်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဦးဝင်းဦး၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ထွန်းနှင့် ဒေါ်အေးအေးမူ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း၏ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၉**

ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲပိုင်းတွင်ကျင်းပရာ **၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း၏ ရငွေသုံးငွေများ**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးတို့က ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ဆွေးနွေးရာတွင် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကော်မတီဝင် ဦးဝင်းဦးက လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ လုပ်ငန်းသုံးရင်းနှီးငွေနှင့် နေပြည်တော်ကောင်စီ၏ သာမန်အသုံးစရိတ်တို့အား လျှော့ချရန်ဆွေးနွေးသည်။

ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီကိုယ်စား ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် နေပြည်တော်ကောင်စီ၏ သာမန်နှင့် ထောက်ပံ့ငွေစာရင်း လျှော့ချရန် ဆွေးနွေးသည်။

ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဗိုလ်ရှုခံစင်မြင့် အဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်းနှင့်စပ်လျဉ်း၍ BE တွင် မတောင်းခံဘဲ RE တွင် တောင်းခံလာခြင်းသည် ဘတ်ဂျက်ဥပဒေနှင့် မကိုက်ညီကြောင်း၊ RE တွင် တောင်းခံခြင်းသည် မဖြစ်မနေလုပ်ရမည့် လုပ်ငန်းဖြစ်ပါက လွှတ်တော်က ခွင့်ပြုနိုင်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်းက သာသနာရေးဝန်ကြီးဌာန၏ ဖြည့်စွက်ရန်ပုံငွေတွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဆရာ၊ ဆရာမများအတွက် ထောက်ပံ့ကြေးငွေတိုးမြှင့်ပေးရန်နှင့် သီးသန့်ရန်ပုံငွေမှကျခံပေးရန် ဆွေးနွေးသည်။

ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီကိုယ်စား ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်းက ကျန်းမာရေးဝန်ကြီးဌာန၏ ပြည်ပအကူအညီရငွေစာရင်း၊ ပြုပြင်ပြီးခန့်မှန်းခြေစာရင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံသည့်စာရင်း၊ ကျန်းမာရေးအသုံးစရိတ်မြှင့်တင်လျာထား ဖြည့်ဆည်းခဲ့မှု၊ ကျန်းမာရေးအဆောက်အအုံဆောက်လုပ်ရန် တင်ပြတောင်းခံမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။



ဦးဝင်းဦး(စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကော်မတီ)



ဒေါက်တာနေလင်း(ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးမြှင့်တင်မှုကော်မတီ)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက မူလခန့်မှန်းခြေထက် အသုံးစရိတ်တွင် (၈)ရာခိုင်နှုန်းကျော်တောင်းခံလာသည့် ဝန်ကြီးဌာနများ၏ တင်ပြလာမှုနှင့် e-government ဆောင်ရွက်ရန် တောင်းခံလာသည့် ကုန်ကျမှုအပေါ် ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက မော်လမြိုင်-ထားဝယ်-မြိတ်-ကော့သောင်းလမ်းပိုင်းတွင် မွန်ပြည်နယ်ရေးမြို့နယ်အပိုင်းမပါ၍ ပြင်ဆင်ဖြည့်စွက်ပေးရန်၊ သံဖြူဇရပ်-ဘုရားသုံးဆူလမ်းပိုင်းအား ဘတ်ဂျက်တိုးမြှင့်ချပေးရန်နှင့် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကော့လေးရွာ အဝင်တံတားဆောက်လုပ်ပေးရန် ဆွေးနွေးသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင်က တွီးမန်ကျေးရွာနှင့် ဟိုင်းကျင်းကျေးရွာ ကျေးရွာချင်းဆက် မြေသားလမ်းအား ကျောက်ချောလမ်းအဆင့်မြှင့်တင်ခြင်းနှင့် စိတူးချောင်းကူးတံတား တည်ဆောက်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေတွင် လျာထားခြင်းမရှိသဖြင့် ထည့်သွင်းရေးဆွဲပေးရန်၊ တွန်းဇံမြို့တွင် အသေးစားရေအားလျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်ရေးစီမံကိန်း၏ လိုအပ်ချက် ပမာဏဘဏ္ဍာငွေ ခွဲဝေထောက်ပံ့ပေးရေးနှင့် တွန်းဇံမြို့နယ်အတွင်း ဖုန်းတာဝါတိုင် တည်ဆောက်ပေးရန် ဆွေးနွေးသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုက ယခုအချိန်ကာလသည် စစ်မှန်သော ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့်ကာလဖြစ်သည့်အတွက် ကာကွယ်ရေးဝန်ကြီးဌာန၏ စစ်ဆင်ရေးစရိတ်များကို ခေါင်းစဉ်လွှဲပြောင်းသုံးစွဲခြင်းနှင့် လျှော့ချခြင်းများပြုလုပ်သင့်ကြောင်းနှင့် စစ်ဆင်ရေးလုပ်ငန်းအတွက် ထပ်မံတိုးတောင်းငွေကို ငြိမ်းချမ်းရေးခေါင်းစဉ်သို့ လွှဲပြောင်းသုံးစွဲရန် ဆွေးနွေးသည်။

ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင်က လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုနှင့် ဂန့်ဂေါ-ကလေး (၂၃၀)ကေဗွီဓာတ်အားလိုင်းစီမံကိန်းအတွက် ဖြည့်စွက်ငွေလျာထားချက် တိုးမြှင့်ခွင့်ပြုပေးရန် ဆွေးနွေးသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းဖြင့် တင်ပြထားသည့် ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုပါရှိသည့် ဌာန၊ အဖွဲ့အစည်းများ၏ အသုံးစရိတ်များအပါအဝင် ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် ကျင်းပမည့် အစည်းအဝေး၌ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ထပ်မံဖြည့်စွက်ဖတ်ရှုပါရန်

**နေပြည်တော် အောက်တိုဘာ ၂၉**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ဌာနေကိုယ်စားလှယ် Mr.Giuseppe de Vincentiis နှင့် အရှေ့တောင်အာရှဒေသဆိုင်ရာ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ညှိနှိုင်းရေးမှူး Mr.James Lynch တို့သည် အောက်တိုဘာ ၂၈ ရက် နံနက် ၁၁ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌လာရောက်တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က "ဒုက္ခသည်များ ပြန်လည်ရွှေ့ပြောင်းရေးကိစ္စရပ်နှင့်ပတ်သက်၍ အစိုးရ၏လမ်းညွှန်မှုနှင့်အညီ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် အဓိကတာဝန်ယူဆောင်ရွက်ရမည့် ဝန်ကြီးဌာနဖြစ်သော နိုင်ငံခြားရေးဝန်ကြီးဌာနအပြင် အခြားဆက်နွှယ်လျက်ရှိသော အလုပ်သမားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း" ဖြည့်စွက်ဖတ်ရှုပါရန်။ **(ကြေးမုံ)**

# မြန်မာနိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာအကူအညီပေးရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၉**

သမ္မတရုံးဝန်ကြီးဌာန(၅) ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ(UNCTAD)အတွင်းရေးမှူးချုပ် မစ္စတာ မူခီဆာ ခီတူရီအား နိုင်ငံတော်သမ္မတရုံး သံတမန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေး၊ လူမှုစီးပွားအုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုအခြေအနေများ၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး တစ်ဦးကျ ဝင်ငွေဆိုင်ရာစံနှုန်း၊ လူသားအရင်းအနှီးဆိုင်ရာ စံနှုန်းနှင့် စီးပွားရေးထိခိုက်နစ်နာလွယ်မှုဆိုင်ရာ စံနှုန်းတို့ကို UNCTAD ၏မူဝါဒစည်းမျဉ်းများအတိုင်း တွက်ချက်ဆောင်ရွက်ရာတွင် နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များအား ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❑





# မုန်းကာမတွေးပေမယ့်လွမ်းစရာလေးတွေကရင်မှာခို

တင့်လွင်ဦး
(စီးပွားရေးတက္ကသိုလ်)

အတိတ်ဆိုသည်မှာ ပြန်ပြောင်းလို့ ပြန်တောင်းလို့ ရကောင်းသောအရာမဟုတ်ပါ။ နှလုံးသားရှိသည့် ခံစားတတ်သူတိုင်း အတိတ်ကို အတိတ်မှာ အကန့်ခြား ထားရစ်ခဲ့၍ မရ၊ အကြောင်းတိုက်ဆိုင်သည့်အခါ အတိတ်ကို ပို၍ပို၍ သတိရတတ်ကြသည်။ အတိတ်က မိမိကြည်နူးနှစ်သက်ပီတိဖြစ်ခဲ့ဖူးသော ဖြစ်ရပ်များ တစ်ဖန်ပြန်၍ မရနိုင်တော့သည့်အခါ လွမ်းဆွတ်တသကြသည်က ဓမ္မတာ။ လောကအလယ် မျက်နှာမငယ်ရအောင် ပညာအမွေပေးခဲ့လေသော ကျေးဇူးရှင် အမိစီးပွားရေးတက္ကသိုလ်ကျောင်းတော်ကြီးကို သံယောဇဉ်ကြီးမားလှသော်လည်း အချိန်တန်၍အတောင်အလက်စုံလင်ကြသည့်အခါ ဘဝရှေ့ရေးအတွက် ရေကြည်ရာ မြက်နုရာ ပျံသန်းကြရပြန်သည်။ ပညာကိုအခြေပြု၍ တိုင်းပြည်အတွက် ကျရာတာဝန်တွေ ထမ်းရွက်ကြရသည်။ ကျောင်းတော်ကြီးနှင့် ဘယ်လိုပင် အလှမ်းဝေးခဲ့ပေမယ့် လွမ်းစရာလေးတွေက ရင်မှာခိုနေမြဲမို့ မဝေးစိတ်မှာ နီးလျက်သာ။

ယခုတလော ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ်(၅၀)ပြည့် ရွှေရတုသဘင်ကျင်းပရေးသတင်းတွေက စိပ်စိပ်လာသည်။ ရွှေရတုသဘင်ကျင်းပရေးကော်မတီကလည်း အစွမ်းကုန်လှုပ်ရှားနေပြီ။ ၃၁-၁၀-၂၀၁၄ ရက်မှ ၂-၁၁-၂၀၁၄ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ ၄-၁၀-၂၀၁၄ ရက်နေ့က ရန်ကုန်အမျိုးသားကဇာတ်ရုံကြီးမှာ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများဖြစ်ကြသော ဒါရိုက်တာမိုက်တီးနှင့် ရုပ်ရှင်သရုပ်ဆောင် သျှားညိုတို့ဦးစီး၍ ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ်(၅၀)ပြည့် ရန်ပုံငွေပဒေသာကပွဲကို ကျင်းပခဲ့ရာ နိုင်ငံကျော်တေးသံရှင်များ၏ သီဆိုတင်ဆက်မှုများနှင့်အတူ နိုင်ငံကျော်ရုပ်ရှင်အနုပညာရှင်များနှင့်တွဲဖက်၍ "ရွှေတက္ကသိုလ်၊ ငွေတက္ကသိုလ်မှသည်" ပြဇာတ်ကြီးကို ခမ်းနားစွာ တင်ဆက်ခဲ့ကြသည်။ တစ်ဖန် စီးပွားရေးတက္ကသိုလ်ဘွဲ့ရတစ်ဦးဖြစ်သော ဟာသသရုပ်ဆောင် မေတ္တာက ဒါရိုက်တာအဖြစ် ရိုက်ကူးထားသည့် "အမေ့အရိပ်ကို ပြန်လာပါ" ရွှေရတုဂုဏ်ပြုဇာတ်လမ်းကိုလည်း ရုပ်မြင်သံကြားမှာ ကြည့်လိုက်ရသည့်အခါ ငိုချင်ရက် လက်တို့သည့်ပမာ စာရေးသူ၏ အတွေးတို့သည် တားမနိုင်၊ ဆီးမရ အတိတ်အဝေးဆီသို့ အပြေးအလွှားရောက်ရှိသွားတော့သည်။

၁၉၆၄ ခုနှစ်မှစတင်၍ ပါမောက္ခချုပ် ဒေါက်တာအေးလှိုင် မျိုးစေ့ချတည်ထောင်ခဲ့သော ရန်ကုန်စီးပွားရေးတက္ကသိုလ်သည် ၂၀၁၄ ခုနှစ် (ယခုအခါ)တွင် နှစ်(၅၀)သို့ တိုင်ခဲ့လေပြီ။ မုံရွာစီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်တို့ကိုလည်း တိုးချဲ့ဖွင့်လှစ်ခဲ့ရာ ယနေ့အထိ ပေါ်ပေါက်ခဲ့သော စီးပွားရေးပညာရှင်၊ စာရင်းအင်းပညာရှင်များကား သိန်းဂဏန်းမက ရှိရော့မည်။ စီးပွားရေးတက္ကသိုလ်ဘွဲ့ရကျောင်းသား ကျောင်းသူအများစုကို နိုင်ငံအနှံ့ရှိစာရင်းစစ်ရုံးများတွင် တွေ့ရှိနိုင်ပြီး ပြည်တွင်းသာမက ပြည်ပအဖွဲ့အစည်းအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အဆင့်မြင့်ပညာရှင်အများအပြားလည်း ရှိပြန်သည်။ ထိုသူတို့အနက် တိုင်းသိပြည်သိ ထင်ရှားသူအချို့ကို ဖော်ပြရလျှင် ဒေါက်တာဦးမြင့်(နိုင်ငံတော်သမ္မတစီးပွားရေးအကြံပေး) ဒေါက်တာအောင်ထွန်းသက်(နိုင်ငံတော်သမ္မတစီးပွားရေးအကြံပေး)၊ ဒေါ်ရီရီမြင့် (မြန်မာနိုင်ငံအမျိုးသမီး စွမ်းဆောင်ရှင်များအသင်းနာယက)၊ ဒေါက်တာစိုးဝင်း (New Zealand ANZDEC Consultant)၊ လက်ရှိပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒေါက်တာကံဇော်၊ ဒေါက်တာဒေါ်ခင်စန်းရီနှင့် ဦးခင်ရီ။

အီကိုကျောင်းဆင်းများ၏ ပေါက်ရောက်မှုများကို ပြောကြပော့ဆိုလျှင် ပညာအရာမှာသာမက အနုပညာအရာမှာပါ အစွမ်းထက်ကြသည်။ လက်လှမ်းမီသမျှ ဖော်ပြရလျှင် အမျိုးသားစာပေဆု ခုနစ်ဆုရ ကဗျာဆရာ မြင်းမူမောင်နိုင်မိုး၊ ကဗျာဆရာ ဝင်းဝေနောင်၊ အသုတ်မောင်ဝင်းရောင်၊ စာရေးဆရာများဖြစ်ကြသော ဇော်ဇော်အောင်၊ တက္ကသိုလ်ညွန့်ဝင်း၊ ခင်မောင်ညို(ဘောဂဗေဒ)၊ ဒေါက်တာမောင်မောင်စိုး(ဘောဂဗေဒ)၊ ဝင်းငြိမ်း(အလင်းတန်း)၊ မောင်ကိုကို(အမရပူရ)၊ မြန်မာ့ရုပ်ရှင်လောကတွင် ထင်ရှားသော ဒါရိုက်တာမိုက်တီး၊ အကယ်ဒမီ ဆွေဇင်ထိုက်၊ ကေသွယ်မိုး၊ သျှားညို၊ မေတ္တာ၊ ဂီတလောက၏ ကြယ်ပွင့်များဖြစ်ကြသော တေးသံရှင်ကြည်တိုး၊ ခင်ခင်၊ မောင်မောင်တုပ်၊ တက္ကသိုလ်အေးမောင်၊ ခင်မောင်ညို၊ တက္ကသိုလ်ဟန်မြတ်မော်၊ တက္ကသိုလ်ခင်မောင်ကြည်၊ သိန်းလှမောင်၊ ညိုညိုရိမ်၊ တက္ကသိုလ်စိန်မြင့်ထွန်း၊ တက္ကသိုလ်လဲ့လဲ့၊ မဟာဂီတအဆိုရှင် မောင်မောင်ခင်၊ အတီးပညာရှင် တက္ကသိုလ်တင်မောင်ဝင်း (ပတ္တလား) စာရေးသူလက်လှမ်းမမီသော အခြားအနုပညာရှင်များလည်း ကျန်ရှိနိုင်ပါသည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ရွှေရတု ဝိသေသအလှများကို အသေးစိတ်ခြယ်မှုန်းကြရမည်ဆိုလျှင် စာရေးသူတက္ကသိုလ်သို့ရောက်စ ၁၉၇၀ ခုနှစ် ဝန်းကျင်ကာလ ပညာသင်ကြားပို့ချပေးခဲ့ကြသော ပါမောက္ခချုပ် ဒေါက်တာအေးလှိုင်အပါအဝင် ဒေါက်တာခင်မောင်ညွန့်၊ ဆရာကြီးဝီလျှံပေါ၊ ဒေါက်တာမောင်ရှိန်၊ ဆရာကြီး ဦးသာထို၊ ဒေါက်တာမျိုးညွန့်အစရှိသည့် ပါမောက္ခများ၊ ဌာနမှူးများနှင့် ဆရာ ဆရာမ အပေါင်းတို့အား ခြွင်းချန်ထား၍မရ။ ထို့အပြင် ရန်ကုန်စီးပွားရေးတက္ကသိုလ်စတင်သည်မှ ယနေ့တိုင် ပညာအမွေပေးခဲ့ကြသော စီးပွားရေးတက္ကသိုလ်အသီးသီးရှိ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများနှင့် ဆရာ ဆရာမအားလုံးကိုလည်း မေ့ထား၍မရ။ မိဘများထံလက်ဖြန့်တောင်းပြီး အပူအပင်မရှိ ပကတိဖြူစင်ရိုးရှင်းသည့် ကျောင်းသား ကျောင်းသူအပေါင်းတို့၏ ပညာသင်ယူနေမှုများ၊ ဘွဲ့ရ၊ ဘွဲ့လွန်တို့အား ဘွဲ့လက်မှတ်ချီးမြှင့်သည့် အခမ်းအနားများ၊ ဘာသာရပ်အလိုက် အသင်းအဖွဲ့များ၊ ထိုစဉ်က မြန်မာတစ်ပြည်လုံးတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်တစ်ခုတည်းသာရှိသည့်အတွက် နိုင်ငံတစ်ဝန်းရှိမြို့နယ်ဒေသအသီးသီးမှ လာရောက်ကြသည့်အတွက် နယ်မြေဒေသအလိုက်ဖွဲ့စည်းထားသော အသင်းအဖွဲ့များ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်၏ စစ်ရေးလေ့ကျင့်နေမှုများ၊ ခြေလျင်နှင့်တောင်တက်အသင်း၊ အနုပညာအသင်း၊ လေ့လှော်အသင်း၊ အားကစားအသင်းအဖွဲ့များ၊ မောင်မယ်သစ်လွင်ကြိုဆိုပွဲများ၊ ဆရာကန်တော့ပွဲနှင့် ကုသိုလ်ဒါနပြုအလှူပွဲများ၊ အဆောင်အလိုက် ညစာစားပွဲများ၊ အသင်းအဖွဲ့အလိုက် အနားယူအပန်းဖြေခရီးစဉ်များ၊ အသုံးလုံး လုပ်အားပေးခရီးစဉ်များ၊ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ခြင်းလုံး၊ ကြက်တောင်၊ ရေကူး၊ လှေလှော်၊ ဂျူဒို၊ ကရာတေး၊ သိုင်း၊ ပြေးခုန်ပစ်စသည့် အားကစားပြိုင်ပွဲများ၊ ဘွဲ့နှင်းသဘင်ခန်းမ၊ အဓိပတိလမ်း၊ သစ်ပုပ်ပင်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ ဂျပ်ဆင်ယုဒသန်၊ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းက အီကိုအတန်းကြီးမမများနေထိုင်ခဲ့ကြသည့် မာလာဆောင်၊ သမိုင်းကျောင်းဆောင်ဝင်းအတွင်းက တက္ကသိုလ်အားကစားရုံ၊ အီကိုဘသားချောများနေထိုင်သည့် ဟန်လင်း၊ ဖွဲ့ကပင်၊ အုန်းတော၊ မေခနှင့်ခပေါင်းအဆောင်များ၊ ပင်ပျိုရွက်နုလေးများနှင့် အလားသဏ္ဍာန်တူလှသည့် ပျိုမေများနေထိုင်ရာ ကံ့ကော်၊ သရဖီ၊ နှင်းဆီအဆောင်များအကြောင်း မပါလျှင်မပြီး။ သဘာဝပန်းချီကားချပ်ကြီးအလား တက္ကသိုလ်၏အလှကို ဖြည့်ဆည်းပုံဖော်ပေးကြသည့် ကံ့ကော်၊ စိန်ပန်း၊ ငုဝါနှင့်ပိတောက်အစရှိသည့် သစ်ပင်ပန်းမန်တို့၏အလှများ၊ ကျောင်းတော်သား ကျောင်းတော်သူတို့၏အဖွဲ့ကျရာ ဦးချစ်၊ ဦးရမ်းဘီလူးတို့၏ လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်များ၊ ထိုစဉ်က အင်းယားကန်စောင်းတွင် ယနေ့ခေတ်ကဲ့သို့ ပြွတ်ကျပ်ညှပ်နေသည့် စားသောက်ဆိုင်များမရှိ။ အင်းယားကန်စောင်းတွင် အကြော်တစ်ပွဲချ၊ လက်ဖက်ရည်အိုးလိုက် မ၍ရသည့် အကြော်ဆိုင်လေးအကြောင်းလည်းပါမှ၊ ထို့ပြင် အမျိုးသမီးဆောင်အသီးသီး၏ရှေ့တွင် ခြံစည်းရိုးနားအထိ အမိအရကပ်ကာ မယ်ဒလင်၊ ဂီတာတို့ဖြင့် တီးခတ်ရင်း အဆောင်တွင်းရှိ မဒီများကြားအောင် အသံကုန်ဟစ်ကြရသည့် ကျောင်းတော်သားတို့၏ Un Plug-Live Show တီးဝိုင်းများအကြောင်း မပါပြန်လျှင်လည်း ဆားမပါသည့်ဟင်းလို ပေါ့ရွှတ်ရွှတ်ဖြစ်မည်။ ထို "အာကုန်" တီးဝိုင်းများမှ အဆိုတော်၊ အတီးတော်တို့ထဲမှ အဆောင်သူများလက်ဆောင်ပေးသည့် ငှက်ပျောသီး၊ လိမ္မော်သီး၊ လက်ဖက်သုပ်၊ ဂျင်းသုပ်နှင့် ချိုချဉ်များစားသုံးရင်း ပီတိစားအားရှိ၊ ယခုအခါ အများသိကြသည့် နိုင်ငံကျော်အဆိုတော်များအဖြစ် ရောက်ခဲ့သူများလည်းရှိသည်။ တစ်စက္ကန့်လေးရဲ့ ဆယ်ပုံတစ်ပုံတေးသံရှင် တက္ကသိုလ်ခင်မောင်ကြည် (ဟန်လင်းဆောင်)၊ ရှမ်းချယ်ရီမြေ တေးသံရှင် သိန်းလှမောင် (မေခဆောင်)၊ ရုပ်မြင်သံကြားထုတ်လွှင့်ရေးမှူး တက္ကသိုလ်ဟန်မြတ်မော်၊ သို့ဖြစ်၍ အလားတူတီးဝိုင်းများ၏ အစွမ်းအစကိုလည်း လျှော့တွက်၍မရ၊ ချန်လှပ်ထား၍မဖြစ်။

၁၉၇၀ ခုနှစ် ဝန်းကျင်က ရန်ကုန်စီးပွားရေးတက္ကသိုလ်အပါအဝင် ရန်ကုန်၌ တက္ကသိုလ်နှင့် ကောလိပ် ခုနစ်ခုသာရှိသည်။ ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂)၊ သွားကောလိပ်၊ စက်မှုတက္ကသိုလ်၊ တိ/မွေးကုတက္ကသိုလ်နှင့် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တို့ဖြစ်ကြသည်။ ထိုစဉ်က အီကိုကျောင်းသူတို့သည် စန်းပွင့်ကြသည့်အတွက် အီကိုကျောင်းသားများမျက်နှာပွင့်ကြသည်။ အခြားတက္ကသိုလ်များက ကျောင်းသားများက အီကိုကျောင်းသားများကို ခေါ်ချင်၊ ပြောချင်၊ မျက်နှာချိုသွေးချင်၊ မိတ်ဖွဲ့ချင်ကြသည်။ အဘယ်ကြောင့်ဆိုသော် အီကိုသည် "မိန်းမလှကျွန်း"ဟု တင်စားခေါ်ရလောက်အောင် ပျိုမဒီအချောအလှတွေပေါ၏။ အီကိုမှ အခြားတက္ကသိုလ်များသို့ အသွားအလာမရှိ၊ အခြားသော တက္ကသိုလ်ပေါင်းစုံမှ လိပ်ပြာ၊ ပိတုန်းတို့သည် စီးပွားရေးတက္ကသိုလ်ကျောင်းတော်ကြီးသို့ မျက်စိအနားယူရန်လာကြကုန်၏။ ရှာခံကျောင်းသား ကျောင်းသူများ ရွှေညှော်သည်များဖြင့် ပေါင်းစပ်လိုက်သည့်အခါ အီကိုကျောင်းတော်ကြီးသည် ပွဲတော်ကြီးပမာ ကြက်ပျံမကျ စည်ကားလေတော့သည်။ သာယာကြည်နူးဖွယ်ရာကောင်းသော အတိတ်က တက္ကသိုလ်၏ပုံရိပ်များကို ပြန်လည်တွေးမိတိုင်း အဆုံးသတ်ဖို့မလွယ်၊ အိပ်ဆေးကူ၍မရ၊ သို့ဖြစ်၍ ရွှေရတုအမှတ်တရကဗျာလေးရေးဖွဲ့ရင်းသည်မျှနှင့် သံယောဇဉ်ဖြတ်လိုက်ကြပါစို့။

## လွမ်းမဝပါလားနော်

- မုန်းကာမတွေးပေမယ့်
  လွမ်းစရာလေးတွေကရင်မှာခို
- အတိတ်ပုံရိပ်၊ မေးမိုတ်မသွား
  အင်းလျားနံ့ဘေးက
  စီးပွားရေး တို့တက္ကသိုလ်
- ပညာလိုလား၊ တပည့်များမွေးထုတ်
  ပါ/ချုပ်နှင့်ဆရာများ၊ ကျေးဇူးသည်ကြီးမား
  ခုတော့ရှိသော်လည်း ရှားလေပြီ
- ဟိုအတိတ်ဆီ မျှော်ကာမှန်း
  ဖူးပွင့်စပန်းအသွင်
  နပျိုစဉ်ဆုံခဲ့ကြ
  ကျောင်းတုန်းက ရောင်းရင်းတွေ
- ရေကြည်ရာ၊ မြက်နုရာ
  သွေ့ခွာအဝေး၊ ဆုံရေးမလွယ်
  အရွယ်တွေကကျ၊ ဇရာအိုတစ်ပိုင်းတစ်စ
  ဘယ်ဘဝရောက်စေ
- စိန်ပန်းတွေဝေ၊ ကံ့ကော်မြေကို တမ်းတ
  သစ်ပုပ်ပင်ကြီးကိုလည်း မှန်းဆ
  တွေးမိတိုင်း လွမ်းမဝပါလားနော်. . .။ ။

(၁၉၇၀-၇၄ ကာလ ပြန်ပြောင်းတသ
အမှတ်တရ)



**ပြည်သူ့လွှတ်တော်အစည်းအဝေး**

# လီဒိုလမ်းမကြီးအား နိုင်လွန်ကတ္တရာလမ်းအဆင့်မြှင့်တင်ရန် မူဝါဒနှင့်ကိုက်ညီပါက ဆောင်ရွက်ခွင့်ပြုရန်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၉**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ၏ **"စတီးဝဲလ် သို့မဟုတ် လီဒိုလမ်းမကြီးအား အဆင့်မြှင့်တင်သွားရန် အစီအစဉ်ရှိ၊ မရှိ"**မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က မြစ်ကြီးနား-နမ္မတီး-တနိုင်း-ပန်ဆောင်-လီဒို (၄) လမ်းသွား နိုင်လွန်ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို မြောက်ပိုင်း တော်ဝင်ကျောက်စိမ်းကုမ္ပဏီလီမိတက်မှ B.O.T မူဝါဒ (၂၁) ချက်နှင့်အညီ တင်ပြထားပြီး မူဝါဒနှင့်ကိုက်ညီပါက လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ရေစကြိုမဲဆန္ဒနယ်မှ ဦးတင်ဌေးအောင်၏ **"နိုင်ငံအတွင်း စိုက်ပျိုးထားရှိသော ကြက်ဆူစိုက်ခင်းများ"** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု လျှော့ချနိုင်ရေးအတွက် ကျိုတို သဘောတူညီချက်အရ စက်မှုဖွံ့ဖြိုးသောနိုင်ငံများ၌ တွင်းထွက်ဒီဇယ်ဆီနှင့် ဇီဝဒီဇယ်ဆီကို ရောနှောအသုံးပြုလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ခြံစည်းရိုးကြက်ဆူဆီမှ ဇီဝဒီဇယ်ဆီ ထုတ်လုပ်ခြင်းကို လူထုအခြေပြု စီမံကိန်းအဖြစ် သာစည်မြို့နယ် လှိုင်းတက်စိုက်ပျိုးရေးခြံတွင် ရှေ့ပြေးစမ်းသပ်ချက်အဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် **"ယှဉ်ပြိုင်မှု ဥပဒေကြမ်း"**တစ်ရပ်လုံးကို လွှတ်တော်က ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုခဲ့ကြသည်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ် ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏ အစီရင်ခံစာ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးသည်။



ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်။



တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ။

တံတားဦးမဲဆန္ဒနယ်မှ ဒေါ်ခင်သန္တာက ကော်မရှင်အနေဖြင့် ပြည်သူ့အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူများနှင့်တွေ့ဆုံ၍ စနစ်အကြောင်းကို ရှင်းပြခြင်း၊ သဘောထားများရယူခြင်း မလုပ်ခဲ့သည့်အပြင် ပြည်သူ့ဆန္ဒသဘောထား ဖော်ထုတ်ကန့်ကွက်မှုများကို လျစ်လျူရှုရာ ရောက်နေပါကြောင်း၊ ထို့ကြောင့် ပြည်သူ့ဆန္ဒရယူဆောင်ရွက်သင့်ပါကြောင်းနှင့် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) ကို ဆက်လက်ကျင့်သုံးသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်မြင့်က ရွေးကောက်ပွဲစနစ်သည် နိုင်ငံတစ်နိုင်ငံအတွက် အရေးပါသော ကိစ္စတစ်ရပ်ဖြစ်သော်လည်း နိုင်ငံ၏ကံကြမ္မာကို အဆုံးအဖြတ်ပေးခြင်း မပြုနိုင်ပါကြောင်း၊ ရွေးကောက်ပွဲမှ ရွေးချယ်တင်မြှောက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံတော်၏ကံကြမ္မာကို ပြည်သူတို့၏ကိုယ်စား အဆုံးအဖြတ်ပေးရမည် ဖြစ်ပါကြောင်း၊ ပြည်သူကိုယ်စားပြုသည့် ကိုယ်စားလှယ်လောင်းများ ပေါ်ပေါက်ရေးသည် အရေးကြီးသဖြင့် မြန်မာနိုင်ငံ၏ လက်ရှိပကတိအခြေအနေနှင့် အနာဂတ်အတွက် ရေရှည်အကျိုးရှိပြီး လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ကို ပြည်သူလူထုအကြား ချပြရှင်းလင်းပြီး မဲဆန္ဒရှင်ပြည်သူလူထုအများစု သဘောဆန္ဒကို အလေးဂရုပြု၍ ရွေးချယ်သုံးစွဲသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညိုက ပြည်သူမှ တောင်းဆိုခြင်းမပြုဘဲ ပြည်သူလူထုနှင့် အသားကျပြီး ရိုးရှင်းလှသော ရွေးကောက်ပွဲစနစ်ကို လွယ်လင့်တကူပြင်ဆင်ရန် မသင့်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံမှု (သို့မဟုတ်) ပြည်သူ့ဆန္ဒခံယူပွဲ၏ ထောက်ခံခွင့်ပြုချက်ဖြင့် ရွေးကောက်ပွဲစနစ်ကို ပြောင်းလဲ ပြင်ဆင်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ကလောမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေက ရွေးကောက်ပွဲစနစ်တစ်ခုပြောင်းမည်ဆိုပါက နိုင်ငံသားတစ်ဦးချင်းစီ၏ မျှတစွာကိုယ်စားပြုနိုင်မှုနှင့် အမျိုးသား အမျိုးသမီး တန်းတူမှု၊ လူနည်းစုအခွင့်အရေးနှင့် မသန်စွမ်းသူများ အခွင့်အရေးကို စဉ်းစားပေးမှုဆိုသည့် အချက်များကို အလေးထားရမည့်အပြင် ပြည်သူများ နားလည်သဘောပေါက်ရန် အချိန်ယူပညာပေးရှင်းလင်းပြီး ပြည်သူများက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် ပြင်းပြစွာ တောင်းဆိုပါမှ ရွေးကောက်ပွဲစနစ်ကို ပြောင်းသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**(သတင်းစဉ်)**

**အမျိုးသားလွှတ်တော်အစည်းအဝေး**

# ပြည်တွင်းရေနံချက်စက်ရုံများမှ ဓာတ်ဆီ၊ လေယာဉ်ဆီနှင့် ဒီဇယ်ဆီများ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၉**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်၌ ဆက်လက်ကျင်းပရာ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသန်းထွန်းမြင့်၏ **"အဆင့်မြင့်စက်သုံးဆီ ထုတ်လုပ်သည့်စက်ရုံများ တည်ဆောက်၍ ပြည်တွင်းစက်သုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးသွားရန် အစီအစဉ်ရှိ/ မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်တွင် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)၊ အမှတ်(၂)ရေနံချက်စက်ရုံ (ချောက်)၊ ရေနံဓာတုဗေဒစက်ရုံ (သံပရာကန်)တို့ရှိပြီး အဆိုပါစက်ရုံများမှ ပြည်တွင်းရေနံစိမ်းနှင့် ရဲတံခွန်ကမ်းလွန် သဘာဝဓာတ်ငွေ့မြေမှ ထွက်ရှိသည့် လေဆီတို့ကို အသုံးပြုကာ RON 67 ဓာတ်ဆီ၊ လေယာဉ်ဆီနှင့် ဒီဇယ်ဆီများကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

ယခုအခါ အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)အား ပြည်ပကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းစဉ်များပြီးစီးပါက စက်ရုံအား အဆင့်မြှင့်မွမ်းမံပြင်ဆင်မှုများ ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတကာအဆင့်မီ ရေနံချက်စက်ရုံအသစ် တည်ဆောက်၍ ပြည်တွင်း၌ အဆင့်မြင့်စက်သုံးဆီ RON 92 ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ မြန်မာပြည်အထက်ပိုင်းနှင့် အလယ်ပိုင်းဒေသများအတွက် အဆင့်မြင့်စက်သုံးဆီ RON 92 ထုတ်လုပ်နိုင်သည့် ရေနံချက်စက်ရုံ အသစ်တစ်ရုံ တည်ဆောက်နိုင်ရန် ပတ်ဝန်းကျင်နှင့် လူမှုစီးပွား ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။



တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသန်းထွန်းမြင့်။



စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးသက်နိုင်ဦး မေးမြန်းသည့် **"နိုင်ငံအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်များတွင် နားနေဆောင်များဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"**မေးခွန်းနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများအနက် အငြိမ်းစားပင်စင်စားများအကျိုးအတွက် E-Pension Card ဖြင့် ပင်စင်လစာငွေထုတ်ပေးသည့်စနစ်ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ခရိုင်/မြို့နယ် ဘဏ်ငွေတိုက်ခွဲစုစုပေါင်း ၃၁၇ ဘဏ်ရှိသည့်အနက် ယနေ့အချိန်အထိ ဘဏ်ခွဲပေါင်း(၂၉၈)ခုတွင် E-Pension Card ဖြင့် ပင်စင်လစာထုတ်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် ပင်စင်စားများအနေဖြင့် ပင်စင်လစာများလာရောက်ထုတ်ယူချိန်တွင် သက်သောင့်သက်သာဖြင့် နားနေနိုင်ရန်အတွက် နားနေဆောင်များကိုလည်း မြေနေရာအကျယ်အဝန်း၊ ပင်စင်စားဦးရေတို့အပေါ်မူတည်ပြီး ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဘဏ်ခွဲပေါင်း (၁၆)ခုတွင် ဆောင်ရွက်ပေးနိုင်ခဲ့ကာ ထပ်မံဆောင်ရွက်ပေးနိုင်ရန်လည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ အတည်ပြုပြီးပေးပို့ထားသော ၁၉၆၀ ပြည့်နှစ် ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်းဆုံးဖြတ်ချက်ပေးပို့လာခြင်းကို အသိပေးတင်ပြသည်။

ထို့နောက် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘိုးရယ်၏ **"ပြည်တွင်းငြိမ်းချမ်းရေးရရှိလာသည်နှင့် ယခင်က စစ်ဘေးဒဏ်ခံခဲ့ရသော တိုင်းရင်းသားဒေသများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းချမှတ်၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"**အဆိုနှင့် ပတ်သက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်ကဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

**■ကျောဖုံးမှ**

မှိုင်းခံကြာချိန်ကိုကြည့်မယ်။ ပေးထားတဲ့ အမှတ် ၂၀ ကနေ ၅ မိနစ်ကြာရင် ၁၅ မှတ်ရမယ်။ တစ်မိနစ်ပိုကြာတိုင်း တစ်မှတ်စီလျော့သွားမှာဖြစ်တယ်။ မှိုင်းပြည့်လို့ တက်တဲ့အချိန်မှာ သူ့ကြာချိန်အတိုင်း အမှတ် ၂၀ လျှော့ပြီး ကျန်တာ သူ့ရမှတ်ပဲ။ ပုံသဏ္ဍာန်အမှတ်ပေးမယ့်ဒိုင်ကတော့ မီးပုံးပျံလှပမှု၊ အပြစ်အနာအဆာကင်းစင်မှုကို ဦးစားပေးကြည့်တာပါ။ ဘယ်လောက်ပဲ ပန်းချီလှလှ၊ အဆင်တန်ဆာလှလှ အပြစ်အနာအဆာကင်းစင်ပြီးမှ ပန်းချီတို့ အဆင်တန်ဆာ လှပမှုတွေကို ကြည့်တာဖြစ်တယ်။ အမှတ် ၂၀ ကနေ အပြစ်ရှာပြီး ကျန်တာသူ့ရမှတ်ပဲ။ နောက် အပေါ်ဒိုင်တွေက အတက်ကောင်း၊ မကောင်း ကြည့်မယ်။ အတက်ကောင်း၊ မကောင်းကို ကြည့်တဲ့ဒိုင်အဖွဲ့က လေဆာဆလိုက်ထိုးထားပြီး ဒီဂရီဘယ်လောက်စောင်းပြီး တက်သွားတယ်ကိုကြည့်မှာ။ များများဒီဂရီစောင်းလေ အမှတ်လျော့လေပဲ။ တန်ဆာပလာအမှတ်ပေးဒိုင်က မီးပုံးပျံမှာ ပါဝင်တဲ့ပစ္စည်း၊ နောက်အမျိုးအမည်ဘယ်လောက်ပါတယ်ဆိုတာကို အသေးစိတ်မှတ်တဲ့အဖွဲ့ပါ။ ဆန်းသစ်တီထွင်မှုပါသလောက် အမှတ်ရတာပါ။ စက္ခုပသာဒဘယ်လောက်ဖြစ်တယ်ဆိုတာ ကြည့်တဲ့ဒိုင်အဖွဲ့က မီးပုံးပျံတက်သွားပြီး ပေ ၃၀၀ အမြင့်ရောက်တဲ့အခါ ယမ်းကို လေးမိနစ်အထိ ဘယ်လောက်အကောင်းဆုံး အလှဆုံးပြနိုင်လည်းကြည့်တာပါ။ လေးမိနစ်အောက်ပဲပြနိုင်တယ်ဆိုရင်တော့ အမှတ်စလျော့ပြီပေါ့။ ဒီယမ်းချတဲ့အပိုင်းမှာလည်း ဘေးဖြာ၊ အောက်ချ၊ ကာလာအရောင်တွေကြည့်ပြီး အမှတ်ခွဲတာ။ အတက်စံချိန် ဒိုင်ကလည်း ဝေဟင်မှာ မိနစ်လေးဆယ်လောက် အကောင်းဆုံးပြသနိုင်ရင် အမှတ် ၂၀ အပြည့်ရပြီပဲ။ တချို့မီးပုံးပျံတွေက အပေါ်ကိုတော့ တက်သွားပါရဲ့။ လေလမ်းကြောင်းကြောင့် တောင်ကွယ်သွားရင် အမှတ်မရတော့ဘူး။ ဒါကတော့ ကံစီမံရာကို ခံရတာပဲ။ နောက်တစ်ခု ယမ်းကူးရင်လည်း အမှတ်မရဘူး။ စည်းကမ်းဒိုင်ကတော့ သတ်မှတ်တဲ့အချိန်အတွင်းမှာ သတ်မှတ်အလေးချိန်အတိုင်း လိုက်နာသူကို အမှတ်အပြည့်ပေးမှာပါပဲ။

**မေး။ ။ဆုကြေးတွေကို ဘယ်လိုသတ်မှတ်ထားပါလဲ။**

ဖြေ။ ။အရုပ်ဆုကြေးက အုပ်စုဆိုရင် ငါးသိန်း၊ ခြေလေးချောင်းကို သုံးသိန်း၊ ခြေနှစ်ချောင်းကို နှစ်သိန်းပါ။ စိန်နားပန်ဆိုရင် အရင်က ၁၅ သိန်း၊ အခု ၂၅ သိန်း၊ မီးကြီးဆို အရင်က ၄၅ သိန်း၊ အခု သိန်း ၆၀၊ အဲ့လိုတွေ တိုးမြှင့်ထားတယ်။ ဒီဆုကြေးတွေက ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်တိုင် နောက်ဆုံးအစည်းအဝေးမှာ အတည်ပြုတိုးမြှင့်ပေးခဲ့တာပဲဖြစ်တယ်။

**မေး။ ။ဒိုင်အဖွဲ့ကိုယ်စားပြောချင်တာလေးရှိရင် ပြောပေးပါဦး။**

ဖြေ။ ။အဓိကပြောချင်တာက ကျွန်တော်တို့ဒိုင်အဖွဲ့တွေက အဂတိကင်းရှင်းစွာနဲ့ တာဝန်ယူဆောင်ရွက်သွားမှာပါ။ နောက်တစ်ခုက ဒီနှစ်မှာအရုပ်လွှတ်တာ နည်းသွားပါတယ်။ အရုပ်လွှတ်တာကလည်း များသောအားဖြင့် လူငယ်တွေများတယ်။ အခုလူငယ်တွေကလည်း ပိုက်ဆံတွေစုပြီး မီးကြီးကို ဝင်ပြိုင်နေကြတော့ အရုပ်လွှတ်တဲ့အဖွဲ့တွေ နည်းသွားရခြင်းတစ်ခုပဲ။ ကျွန်တော်တို့ မီးပုံးပျံပြိုင်ပွဲကို အောင်အောင်မြင်မြင်ပြီးပါစေလို့ ဆုတောင်းပါတယ်။ နိုင်ငံတော်ကလည်း အများကြီးအားပေးကူညီထားသလို မိမိတို့ရိုးရာမတိမ်ကော မပပျောက်အောင်လည်း ထိန်းသိမ်းသွားဖို့ အရေးကြီးပါတယ်။ နောက်ဆုံးအနေနဲ့ ကလေးတွေ မီးပုံးပျံကို အောင်အောင်မြင်မြင်နဲ့ လွှတ်တင်နိုင်ပါစေလို့ပဲ ဆုတောင်းပေးပါတယ်။

**သတင်းနှင့် ဓာတ်ပုံ-ဇေယျာ(မိုင်ရာ)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း ဆရာတော်ကြီးများအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း ဆရာတော်ထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်ရှိ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် သာသနာ့ဗိမာန်တော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသထံမှ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့ အမှူးပြုသော ပရိသတ်များက

**စာမျက်နှာ ၉ သို့** ✿



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❁ စာမျက်နှာ ၈ မှ
ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွား ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ဇမ္ဗူသီရိ မြို့နယ် နန်းဦးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥဇ္ဇောတထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတများနှင့် တက်ရောက်လာကြသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဓမ္မပါရဂူ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအရိယာလင်္ကာရထံမှ ပရိသတ်များက ကထိန်အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်များအား နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❖ ချယ်ရီမှ
မြန်မလား၊ နှေးမလားတော့ မသိပါဘူး။ သင်္ဘောကြီးတွေက လူတွေထိုင်ဖို့ခုံတွေ တပ်ဆင်ဖို့ပဲ ကျန်ပါတယ်"ဟု ပြောသည်။

အဆိုပါ သင်္ဘောကြီးများဖြင့် နံနက် ၆ နာရီမှ နံနက် ၉ နာရီအထိ ပြေးဆွဲပေးမည်ဖြစ်ပြီး ညနေပိုင်းတွင် ညနေ ၄ နာရီမှ ည ၇ နာရီအထိ ပြေးဆွဲပေးမည်ဖြစ်ကြောင်း၊ အလျားပေ ၁၃၀၊ ဖြက် ၃၂ ပေရှိ နှစ်ထပ်ကူးတို့ရေယာဉ်များဖြစ်သည်။ လက်ရှိပြေးဆွဲနေသော ရေယာဉ်များကို လိုအပ်ချက်ရှိမည့် ရေယာဉ်လိုင်းများတွင် ထည့်သွင်းပြေးဆွဲပေးမည်ဖြစ်ပြီး ဖယ်ရီလိုင်းတစ်ခုကိုလည်း အသစ်တိုးချဲ့ပြေးဆွဲပေးမည် ဖြစ်ကြောင်း၊ နေ့စဉ်လူဦးရေ ၁၅၀၀၀၊ ၂၀၀၀၀ ခန့်ရှိ၍ တစ်ခါတစ်ရံ ခရီးသွားပြည်သူ ၂၅၀၀၀၊ ၃၀၀၀၀ ခန့်ရှိသည်ဟု JICA မှ တာဝန်ရှိသူများက နေ့စဉ်တစ်လတိတိ ရေတွက်၍ မှတ်တမ်းတင်ထားကြောင်း၊ နိုင်ငံသားတစ်ဦးလျှင် သင်္ဘောတစ်ခေါက်စီးခ ကျပ်တစ်ရာနှင့် နိုင်ငံခြားသားတစ်ဦးလျှင် အမေရိကန် နှစ်ဒေါ်လာဖြင့် လက်ရှိကောက်ခံသည့် နှုန်းထားအတိုင်းသာ ကောက်ခံသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ရေကြောင်းဌာနမှူးချုပ် ဦးဝင်းသိန်းက "မိလ္လာစနစ်က လှောင်ကန်လည်းပါသလို၊ တိုက်ရိုက်စွန့်ပစ်တဲ့စနစ်လည်း ပါပါတယ်။ ခုတော့ ဒီမှာတိုက်ရိုက် စွန့်ပစ်တဲ့စနစ်ကို သုံးမှာပါ။ လှောင်ကန်ဆိုရင်တော့ သတ်မှတ်နေရာမှာ စွန့်ပစ်တာတို့၊ စုပ်ထုတ်တာတို့ လုပ်ရပါမယ်။ ကျွန်တော်တို့ဌာနရဲ့ဝင်ငွေနဲ့ ဝန်ထမ်းလစာပေးနေရတာဆိုတော့ စုပ်ထုတ်တဲ့စနစ်ကို မသုံးနိုင်သေးပါဘူး။ အဲဒီလို မလုပ်ရဘူးလို့ ဥပဒေထွက်လာရင်တော့ ဌာနဆိုင်ရာတွေ ပူးပေါင်းပြီး နည်းလမ်းရှာရမယ့် အနေအထားပါ"ဟု ပြောသည်။

ဒလဘက်ကမ်းတွင် ခံ့ထည်လှပသော ခရီးသည်နားနေဆောင်၊ အများသုံးသန့်စင်ခန်း၊ သင်္ဘောဆိုက်ကပ်ရာဖောတံတားသို့ အတက်၊ အဆင်း တံတားနှစ်ခု၊ သင်္ဘောကပ်မည့် ဖော်ယာသံထည်ကိုလည်း ကွန်ကရစ်များခံ၍သာမက လက်ရန်းများပါ ထည့်သွင်းထားသည်။ ယင်းနားနေဆောင်သည် ခရီးသည်များ ထိုင်ခုံမရှိသေးသည်မှအပ အားလုံးနီးပါး ပြီးစီးနေသော်လည်း ပန်းဆိုးတန်းဘက်ကမ်းတွင် သင်္ဘောကပ်မည့် ဖော်ယာတစ်ခုတွင် အတက်ရောအဆင်းပါ အသုံးပြုနေသည့် တံတားတစ်စင်းသာ ရှိနေသေးသည်ကို မေးမြန်းရာတွင် ပုဂ္ဂလိကကုမ္ပဏီ တစ်ခု ကန့်ကွက်ထားသဖြင့် ကြန့်ကြာနေခြင်းသာဖြစ်ကြောင်း၊ ဒလဘက်ကဲ့သို့ ပြုလုပ်ဆောင်ရွက်သွားမည့် အစီအစဉ်ရှိပါကြောင်း၊ ညှိနှိုင်း ဆောင်ရွက်နေပါသဖြင့် မကြာခင် အကောင်အထည်ပေါ်လာမည်ဖြစ်ကြောင်း၊ ကူးတို့သင်္ဘောတစ်စင်းလျှင် ခရီးသည် ၁၂၀၀ ဆံ့ပြီး ကူးတို့ရေယာဉ်များသည် မြန်နှုန်းကောင်းသဖြင့် အချိန်တိုအတွင်း မိမိလိုရာခရီးကို အရောက်သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ချယ်ရီ(၂) ကူးတို့သင်္ဘော မောင်းနှင်မည့် ရေယာဉ်မှူး ဦးညွန့်ဝင်းက "ကျွန်တော်တို့ ဂျပန်နိုင်ငံကို ဇူလိုင် ၇ ရက်က သွားတယ်။ ဇူလိုင် ၁၉ ရက်မှာ ပြန်လာရတယ်။ ၁၂ ရက်ကြာ သင်တန်းပေးတယ်။ ဒီသင်္ဘောကြီးတွေကို ဂျပန်နိုင်ငံက ပညာရှင်တွေက လက်တွေ့သင်ကြား မောင်းနှင်ပြပါတယ်။ သင်္ဘောဖွဲ့စည်းပုံတွေက တူပါတယ်။ ဒါပေမယ့် ဂျပန်နိုင်ငံက တည်ဆောက်တဲ့ ဒီသင်္ဘောတွေက ပိုမြင့်ပါတယ်။ ဒီမှာရှိနေတဲ့ သင်္ဘောတွေမှာတော့ အမြင့်ဆုံးသင်္ဘောတွေပေါ့ဗျာ။ ရေဒါ၊ ဂျီပီအက်စ်၊ စကားပြောစက် စတဲ့ စက်တွေအကုန်ပါပါတယ်။ ရေဒါကတော့ ခုလည်း ဒီလက်ရှိပြေးနေတဲ့ ကူးတို့လိုင်းမှာ သုံးပါတယ်။ ဂျီပီအက်စ်ကတော့ လမ်းကြောင်းပြတယ်။ အဲဒီတော့ မောင်းရတာ အန္တရာယ်ကင်းပါတယ်။ ဂျပန်မှာ ကျွန်တော်တို့ မောင်းခဲ့တာ ရေလည်းမစီးဘူး၊ လေလည်းမတိုက်ဘူး၊ ဒိုက်လည်းမရှိဘူး၊ ရာသီဥတုပဲကောင်းနေလို့လား မသိဘူး၊ လက်ရှိလည်း မောင်းနေတာဆိုတော့ ဘာအခက်အခဲမှမရှိပါဘူး။ သင်္ဘောကြီးပေါ်က ချယ်ရီ(၂)ကို နောက်ဆုံးမှ ရေချမယ်လို့သိရပါတယ်"ဟု ပြောသည်။

ချယ်ရီ(၂) ကူးတို့ရေယာဉ်တွင် စက်ခန်းအုပ်(၂) ရာထူးဖြင့် လုပ်ကိုင်မည့် ဦးစံမြင့်ကလည်း တိုးတက်သော နိုင်ငံကြီးဖြစ်သည့်အတွက် စည်းစနစ်ကျကြောင်း၊ သင်္ဘောကျင်းတွင် အလုပ်ဆင်းမည့်သူသည် သတ်မှတ်ထားသည့် ဝတ်စုံကိုသာ ဝတ်ဆင်ရပြီး ဝတ်ဆင်ရမည့်ဝတ်စုံတွင် လိုအပ်ချက်ရှိပါက လုံးဝ ဝင်ခွင့်မပြုကြောင်း၊ စက်ခန်းတာဝန်ကျအင်ဂျင်နီယာများကိုလည်း ကျွမ်းကျင်ပညာရှင်များက သေချာစွာ ဂရုတစိုက်သင်ပေးကြောင်း၊ သင်္ဘောတွင် ဆိုလာစနစ်ပါဝင်ခြင်းသည် သင်္ဘောမောင်းရန်အတွက်မဟုတ်ဘဲ သင်္ဘောပျက်ပါက အလိုအလျောက် ဖွင့်ပေးသည့်စနစ်သာဖြစ်ကြောင်း၊ ယခုကဲ့သို့ သင်္ဘောသစ်ကြီးကိုစီးမည့် ခရီးသည်များကလည်း တစ်ဦးချင်းစီ စည်းကမ်းရှိစွာစီးနင်းရန်လည်း လိုအပ်ပါကြောင်း၊ စက်ခန်းအုပ်တစ်ဦး၊ လ/ထတစ်ဦးနှင့် ဆီလောင်း သုံးဦး စုစုပေါင်း ငါးဦးသာဖွဲ့စည်းပုံအပြည့် ခန့်အပ်ထားကြောင်း ပြောသည်။

ဒလဘက်ကမ်းတွင် ကုန်တင်ယာဉ်ရပ်နားစခန်းကို တည်ဆောက်မည်ဖြစ်ကြောင်း၊ ဗိုလ်ရန်ပြေရပ်ကွက်ရှိ ကားကူးဇက်ဆိပ်ကိုလည်း နေရာပြောင်းရွှေ့မည်ဖြစ်ပြီး သန့်ရှင်းသန့်ရပ်မှုမရှိသော ဈေးဆိုင်ခန်းများကိုလည်း နေရာသစ်ပေးပြီး အဆောက်အအုံသစ်များ ဆောက်လုပ်ပေးရန် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကာ မကြာမီအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ ကူးတို့သင်္ဘော သုံးစင်းလွှဲပြောင်းပေးအပ်ပွဲနှင့် ဒလဘက်တွင် ဆောက်လုပ်ပြီးစီးနေသော အဆောက်အအုံများ ဖွင့်လှစ်ပွဲကို နိုဝင်ဘာ ၁၅ ရက်တွင် ပြုလုပ်ပေးမည်ဖြစ်ကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဖေက ပြောကြားသည်။ အဆိုပါသင်္ဘော သုံးစင်းပါ သင်္ဘောကြီးသည် အောက်တိုဘာ ၁၉ ရက်က ဂျပန်နိုင်ငံမှ ထွက်ခွာလာပြီး အောက်တိုဘာ ၂၉ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

# အာဆီယံစီးပွားရေးအသိုက်အဝန်း၏ အကျိုးစီးပွားများမြှင့်တင်ခြင်းမှသည် ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၉**

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့်ကာလအတွင်း ဦးစားပေးနယ်ပယ်တစ်ခုဖြစ်သည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစေရန် ရည်ရွယ်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အာဆီယံနှင့် အရှေ့အာရှစီးပွားရေးသုတေသနဌာန (ERIA)နှင့် အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်တို့ ပူးပေါင်းပြီး **"အာဆီယံစီးပွားရေးအသိုက်အဝန်း၏ အကျိုးစီးပွားများမြှင့်တင်ခြင်းမှသည် ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ"** ခေါင်းစဉ်ဖြင့် မြန်မာ-ERIA-ဟားဗတ် ဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးသုတေသနဌာနမှ အမှုဆောင်အရာရှိချုပ် Prof. Hidetoshi Nishimura နှင့် အာဆီယံ အတွင်းရေးမှူးချုပ် H.E. Le Luong Minh တို့က အဖွင့်အမှာစကား အသီးသီးပြောကြားခဲ့သည်။

ဆွေးနွေးပွဲကို အပိုင်းလေးပိုင်းခွဲ၍ ကျင်းပခဲ့ရာ ပထမပိုင်းတွင် ၂၀၁၅ ခုနှစ် AEC အောင်မြင်မှုအလားအလာများနှင့်စပ်လျဉ်း၍ မြန်မာ အရင်းအမြစ်ဖွံ့ဖြိုးမှုအဖွဲ့ (MDRI) မှ ဒေါက်တာသန်းထွန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ERIA မှ အကြီးတန်းမူဝါဒရေးရာ ညှိနှိုင်းရေးမှူး Mr. Yoshifumi Fukunaga က AEC အကဲဖြတ်မှတ်တမ်း စတုတ္ထအဆင့်နှင့်စပ်လျဉ်းသည့် လေ့လာအကြံပြုချက်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ စီးပွားရေးပညာရှင် Dr. Jayant Menon က AEC အောင်မြင်မှုများနှင့် ဖြေရှင်းရန်စိန်ခေါ်မှုများ၊ Presisi Indonesia Reserch မှ အုပ်ချုပ်မှုဒါရိုက်တာ Dr.Titik Anas က အင်ဒိုနီးရှားနိုင်ငံ၏ AEC ကြိုတင်ပြင်ဆင်မှုဆိုင်ရာ အတွေ့အကြုံများကိုလည်းကောင်း၊ ဒုတိယပိုင်းတွင် ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အာဆီယံ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှ AEC အကျိုးစီးပွားကို မြှင့်တင်ခြင်းနှင့်စပ်လျဉ်း၍ ERIA မှ စီးပွားရေးပညာရှင် Dr. Sothea Oum က သဘာပတိအဖြစ် ဆောင်ရွက်ပြီး Malaysia Productivity Commission မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Dato' Abdul Latif က မလေးရှားနိုင်ငံ၏ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ မြှင့်တင်ခြင်း အတွေ့အကြုံများ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ် Prof. George Abonyi က AEC တွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပါဝင်မှု ပိုမိုတိုးမြှင့်ရန် နည်းလမ်းများ၊ ဩစတြေးလျနိုင်ငံ Adelaide တက္ကသိုလ်မှ Prof. Shandre Tangavalu က အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ တီထွင်မှုနှင့် နည်းပညာလွှဲပြောင်းခြင်းဆိုင်ရာ ဒေသတွင်း မူဝါဒများကိုလည်းကောင်း၊ တတိယပိုင်းတွင် ၂၀၁၅ ခုနှစ်အလွန် ညီညွတ်မှုရှိ၍ ငြိမ်းချမ်းဝေစည်သည့် အာဆီယံ ဖြစ်ပေါ်လာစေရေးနှင့် စပ်လျဉ်း၍ အင်ဒိုနီးရှားနိုင်ငံ Habibie Center မှ အမှုဆောင်အရာရှိချုပ် Dr. Rahimah Abdulrahim က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ERIA မှ အကြီးတန်း သုတေသနပညာရှင် Dr. Ponciano S.Intal ၂၀၁၅ ခုနှစ်အလွန် အာဆီယံ၏ အခြေအနေများ၊ ဂျပန်နိုင်ငံ OECD မှ Ms. Yumiko Murakami က ကမ္ဘာတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်စေမည့် အာဆီယံဖြစ်ပေါ်လာစေရေး၊ မြန်မာနိုင်ငံမှ အဆင့်မြင့်စီးပွားရေး အရာရှိ ဒေါ်သန်းသန်းလင်းက မြန်မာနိုင်ငံ၏ ပကတိအခြေအနေများကို လည်းကောင်း၊ စတုတ္ထပိုင်းတွင် အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ Prof. Thomas Valley နှင့် ဦးဘိုဘိုငယ်တို့က အာဆီယံတွင် မြန်မာနိုင်ငံ၏ ပါဝင်မှုနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ယင်းဆွေးနွေးချက်များအပေါ် ERIA မှ အမှုဆောင်အရာရှိချုပ် Prof. Hidetoshi Nishimura က သုံးသပ်ဆွေးနွေးပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းနှင့် ဟားဗတ်တက္ကသိုလ်မှ Prof. Thomas Valley တို့က နိဂုံးချုပ်အမှာစကားများပြောကြားပြီး ဆွေးနွေးပွဲကို ညနေ ၅ နာရီတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**●ဟံသာဝတီမှ**

လေကြောင်းခရီးစဉ်များနှင့် ခေတ်မီလေယာဉ်ကြီးများဆင်းသက်နိုင်ရန် လုံလောက်မှုမရှိတော့သဖြင့် နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာလေဆိပ်သစ်တစ်ခုတည်ဆောက်ရန် မြေနေရာရှာဖွေခဲ့ရာ ရန်ကုန်မြို့နှင့် အနီးဆုံးတွင်တည်ရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ဆင်းသက်မှုကို ထိခိုက်မှုမရှိစေသောနေရာ ၁၀ နေရာအား ရှာဖွေခဲ့ပြီး ဦးစားပေးရွေးချယ်ခဲ့သော နေရာမှာ ရန်ကုန်မြို့မှ မိုင် ၅၀ အတွင်းရှိ ပဲခူးမြို့အရှေ့ဘက် ကျောက်တိုင်ကန်ကျေးရွာအနီးရှိ ဂျပန်ခေတ်လေယာဉ်ကွင်းဟောင်းနေရာအား ရွေးချယ်ခဲ့သည်ဟု ဆိုသည်။

ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်းအား ၁၉၉၄ ခုနှစ် မတ် ၂၁ ရက်တွင် ပန္နက်တင်အခမ်းအနားပြုလုပ်၍ လုပ်ငန်းစတင်ခဲ့ပြီး တည်ဆောက်မှုလုပ်ငန်းကို နှစ်ပိုင်းခွဲ၍ ဆောင်ရွက်ခဲ့ကြောင်း၊ လေယာဉ်ပြေးလမ်း၊ လေယာဉ်သွားလမ်း၊ လေယာဉ်ရပ်နားနေရာ၊ ရေနုတ်မြောင်း၊ လေဆိပ်ချဉ်းကပ်လမ်း၊ လေဆိပ်ခြံစည်းရိုး၊ မီးသတ် အဆောက်အအုံ၊ လေကြောင်းလမ်းညွှန်စက်များနှင့် လေယာဉ်ပြေးလမ်း၊ လျှပ်စစ်မီးတို့၏ အခြေခံဖောင်ဒေးရှင်း တည်ဆောက်ရေးလုပ်ငန်းများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ကြောင်း၊ လေဆိပ်အဆောက်အအုံနှင့် အခြားဆက်စပ်လုပ်ငန်းများကို Archon &Inter-Regional Investment Limited Joint Venture(A&IJV) ဖြင့် ဆောင်ရွက်ရန် ၂၀၀၀ ပြည့်နှစ်စက်တင်ဘာ ၂၈ ရက်တွင် လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုခဲ့ကြောင်း၊ Archon Co.,Ltd. အနေဖြင့် ကန်ထရိုက်စာချုပ်လက်မှတ်ရေးထိုးခဲ့သည့် ၄၅ ရက်အတွင်း ပေးသွင်းရမည့် Performance Bank Guaranitee အမေရိကန်ဒေါ်လာ ၈ သန်းပေးသွင်းဆောင်ရွက်ရာတွင် အခက်အခဲရှိခဲ့ကြောင်း၊ အချိန်ပေးစောင့်ဆိုင်းခဲ့သော်လည်း တည်ဆောက်ရေးကန်ထရိုက်တာမှ ငွေပေးသွင်းနိုင်မှုမရှိခြင်း၊ စီမံကိန်းလုပ်ငန်းများဆောင်ရွက်နိုင်မှုမရှိခြင်းတို့ကြောင့် ၁၈-၅-၂၀၀၀ ရက်တွင် ချုပ်ဆိုခဲ့သည့် စာချုပ်အားပယ်ဖျက်ပြီး စီမံကိန်းလုပ်ငန်းများအားလုံးအား ၁၇-၁၀-၂၀၁၃ ရက်မှစတင်၍ ရပ်ဆိုင်းခဲ့ကြောင်း၊ ရပ်ဆိုင်းထားခဲ့သည့်စီမံကိန်းအား ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်၍ ပုဂ္ဂလိက ပါဝင်မှု (PPP)ဖြင့် တင်ဒါခေါ်ယူရာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် အတိုင်ပင်ခံ Nippon Koei Co.,Ltd. တို့သည် ပဏာမအရည်အချင်းစစ် အောင်မြင်သည့် အဖွဲ့များသို့ Tender Documents (Request for Proposal) များ ထုတ်ပေးခြင်းကို ဆောင်ရွက်ခဲ့ကြောင်း ၂၇-၅-၂၀၁၃ ရက်တွင် Tender Documentsများ နောက်ဆုံးထားတင်ပြရန် သတ်မှတ်ထားသည်။ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်အတွက် ပဏာမအရည်အချင်းစစ်အောင်မြင်သည့်အဖွဲ့ ခုနစ်ဖွဲ့နှင့် Tender Documents ထုတ်ယူသည့်အဖွဲ့ ခုနစ်ဖွဲ့ရှိသော်လည်း Tender Documents ကို အဖွဲ့လေးဖွဲ့ကသာ ပြန်လည်တင်ပြလာကြောင်း၊ တင်ဒါစိစစ်ရေးအဖွဲ့ ပဏာမစစ်ဆေးချက်များအရ ၁၀-၈-၂၀၁၃ ရက်တွင် အောင်မြင်ခဲ့သော Inchon Airport Consortium နှင့် အရန်ဖြစ်သော Yongnam CAPE-JGC Consortium တို့အား ရွေးချယ်ခဲ့ကြောင်း၊ တင်ဒါအောင်မြင်ခဲ့သော Inchon Airport Consortium နှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့ ညှိနှိုင်းဆွေးနွေးမှု ခြောက်ကြိမ်ပြုလုပ်ပြီးနောက် တင်ဒါလိုလားချက် Request for Porposal နှင့် ကွဲလွဲခြင်း၊ ငွေကြေးဆိုင်ရာအာမခံချက်ပေးရန် တောင်းဆိုခြင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အားထိန်းချုပ်ကန့်သတ်စေခြင်း စသည့်အချက်များကြောင့် ညှိနှိုင်းဆွေးနွေးမှုအား နှစ်ဦးနှစ်ဖက် သဘောတူညီမှုဖြင့် ၁၅-၁-၂၀၁၄ ရက်တွင် ရပ်ဆိုင်းခဲ့ကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

အရန်ဖြစ်သော Yongnam CAPE-JGC Consortium အား ဖိတ်ခေါ်၍ ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်လုပ်ငန်းအကောင်အထည်ဖော်ရေး ကော်မတီနှင့် Yongnam CAPE-JGC Consortium အဖွဲ့တို့အကြား ညှိနှိုင်းဆွေးနွေးရာတွင် ODA ဖြင့် လုပ်ငန်းအကောင်အထည်ဖော်မှုနှင့် ပတ်သက်၍ ကော်မတီအနေဖြင့် အထက်အဖွဲ့အစည်းအဆင့်ဆင့်သို့ မူသဘောထားများ ရယူမည်ဖြစ်ပါသောကြောင့် ညှိနှိုင်းဆွေးနွေးမှုအား ခေတ္တရပ်ဆိုင်းရန် နှစ်ဦးနှစ်ဖက်သဘောတူခဲ့ကြောင်း၊ စီမံကိန်းတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းထက် မကျော်လွန်သော ODA ရယူဆောင်ရွက်ခွင့်ပြုရန် Request for Proposal ၌ ပြင်ဆင်ခွင့်တင်ပြရရှိခဲ့ကြောင်း ၂၀-၂-၂၀၁၄ တွင် လေဆိပ်စီမံကိန်း အတွက် Short List ဖြစ်သော ယခင်တင်ဒါတင်သွင်းခဲ့သည့် အဖွဲ့လေးဖွဲ့အား စီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံရာတွင် စီမံကိန်းတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းထက်မများသော ODA ချေးငွေရယူ ဆောင်ရွက်နိုင်ကြောင်းနှင့် Reviset Proposal အား ၂၂-၄-၂၀၁၄ ရက် နောက်ဆုံးထား၍ ပြန်လည်တင်ပြရန် အကြောင်းကြားခဲ့ရာ Inchon Airport Consortium နှင့် Yangnam CAPE-JGC Consortium တို့က ပြန်လည်တင်ပြခဲ့ကြောင်း၊ အဆိုပါ အဖွဲ့နှစ်ဖွဲ့၏ တင်ပြချက်အပေါ် လေ့လာသုံးသပ်ချက်အရ Yangnam CAPE-JGC Consortium ၏ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ငွေကြေးရရှိမှုစီစဉ်ပြီး ဖြစ်နိုင်ခြေရှိခြင်းနှင့် မြန်မာနိုင်ငံအစိုးရထံမှ Government Guarantee မတောင်းဆိုသည့်အတွက်ကြောင့် စီမံကိန်းဆောင်ရွက်ရန်ဖြစ်နိုင်ခြေရှိကြောင်း သုံးသပ်တွေ့ရှိရ၍ ကော်မတီမှ ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်းတည်ဆောက်ရန် အောင်မြင်သောတင်ဒါရှင်အဖြစ် Yangnam CAPE-JGC Consortium အား ရွေးချယ်ခဲ့ကြောင်း၊ ဆက်လက်၍ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် Yangnam CAPE-JGC Consortium နှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ■



အောက်တိုဘာ ၂၉ ရက်က တူရကီသမ္မတနိုင်ငံ၏ 91st Anniversary of the Proclamation of the Republic of Turkey အခမ်းအနားတက်ရောက်လာသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Murat Yavuz Ates ကကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အောင်ဘာလေသိန်းဆုဌာနခွဲ**
**အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်၊ ရန်ကုန်မြို့**
**သတင်းကြေညာချက်**
**၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၂၇ရက်**

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲသည် (၃၁၁)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် အက္ခရာလုံးရေ (၄၀)(က မှ ကဆ)အထိ ရိုက်နှိပ်ထုတ်ဝေရောင်းချခဲ့ပါသည်။

၂။ အောင်ဘာလေသိန်းဆုဌာနခွဲမှ နယ်အရောင်းစနစ်၊ ဗဟိုအရောင်းစနစ်ဖြင့် ရောင်းချခဲ့ပြီး ကျန်ရှိသော(ကဂ)မှ ထီအုပ်ရေ(၉၈၁၃)နှင့် (ကဃ မှ ကဆ)အထိ ထီအုပ်ရေ (၃၂၇၂၇၂)စုစုပေါင်း ထီအုပ်ရေ (၃၃၇၀၈၅)အား ရန်ကုန်အောင်ဘာလေ သိန်းဆုဌာနခွဲတွင် ၃-၁၁-၂၀၁၄ရက်မှ ၂၁-၁၁-၂၀၁၄ရက်နေ့အထိ ရုံးဖွင့်ရက်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၃။ ထိုသို့ရောင်းချရာတွင် နိုင်ငံသားလက်မှတ်ကိုင်ဆောင်သူတစ်ဦးလျှင် အနည်းဆုံး ထီစာအုပ်(၁)အုပ်မှ အများဆုံးအုပ်ရေ(၁၀၀)အထိ ထီစာအုပ်(၁)အုပ်လျှင် ကျပ်(၂၀၀၀ိ/-)နှုန်း ငွေသားဖြင့် ရောင်းချပေးမည်ဖြစ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့်

**အများပြည်သူသွားလာမှုအဆင်ပြေချောမွေ့စေရေး အလုပ်ရုံဆွေးနွေးပွဲ**

ပြုလုပ်မည့်နေ့ရက် - ၁-၁၁-၂၀၁၄ ရက်(စနေနေ့)
ပြုလုပ်မည့်အချိန် - နံနက် ၉း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီ
ပြုလုပ်မည့်နေရာ - UMFCCI မင်္ဂလာခန်းမ(ပထမထပ်)၊
မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။

အလုပ်ရုံဆွေးနွေးပွဲသို့ ပညာရှင်များ၊ အသင်းအဖွဲ့များနှင့် လူထုလူတန်းစားအသီးသီး တက်ရောက်နိုင်ပါသည်။ နေရာအကန့်အသတ်ရှိပါ၍ တက်ရောက်လိုသူများ ၀၁-၂၃၀၁၂၁၁ နှင့် ၀၁-၃၇၈၇၉၈ ဖုန်းနံပါတ်များသို့ ကြိုတင်စာရင်းပေးသွင်းကြပါရန် ဖိတ်ခေါ်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန**
**မြန်မာ့သစ်လုပ်ငန်း**
**ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန**
**ကချင်ပြည်နယ်-မြစ်ကြီးနားမြို့**

စက်မှုကုန်ကြမ်းသစ်လုံး/ခွဲသား အိတ်ဖွင့်လေလံကြော်ငြာအမှတ်-၀၅/၂၀၁၄-၂၀၁၅

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ ကချင်ပြည်နယ်မှ စက်မှုကုန်ကြမ်းသစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

(က) ရောင်းချမည့်ရက်နှင့်အချိန် - ၁၉-၁၁-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ
(ခ) ရောင်းချမည့်သစ်အမျိုးအစားနှင့်တန် - ပုံစံ (၈)ကွင်း(သစ်လုံး/ဒါးရွေ/ခွဲသား) (၅၃၅)တန်ခန့် အုပ်စု(၂) ကညင်သစ်လုံး (၈၄၂)တန်ခန့်
(ဂ) ရောင်းချမည့်နေရာ - မန်နေဂျာရုံး(ပြည်တွင်းရောင်း/စက်)ဌာန၊ မြစ်ကြီးနားမြို့

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်း/စက်ဌာန(ရုံးချုပ်)နှင့် မြန်မာ့သစ်လုပ်ငန်း Website ဖြစ်သော **www. myanmartimber.com.mm** တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အိတ်ဖွင့်လေလံဖွင့်လှစ်ရောင်းချရေးကော်မတီမြန်မာ့သစ်လုပ်ငန်း၊
ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့။

# THE REPUBLIC OF THE UNION OF MYANMAR
# MINISTRY OF TRANSPORT

## Announcement of Successful Tenderer for Hanthawaddy International Airport Project

1. The Department of Civil Aviation had announced Incheon Airport Consortium and Yongnam-CAPE-JGC Consortium as the successful tenderer and back up tenderer respectively for the Hanthawaddy International Airport Project on 10 August 2013.

2. Subsequently, the Tender Evaluation Committee formed by the Ministry of Transport held tender negotiations with both the successful and back up tenderers from September 2013 to August 2014 including the revised proposals submitted by both tenderers for final selection. After seeking required guidance from the concerned authorities, submitted a recommendation to the Tender Selection Committee of the Ministry of Transport.

3. The Tender Selection Committee has duly considered the recommendation of the Tender Evaluation Committee and here by announce the following consortium as the successful tenderer for the Hanthawaddy International Airport Project as follows:

| Reg. No. | Consortium Name | Consortium | Country |
|---|---|---|---|
| 001 | Yongnam-CAPE-JGC | JGC Corporation | Japan |
| | | Yongnam Holdings Limited | Singapore |
| | | Changi Airport Planners and Engineers Pte, Ltd. | Singapore |

**ပျောက်ဆုံးခြင်း**
SPRING INTERNATIONAL SERVICES CO.,LTD.၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ်-31FC/2000-2001 ရက်စွဲ (31-8-2000) ကတ်ပြားမူရင်းမှာ ၂၅-၁၀-၂၀၁၄ ရက် နံနက် ၁၀း၀၀ နာရီတွင် ပျောက်ဆုံး၍ တွေ့ရှိက ပေးပို့ပါရန်။ **Ph:203023**

**အမြန်ရောင်းမည်**
ဦးဝိစာရလမ်းနှင့် ချင်းတွင်းလမ်းထောင့်
ပင်လုံထိပ်ထား Condo(1650 Sqft)
**1sq x** ၂၂၀၀၀ိ/-ဈေး **Ph:01-541717, 09-5127605**

# အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်သည့် အခွန်စနစ်သစ်တွင် ပူးပေါင်းပါဝင်မှုသည် စနစ်သစ်အောင်မြင်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်

**ရန်ကုန် အောက်တိုဘာ ၂၉**

ထိရောက်ကောင်းမွန်သော အခွန်ကောက်ခံမှုစနစ်မရှိဘဲ မည်သည့်အစိုးရမျှ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်အရေးပါသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်မဟုတ်ကြောင်း၊ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သော အခွန်စနစ်တွင် အခွန်ထမ်းများ၏ အခန်းကဏ္ဍသည် လွန်စွာကြီးမားသည်ကို တွေ့ရှိရပါကြောင်း၊ အခွန်ထမ်းကြီးများ၏ ပူးပေါင်းပါဝင်မှုသည် စနစ်သစ်အောင်မြင်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးတွင် အခွန်ထမ်းဆောင်ရန်ရွေးချယ်ခြင်းခံကြရသည့် အခွန်ထမ်းကြီးများသည် အခွန်ထမ်းအားလုံး၏ကိုယ်စား စနစ်သစ်ကို အကောင်အထည်ဖော်မည့်သူများဖြစ်ကြပါကြောင်း၊ အခွန်ပေးဆောင်သည့်နေရာတွင် မလိုလားအပ်သော အချိန်ကြာမြင့်ခြင်း၊ ပွင့်လင်းမြင်သာမှုမရှိခြင်း၊ ယုံမှားသံသယဖြစ်ခြင်းများကို ကင်းဝေးစေပြီး ဂုဏ်သိက္ခာရှိစွာဖြင့် ပွင့်လင်းမြင်သာမှုရှိပြီး ပြည်သူအားလုံး၏ အကျိုးစီးပွားကိုဦးတည်လျက် ကိုယ်တိုင်အခွန်စည်းကြပ်နိုင်မည်ဖြစ်သော အခွန်စနစ်သစ်အောင်မြင်စေရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း အောက်တိုဘာ ၂၈ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ပြုလုပ်သည့် အခွန်မူဝါဒနှင့် အခွန်စီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲရေးအစီအစဉ်အရ ဖွဲ့စည်းတည်ထောင်ထားသော အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၌ အခွန်ထမ်းအဖြစ်ရွေးချယ်ခံရသူ အခွန်ထမ်းကြီးများနှင့် တွေ့ဆုံရှင်းလင်းပွဲအခမ်းအနားတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်က အခွန်ထမ်းကြီးများ ရွေးချယ်ခဲ့မှု၊ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်၏အားသာချက်များ၊ အကျိုးရလဒ်များ၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးအား ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုတို့အား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး ဒေါ်မြမြဦးက အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်တွင် အခွန်ထမ်းများ၏တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၏လုပ်ငန်းတာဝန်များ၊ ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့သည်။

ပြုပြင်ပြောင်းလဲရေး ပထမခြေလှမ်းအဖြစ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးကို ၂၀၁၄ ခုနှစ် ဧပြီလတွင် စတင်ဖွဲ့စည်းခဲ့သည်။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးတွင် အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်သော အခွန်စနစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ ဆောင်ရွက်ရာမှာလည်း နိုင်ငံတကာအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များ၏ ဝိုင်းဝန်းကူညီမှုနှင့် စနစ်တကျလေ့ကျင့်ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

**(ကြေးမုံ)**

## ဒိုက်ဦးမြို့နယ် ပညာရေးစံပြငွေစုငွေချေးနှင့် သမစည်းဝေး

**ဒိုက်ဦး အောက်တိုဘာ ၂၉**

ဒိုက်ဦးမြို့နယ် ပညာရေးစံပြငွေစုငွေချေးသမအသင်းနှင့် G.E.C သမအသင်းတို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးကို ဒိုက်ဦးမြို့နယ် အထက(၁)၌ အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီတွင်ကျင်းပရာ မြို့နယ်ပညာရေးမှူးဒေါ်ခင်နွဲ့ရည်၊ မြို့နယ်သမဝါယမဦးစီးအရာရှိဒေါ်စန်းဝင်းနှင့် အသင်းသား အသင်းသူ ဆရာ ဆရာမများ တက်ရောက်ကြပြီး မြို့နယ်ပညာရေးမှူးနှင့် သမဝါယမဦးစီးအရာရှိတို့က ငွေစုငွေချေးလုပ်ငန်းနှင့်ပတ်သက်၍ပြောကြားခဲ့ကြောင်း သိရသည်။ **ကျော်ကျော်**(IPRD)



# တီဘီရောဂါတိုက်ဖျက်ရေး ကွင်းဆင်းစစ်ဆေးပညာပေး

**နေပြည်တော် အောက်တိုဘာ ၂၉**

ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားတီဘီတိုက်ဖျက်ရေးစီမံကိန်းနှင့် Global Fund တို့က ပူးပေါင်းဆောင်ရွက်သော တီဘီလူနာကွင်းဆင်းရှာဖွေရေး လှုပ်ရှားမှုအစီအစဉ်ကို နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်တွင် ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

နေပြည်တော် ကောင်စီနယ်မြေ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှလှကြည်နှင့် ပျဉ်းမနားမြို့နယ် တီဘီတိုက်ဖျက်ရေးအဖွဲ့၊ ဇေယျာသီရိမြို့နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာသီတာဝင်းနှင့် ကျန်းမာရေးဝန်ထမ်းအင်အား ၂၀ ပါဝင်သော တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့သည် ဇေယျာသီရိမြို့နယ်အတွင်း ပြည်စုံအောင်၊ ခေတ်အေး၊ နန်းသြ အစရှိသော ကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာပေါင်း ၁၇ ရွာမှ ဒေသခံပြည်သူများကို တီဘီရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ တီဘီရောဂါရှာဖွေရေးအတွက် သလိပ်စစ်ဆေးခြင်း၊ ဓာတ်မှန်ရိုက်စစ်ဆေးခြင်းများကိုပြုလုပ်၍ ရောဂါတွေ့ရှိသူများအား ရောဂါပျောက်ကင်းသည်အထိ အခမဲ့ကုသနိုင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

တီဘီရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးဟောပြောပွဲသို့ ဒေသခံ ၁၀၄ ဦး တက်ရောက်ခဲ့ကြပြီး အဆိုပါဒေသခံများကို တီဘီရောဂါရှာဖွေစစ်ဆေးပေးခဲ့သည်။ ဇေယျာသီရိမြို့နယ်အတွင်း ကျန်ရှိနေသေးသော ကျေးရွာများသို့လည်း ဆက်လက်၍ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - ကိုကိုနေ**
**ဓာတ်ပုံ - အောင်ကျော်ဝင်း**



## အာမခံအလုပ်သမားတစ်သောင်းခန့်အား ခံစားခွင့်သန်း ၉၀ ခန့် လစဉ်ထုတ်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၉**

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစုအား ငွေကြေးအကျိုးခံစားခွင့် ထုတ်ပေးခြင်းနှင့် အာမခံအလုပ်သမားများ ပြင်ပမှဆေးဝါးဝယ်ယူကုန်ကျစရိတ်များကို ဥပဒေနှင့်အညီ ပြန်လည်ပေးအပ်သည့် အခမ်းအနားဖြစ်ကြောင်း၊ ယခင်ဥပဒေအရ အလုပ်တွင်ထိခိုက်ဒဏ်ရာရမှုနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်များကို လစဉ်ပင်စင်အဖြစ်သာ ခွင့်ပြုထုတ်ပေးခဲ့ရာမှ ယခုဥပဒေအသစ်တွင် အာမခံအလုပ်သမားနှင့် မိသားစုအတွက် ပိုမိုထိရောက်မှုရှိစေရန် ငွေလုံးငွေရင်းအကျိုးခံစားခွင့်များကို အချိန်တိုအတွင်း အာမခံအလုပ်သမားမိသားစု လက်ဝယ်သို့ အမြန်ဆုံးရရှိနိုင်ရေး ဆောင်ရွက်ပြီး ခွင့်ပြုထုတ်ပေးနေပြီဖြစ်ပါကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက အောက်တိုဘာ ၂၇ ရက်တွင် ပခုက္ကူမြို့၌ ပြုလုပ်သည့် အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစုအား ငွေကြေးအကျိုးခံစားခွင့်များထုတ်ပေးခြင်း အခမ်းအနား၌ ပြောကြားသည်။

လူမှုဖူလုံရေးစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် အညီအာမခံထားသူများ မကျန်းမာမှု၊ မီးဖွားမှု၊ သေဆုံးမှု၊ အသက်အရွယ်ကြီးရင့်မှု၊ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုစသည့် လူမှုဒုက္ခများကြုံတွေ့လာသောအခါ အခမဲ့ဆေးကုသမှုပေးခြင်းနှင့်ငွေကြေးထောက်ပံ့မှုပေးနိုင်ခြင်းကြောင့် အာမခံအလုပ်သမားနှင့် မိသားစုကိုလူမှုရေးအရဖြစ်စေ၊ စီးပွားရေးအရဖြစ်စေ အခက်အခဲမရှိစေရေးဆောင်ရွက်ပေးနေသော စီမံကိန်းတစ်ခုဖြစ်သည်။ နိုင်ငံတကာမှာလည်း လူမှုအကာအကွယ်ပေးရေးလုပ်ငန်း (Social Protection) ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပြီး နိုင်ငံတိုင်းသည် လူမှုဖူလုံရေးစီမံကိန်းကို အခြေခံကျင့်သုံး၍ ဆောင်ရွက်လျက်ရှိသည်။

လစဉ်အာမခံအလုပ်သမား ၁၀၀၀၀ ကျော်ခန့်အားငွေကြေးအကျိုးခံစားခွင့် ကျပ်သန်း ၉၀ ခန့်နှင့်ဆေးဖိုးပြန်အမ်းငွေအဖြစ် ကျပ် ၂၈ သန်းခန့်တို့ကို ထုတ်ပေးလျက်ရှိကြောင်း အမှတ်(၇)ထွန်စက်စခန်း၊ စက်မှုလယ်ယာ ဦးစီးဌာနမှ အာမခံအလုပ်သမား ဦးဘိုသန်း၏ ကျန်ရစ်သူမိသားစုကို ၁၁၅၄၄၀ ကျပ်၊ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ၃၁၂၀၀၀၀ ကျပ်ကို ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးဟိန်းနှင့်ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**



## ဂျပန်-မြန်မာ ချစ်ကြည်ရေးကျောင်းဆောင်သစ်ဖွင့်လှစ်

**ပဲခူး အောက်တိုဘာ ၂၉**

ပဲခူးမြို့၊ ဇိုင်းဂနိုင်း မြောက်ပိုင်းရပ်ကွက် ရွှေတောင်ပရိယတ္တိစာသင်တိုက်တွင် ဂျပန်သံရုံးမှ ဆောက်လုပ်လှူဒါန်းသော အမှတ်(၁) ဘုန်းတော်ကြီးသင်အခြေခံပညာ မူလတန်းလွန်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါကျောင်းတွင် ကျင်းပသည်။

ကျောင်းဆောင်သစ်ကို ကျောင်းအုပ်ဆရာတော် ဦးဝိလာသ (မဟာသဒ္ဓမ္မဇောတိကဓဇ)၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန် Mr. Taro Watanaber တို့က တက်ရောက်ပြီးဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

အဆိုပါ ကျောင်းဆောင်သစ်ကို စုစုပေါင်း ကာလတန်ဖိုးငွေကျပ်သိန်း ၉၀၀ ကျော် ကုန်ကျခံကာ ဂျပန်နိုင်ငံသံရုံးမှ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်း ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ် ဒါဇင် ၁၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**(၀၇၅)**

## မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒီရေတောသစ်ပင်မျိုးစုံစိုက်ပျိုး

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၉**

မော်လမြိုင်ကျွန်းမြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်သောအားဖြင့် ဒီရေတောသစ်ပင်မျိုးစုံပြုစုပျိုးထောင်စိုက်ပျိုးခြင်းကို မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးဦးကျော်ညွန့်နှင့် သစ်တောဦးစီးဌာနဝန်ထမ်းများသည် ကျွန်းချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်းပြီး ကျွန်းချောင်းကျေးရွာအုပ်စု ဂုံမင်းမြစ်တန်းကျေးရွာတွင် ဒီရေတောသစ်ပင်မျိုးစုံပြုစုပျိုးထောင်စိုက်ပျိုးခဲ့ကြသည်။

သဘာဝဘေးကြိုတင်ကာကွယ်ရေးအဖြစ် ပြုစုပျိုးထောင်စိုက်ပျိုးကြသော ဒီရေတောသစ်ပင်များမှာ လမုပင်၊ ဗျိုက်ပင်နှင့် ကန့်ကလာပင် စုစုပေါင်း သစ်ပင်မျိုးစုံ၁၀၀၀ စိုက်ပျိုးခဲ့ကြရာ အောက်တိုဘာ ၂၇ ရက် အထိစိုက်ပျိုးပြီး ဒီရေတောသစ်ပင်မျိုးစုံတို့မှာ အပင်အမြင့် ခြောက်ပေကျော်အထိ ရှင်သန်ကြီးထွားလျက်ရှိပြီး မှိုင်းမှိုင်းညို့ညို့လေကာတောများ အဖြစ်ရှိနေပြီဖြစ်သည်။

ယခုကဲ့သို့ ဂုံမင်းမြစ်တန်းကျေးရွာတွင် ဒီရေတောသစ်ပင်စိုက်ပျိုးခဲ့ကြသည့်အတွက် သဘာဝဘေးကြိုတင်ကာကွယ်ရေးအဖြစ် ရေကာတော၊လေကာတောများအဖြစ် အသုံးဝင်ခြင်း၊ ကမ်းပါးပြိုခြင်းမှ ထိန်းသိမ်းကာကွယ်နိုင်ခြင်းနှင့် ရေငန်များစိမ့်ဝင်မှုမှ ကာကွယ်တားဆီးပေးနိုင်ပါကြောင်း မြို့နယ်သစ်တောဦးစီးမှူးဦးကျော်ညွန့်က ပြောသည်။

**(မော်ကျွန်း-မြင့်အောင်)**

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

မြဝတီဘဏ်လီမိတက်နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော
Customer များ၏အကျိုးကို ရှေးရှုလျက်
အတိုးနှုန်းစဉ်ရရှိနေသည့် ခေါ်ယူအပ်ငွေစာရင်း (Call Deposit)အား
မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ခွင့်ပြုချက်ဖြင့်
(၉. ၁၀. ၂၀၁၄)ရက်နေ့မှ စတင်၍
စာရင်းဖွင့်လှစ်ဆောင်ရွက်ပေးနေပြီ ဖြစ်ပါကြောင်း
သတင်းကောင်းပါးအပ်ပါသည်။

စိတ်ချရတဲ့ မြဝတီဘဏ်

# အီတလီစီးရီးအေရင်ခုန်သံ – ၁၀

## ရှိုင်းမင်းမင်း

အီတလီစီးရီးအေပွဲစဉ် (၈)မှာ ဂျူဗင်တပ်ကနိုင်ပွဲရပြီး ရိုးမားက ဆမ်ဒိုးရီးယားနဲ့သရေကျတယ်။ ဒါကြောင့်အမှတ်ကွာဟမှုပိုများသွားပြီး ယခုကျင်းပမယ့်ပွဲစဉ်မတိုင်ခင်မှာလည်း ကြားရက်မှာ ပွဲစဉ်(၉)ကို ကစားခဲ့ရမှာဆိုတော့ ရိုးမားအနေနဲ့ ပွဲပန်းမှုကြားကနေ နာပိုလီကိုဖိအားပေးနိုင်မလားဆိုတာ စောင့်ကြည့်ရမယ်။

**နာပိုလီ - ရိုးမား ည ၈း၃၀ (၁-၁၁-၁၄)**

ရိုးမားဟာ အဝေးကွင်းပွဲစဉ်တွေမှာ ရလဒ်ကောင်းမွန်ဖို့ ရုန်းကန်လာရပြီး ခြေအနည်းငယ်ကျလာတယ်။ နာပိုလီကခြေမမှန်ဘူးဆိုပေမယ့် အခုနောက်ပိုင်း တိုက်စစ်ကဂိုးသွင်းခြေကောင်းနေတယ်။ အထူးသဖြင့် ရိုးမားဟာ ချန်ပီယံလိဂ်မှာ ရလဒ်မကောင်းလို့ ချန်ပီယံလိဂ်ဘက် အာရုံပိုပြီးရောက်နိုင်တာကို သတိပြုရမယ်။

**အမ်ပိုလီ - ဂျူဗင်တပ် ည ၁၁း၃၀ (၁-၁၁-၁၄)**

အမ်ပိုလီကခြေသာမန်ထက်မပိုဘူး။ ရှစ်ပွဲမှာ သုံးပွဲသာရှုံးတယ်ဆိုပေမယ့် တစ်ပွဲသာနိုင်တယ်။ အိမ်ကွင်းဖြစ်ပေမယ့် တိုက်စစ်ကဂိုးသွင်းခြေတည်ငြိမ်မှုမရှိဘူး။ ဂျူဗင်တပ်ကတော့ ချန်ပီယံလိဂ်ရှိပေမယ့် ခြေကောင်းနေသလို နာပိုလီနဲ့ ရိုးမားဆုံတွေ့နေချိန်မှာလည်း ဒီပွဲကိုအမှားခံမှာမဟုတ်တာ သေချာနေတယ်။

**ပါးမား - အင်တာ နံနက် ၂း၁၅ (၂-၁၁-၁၄)**

ပါးမားခြေအားနည်းလွန်းပါတယ်။ အမှတ်ပေးဇယားအောက်ဆုံးရောက်နေပြီး ရှစ်ပွဲကစားပြီးချိန်မှာ ခုနစ်ပွဲတိတိအရေးနိမ့်ထားတယ်။ အထူးသဖြင့် ခံစစ်ပိုင်းကအမှားများလွန်းနေတယ်။ အင်တာက ဥရောပပွဲကစားဖို့ရှိပေမယ့် အမှတ်လိုအပ်နေတာကြောင့် အားစိုက်ကစားသွားမှာကို သတိပြုရမယ်။

**အေစီမီလန် - ပါလာမို နံနက် ၂း၁၅ (၃-၁၁-၁၄)**

ပါလာမိုက ခြေစွမ်းပိုင်းအားနည်းမှုတွေရှိတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ လေးပွဲတိတိအနိုင်မရဘူး။ အထူးသဖြင့် တိုက်စစ်က ပုံမှန်ဂိုးသွင်းခြေမရှိဘူး။ အဝေးကွင်းမှာဆိုရင် အခုအထိနိုင်ပွဲမရသေးဘူး။ အေစီမီလန်ကတော့ အခုနောက်ပိုင်းကစားပုံကောင်းမွန်နေပြီး အိမ်ကွင်းအားလည်းရှိနေတာကို ချင့်ချိန်သတိပြုရမယ်။

**လာဇီယို - ကယ်ဂလီယာရီ နံနက် ၂း၃၀ (၄-၁၁-၁၄)**

လာဇီယိုရဲ့ကစားပုံကောင်းမွန်လာတာကို တွေ့ရတယ်။ နောက်ဆုံးကစားခဲ့တဲ့ လေးပွဲဆက်တိုက် အနိုင်ရခဲ့တယ်။ တိုက်စစ်ကလည်း အဆုံးသတ်အား ကောင်းမွန်လာတာကို တွေ့ရတယ်။ အိမ်ကွင်းမှာဆိုရင် ကစားပုံပိုကောင်းတတ်တယ်။ ကယ်ဂလီယာရီကတော့ ခံစစ်ပိုင်းအားနည်းမှုအချို့ရှိနေတာနဲ့ ချင့်ချိန်ရမယ်။

# ကော်စတာနှင့် ရာမီရက်စ် ကျူပီအာနှင့် ပွဲစဉ်တွင် ပါဝင်လာမည်



ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာနှင့် ကွင်းလယ်ကစားသမား ရာမီရက်စ်တို့နှစ်ဦးသည် ဒဏ်ရာမှ ပြန်လည်သက်သာလာပြီဖြစ်သောကြောင့် နိုဝင်ဘာ ၁ ရက်တွင် ကျူပီအာအသင်းနှင့်ကစားမည့်ပွဲစဉ်တွင် ချယ်လ်ဆီးအသင်းနှင့်အတူ ပြန်လည်ပွဲထွက်လာမည်ဖြစ်သည်။

တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် တံကောက်ကြောဒဏ်ရာရရှိခဲ့ခြင်းကြောင့် ချယ်လ်ဆီးအသင်းနောက်ဆုံးကစားခဲ့သည့် ပွဲစဉ်လေးခုတွင် လွဲချော်ခဲ့ပြီး ကွင်းလယ်ကစားသမားရာမီရက်စ်နှင့်အတူ အနောက်လန်ဒန်ဒါဘီပွဲစဉ်တွင် ပြန်လည်ပါဝင်လာတော့မည်ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့ကာနည်းပြမော်ရင်ဟိုအတွက် ဂုဏ်တက်စရာဖြစ်ခဲ့သည်။ စာချုပ်ချုပ်ဆိုခဲ့သည့် ကစားသမားများထဲတွင် ဒီယေဂိုကော်စတာသည် လက်ရှိအချိန်အထိ ချယ်လ်ဆီးအသင်းအတွက် ခုနစ်ပွဲကစားပေးပြီးနောက် ကိုးဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ [ငွေကြယ်]

# လိဂ်ဝမ်းနှင့် လိဂ်တူး နည်းပြများ၏ တစ်နှစ်ဝင်ငွေ နည်းပြမော်ရင်ဟိုထက် ပေါင် ၈ သန်းလျော့နည်းနေ

လိဂ်ဝမ်း၊ လိဂ်တူးနှင့် ပရီမီယာလိဂ်တို့မှ နည်းပြများ၏ တစ်နှစ်ဝင်ငွေနှင့် ပတ်သက်၍ လိဂ်နည်းပြများအဖွဲ့အစည်းကထုတ်ပြန်ချက်အသစ်တွင် လိဂ်သုံးလိဂ်မှ နည်းပြများ၏ တစ်နှစ်လုပ်ခလစာနှင့် ကြီးမားစွာကွာဟနေကြောင်း ဖော်ပြထားသည်။

ပရီမီယာလိဂ် နည်းပြများသည် တစ်နှစ်လျှင် ပျမ်းမျှဝင်ငွေ ပေါင်သုံးသန်းရရှိနေပြီး ၎င်းတို့အနက် ချယ်လ်ဆီးနည်းပြမော်ရင်ဟိုသည် တစ်နှစ်လျှင် ပေါင် ၈ ဒသမ ၃၇ သန်းရရှိလျက်ရှိရာ ပရီမီယာလိဂ်နည်းပြများထဲတွင် ဝင်ငွေအများဆုံးနည်းပြတစ်ဦးအဖြစ် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည်။

လိဂ်တူးကလပ်အသင်းများမှ နည်းပြများ၏ တစ်နှစ်ဝင်ငွေသည် ပျမ်းမျှအားဖြင့် ပေါင် ၅၀၀၀၀ သာလျှင်ရရှိနေပြီး လိဂ်ဝမ်းကလပ်အသင်းများမှ နည်းပြများ၏ ဝင်ငွေသည် တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် ပေါင် ၇၅၀၀၀ သာ ရရှိနေသည်။ ထို့ကြောင့် လိဂ်ဝမ်းနှင့် လိဂ်တူးတို့မှ နည်းပြများ၏ ဝင်ငွေသည် ပရီမီယာလိဂ်နည်းပြမော်ရင်ဟို၏ ပျမ်းမျှဝင်ငွေထက် ပေါင်ရှစ်သန်းလျော့နည်းနေကြောင်း သိရသည်။

ပရီမီယာလိဂ်နည်းပြများ၏ တစ်နှစ်ဝင်ငွေကိုကြည့်မည်ဆိုပါက မန်ယူနည်းပြ ဗန်ဟားလ်သည် ပေါင် ခုနစ်သန်း၊ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် ပေါင် ၆ ဒသမ ၈၉ သန်း၊ မန်စီးတီးနည်းပြ ပယ်လီဂရီနီသည် ပေါင် ၃ ဒသမ ၄၇ သန်း၊ လီဗာပူးနည်းပြ ဘရန်ဒန်ရော့ဂျာသည် ပေါင် ၃ ဒသမ ၂၅ သန်း စသည်ဖြင့် အသီးသီး ရရှိနေကြောင်း သိရသည်။ [နိုင်လင်းကြည်]

# ပထမအကြိမ် အာရှဖိတ်ခေါ် ခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂၉**

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ပထမအကြိမ် အာရှဖိတ်ခေါ် ခြင်းလုံးခတ်ပြိုင်ပွဲ 1st Asian Chinlone Championship 2014 ကို နိုဝင်ဘာ ၃ ရက်မှ ၅ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ရာ မြန်မာနိုင်ငံတစ်ဝန်းရှိ ခြင်းလုံးအားကစားသမားများနှင့်ဝါသနာရှင်များ အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ (မောင်မောင်ဇော်)

MTSH Myanmar Thilawa SEZ Holdings Public Limited

11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1-2301771, 2301777

ပထမအကြိမ် နှစ်ပတ်လည်အထွေထွေ အစည်းအဝေး

ကျင်းပမည့်အစီအစဉ်နှင့် ပတ်သက်၍ နှိုးဆော်အသိပေးခြင်း

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၂၈)ရက်

၁။ မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက် (MTSH)၏ ပထမအကြိမ် နှစ်ပတ်လည်အထွေထွေ အစည်းအဝေး (1st Annual General Meeting)ကို ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏအမျိုးသားအားကစားကွင်း ပြိုင်ပွဲရုံ(၁)တွင် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ(၁)ရက် (စနေနေ့) နံနက် (၁၀း၀၀)နာရီ၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အစုရှယ်ယာရှင် တစ်ဦးချင်းထံသို့ မှတ်ပုံတင်ချောဖြင့် အကြောင်းကြားပြီးဖြစ်သည့်အပြင် အောက်တိုဘာလ(၁၆)ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင်လည်း ကြော်ငြာထည့်သွင်း အသိပေးကြေညာပြီးဖြစ်ပါသည်။

၂။ နှစ်ပတ်လည်အထွေထွေ အစည်းအဝေးသို့ တက်ရောက်မည့် အစုရှယ်ယာရှင် အရေအတွက်များပြားမည် ဖြစ်ပါသဖြင့် အစည်းအဝေးအချိန်မီ စတင်နိုင်ရန် အစည်းအဝေးတက်ရောက်သူအမည်စာရင်း မှတ်ပုံတင်ခြင်းကို နံနက်(၈း၀၀)နာရီမှ စတင်၍ ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းနှင့် အစုရှယ်ယာရှင်များအနေဖြင့် Member ID၊ QR Code ပါရှိသော ဖိတ်ကြားစာနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)တို့အား တစ်ပါတည်းယူဆောင်၍ အစည်းအဝေးတက်ရောက် ဆောင်ရွက်ပေးပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော် အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက်

# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုအတွက် အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်အစီအစဉ်အသိပေးကြေညာခြင်း

၁။ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုအတွက် လျှောက်လွှာများလက်ခံခဲ့ရာ ဘွဲ့ကြိုတန်းအတွက် ကျား(၂၃၆)ဦး၊ မ (၄၂၂)ဦး စုစုပေါင်း (၆၅၈)ဦး၊ မဟာတန်းအတွက် ကျား(၃၂၀)ဦး၊ မ (၁၅၂၈)ဦး စုစုပေါင်း (၁၈၄၈)ဦး၊ ပါရဂူတန်းအတွက် ကျား(၃၁၀)ဦး၊ မ (၂၀၆၆)ဦး စုစုပေါင်း(၂၃၇၆)ဦး လျှောက်ထားခဲ့သဖြင့် လျှောက်ထားသူဦးရေ စုစုပေါင်း ကျား (၈၆၆)ဦး၊ မ (၄၀၁၆)ဦး စုစုပေါင်း(၄၈၈၂)ဦး ဖြစ်ပါသည်။

၂။ လျှောက်ထားသူအားလုံးသည် လျှောက်ထားစဉ်က ဖော်ပြထားသော ဆက်သွယ်ရန်လိပ်စာကို အခြေခံ၍ အောက်ဖော်ပြပါမြို့ကြီးများ၌ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်မှ ၁၂ ရက်အတွင်း နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပါသည်-

| စဉ် | စာစစ်ဌာန | ဆက်သွယ်ရန်လိပ်စာပါ တိုင်းဒေသကြီး/ပြည်နယ် |
|---|---|---|
| ၁။ | ရန်ကုန် | ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ် |
| ၂။ | မန္တလေး | နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ် |
| ၃။ | မကွေး | မကွေးတိုင်းဒေသကြီး |
| ၄။ | မုံရွာ | စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ် |
| ၅။ | တောင်ကြီး | ရှမ်းပြည်နယ်၊ ကယားပြည်နယ် |
| ၆။ | မော်လမြိုင် | မွန်ပြည်နယ်၊ ကရင်ပြည်နယ် |

**မှတ်ချက်။** သတ်မှတ်ထားသော စာစစ်ဌာနများတွင် ဖြေဆိုရန်အခက်အခဲရှိပါက အမည်၊ အဖအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ မွေးသက္ကရာဇ်၊ မူလစာစစ်ဌာန၊ ပြောင်းလဲဖြေဆိုလိုသော စာစစ်ဌာနတို့ကို ဖော်ပြလျက် **eiei.mon @ mm.britishcouncil.org** သို့ ၇-၁၁-၂၀၁၄ ရက်နောက်ဆုံးထား၍ ဆက်သွယ်အကြောင်းကြားနိုင်သည်။

၃။ အဆိုပါ အရည်အချင်းစစ်စာမေးပွဲအတွက် ဗြိတိသျှကောင်စီ၏ Global English Assessment Tool တစ်ခုဖြစ်သော ကွန်ပျူတာအသုံးပြု၍ ဖြေဆိုရသည့် Aptis Test ကို အသုံးပြုစစ်ဆေးမည်ဖြစ်ပါသည်။

၄။ Aptis Test တွင် အပိုင်း(၅)ပိုင်းပါဝင်ပြီး ဖြေဆိုရန်ကြာမြင့်မည့်အချိန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**Computer-based Aptis Test**

| Component | Duration |
|---|---|
| Grammar and Vocabulary | 25 minutes |
| Reading | 30 minutes |
| Listening | 50 minutes |
| Writing | 50 minutes (Extra: 30 minutes) |
| Speaking | 12 minutes |

**မှတ်ချက်။** Aptis Test နမူနာနှင့် အသေးစိတ်အချက်အလက်များကို **www.britishcouncil.org/Aptis** တွင် လေ့လာနိုင်ပါသည်။

၅။ အဆိုပါ Aptis Test မေးခွန်းနမူနာနှင့် ဖြေဆိုနည်းလမ်းညွှန် (Aptis Test Familiarization) ကို MRTV, MRTV-4 နှင့် Sky Net ရုပ်မြင် သံကြားတို့မှလည်းကောင်း၊ နိုင်ငံပိုင်နေ့စဉ်ထုတ် သတင်းစာများတွင်လည်းကောင်း ထုတ်လွှင့်ဖော်ပြပေးမည်ဖြစ်ပြီး ထုတ်လွှင့်ဖော်ပြမည့်နေ့ရက်များကို ဆက်လက်သတင်းထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၆။ Aptis Test ဖြေဆိုမည့်နေ့တွင် စတင်ဖြေဆိုမည့် သတ်မှတ်ချိန်မတိုင်မီ (၁)နာရီကြိုတင်ပြီး ကွန်ပျူတာအသုံးပြု၍ ဖြေဆိုနည်းကို ထပ်မံလမ်းညွှန်ပို့ချပေးမည်ဖြစ်ပါသည်။

၇။ ဖြေဆိုမည့်သူများ၏ အမည်စာရင်း၊ ခုံအမှတ်၊ စာဖြေဌာန၊ ဖြေဆိုရမည့်ရက်စွဲနှင့် အချိန်တို့ကို ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်နေ့စဉ်ထုတ် သတင်းစာများတွင် ဆက်လက်ကြေညာပေးမည်ဖြစ်ပါသည်။

၈။ နယ်ခရီးစရိတ်ရှိက တင်ပြတောင်းခံနိုင်ပါသည်။

၉။ Aptis Test ဖြေဆိုသူများအနက်မှ သတ်မှတ်အရည်အချင်းပြည့်မီသူများကို စိတ်စွမ်းရည်စစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းများ ဆက်လက်ပြုလုပ်ရွေးချယ်ကာ နိုင်ငံခြားတက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားစဉ်ကာလအတွင်း အရည်အချင်းမြှင့်သင်တန်းများ ပို့ချမည်ဖြစ်ပါသည်။

၁၀။ ထပ်မံလိုအပ်သော အသိပေးကြေညာချက်များကို ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်နေ့စဉ်ထုတ်သတင်းစာများတွင် ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

# လျှပ်စစ်ဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

### အခန်း(၅)
### လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်

၁၁။ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုကို ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသူသည် ခွင့်ပြုမိန့်ရရှိရန် ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၂။ ပြည်ထောင်စုကစီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်းများဖြစ်ပါက ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူ ဝန်ကြီးဌာနသည် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသည့်မည်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်။

၁၃။ ပြည်ထောင်စုကစီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကစီမံခန့်ခွဲခွင့်ရှိသည့်အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းဖြစ်ပါက ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသည့်မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်။

၁၄။ ခွင့်ပြုမိန့်ရရှိသူသည် မဟာဓာတ်အားလိုင်းစနစ်သို့ လျှပ်စစ်ဓာတ်အားရောင်းချလိုပါက ဝန်ကြီးဌာနသို့လျှောက်ထားရမည်။ ဝန်ကြီးဌာနသည် ယင်းလျှောက်ထားချက်ကိုစိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၅။ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် မိမိဒေသအတွင်းရှိ မြို့နှင့် ကျေးရွာများအတွက် လျှပ်စစ်ဆိုင်ရာလုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသည့်မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီးတည်ဆဲဥပဒေများနှင့်အညီ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်။

၁၆။ ခွင့်ပြုမိန့် ထုတ်ပေးနိုင်သူသည် -

(က) ပုဒ်မ ၁၁ အရ လျှောက်ထားချက်များကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ခွင့်ပြုမိန့်ထုတ်ပေးရန်စိစစ်ရာတွင် ပွင့်လင်းမြင်သာမှုနှင့်တရားမျှတမှုတို့ကို အခြေခံပြီး လျှပ်စစ်ဆိုင်ရာလုပ်ငန်း၏ယှဉ်ပြိုင်နိုင်စွမ်းရှိမှုနှင့်ရေရှည်တည်တံ့စွာဆောင်ရွက်နိုင်မှုတို့ကို အခြေခံစိစစ်ရမည်။ လုပ်ငန်းဆောင်ရွက်ရန် ငြင်းပယ်ပါက ငြင်းပယ်ကြောင်း လျှောက်ထားသူအား ပြန်ကြားရမည်။

၁၇။ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူက ခွင့်ပြုမိန့်ထုတ်ပေးရာတွင် လုပ်ကိုင်ခွင့်သက်တမ်းသတ်မှတ်ခြင်းနှင့် သက်တမ်းတိုးမြှင့်ခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ရမည်။

၁၈။ ခွင့်ပြုမိန့်ရရှိသူသည် စစ်ဆေးရေးမှူးချုပ်ထံမှ လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ရရှိမှသာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်ခွင့်ရှိသည်။

၁၉။ (က) ခွင့်ပြုမိန့်ရရှိသူသည် ခွင့်ပြုမိန့်ပါလုပ်ငန်းကို အခြားအဖွဲ့အစည်းများနှင့်ပူးတွဲဆောင်ရွက်ခြင်း၊ အခြားအဖွဲ့အစည်းများသို့လုပ်ငန်းလွှဲပြောင်းခြင်း၊ ခွင့်ပြုမိန့်ပါလုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကိုပြုလုပ်လိုပါက ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ (က)အရလျှောက်ထားချက်ရရှိသည့်အခါ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူသည် စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၀။ ခွင့်ပြုမိန့်ရရှိသူသည်ခွင့်ပြုမိန့်ပါ လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနက ထုတ်ပြန်သောနည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

၂၁။ (က) ခွင့်ပြုမိန့်ရရှိသူသည် ဤဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့်သော်လည်းကောင်း၊ သတ်မှတ်ထားသည့် အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့်သော်လည်းကောင်း လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်းတစ်ခုခုကို ထိခိုက်နစ်နာဆုံးရှုံးမှုဖြစ်ပွားစေပါက ဥပဒေအရ တာဝန်ရှိစေရမည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနသည် ပုဒ်မခွဲ(က)ပါ ကိစ္စရပ်များအတွက် အရေးယူရန် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို တိကျစွာ သတ်မှတ်ပြဋ္ဌာန်းရမည်။

၂၂။ (က) ခွင့်ပြုမိန့်ရရှိသူသည် မိမိ၏ပေါ့ဆစွာ ဆောင်ရွက်မှုကြောင့် လူပုဂ္ဂိုလ် တစ်ဦးဦး သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်းတစ်ခုခုကို ထိခိုက်နစ်နာဆုံးရှုံးမှု ဖြစ်ပွားစေပါက ဥပဒေအရ တာဝန်ရှိစေရမည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများတွင် တိကျစွာ ဖော်ပြသတ်မှတ်ရမည်။

၂၃။ (က) ခွင့်ပြုမိန့်ရရှိသူများ ဆောင်ရွက်နေသော လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ရပ်ရပ်တွင်သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ အပါအဝင် မလွန်ဆန်နိုင်သောဖြစ်ရပ်တစ်ခုခုကြောင့် လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်းတစ်ခုခုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးမှုများဖြစ်ပွားစေပါက ဥပဒေအရ တာဝန်မရှိစေရ။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများနှင့် သက်ဆိုင်သည့်မလွန်ဆန်နိုင်သောဖြစ်ရပ်များကို နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများတွင် တိကျစွာဖော်ပြသတ်မှတ်ရမည်။

၂၄။ လျှပ်စစ်ဓာတ်အားသုံးစွဲသူ တစ်ဦးဦး၏ ပေါ့ဆမှုကြောင့် အခြားသော လျှပ်စစ်ဓာတ်အားသုံးစွဲသူကိုဖြစ်စေ၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ရပ်ရပ်ကိုဖြစ်စေ နစ်နာပျက်စီးဆုံးရှုံးစေပါက ထိခိုက်ဆုံးရှုံးသည့် တန်ဖိုးအတွက် ဝန်ကြီးဌာနက သတ်မှတ်သည့်နည်းလမ်းအတိုင်း တွက်ချက်ထားသည့် နစ်နာကြေးကို ပေးလျော်ရမည်။

၂၅။ ခွင့်ပြုမိန့်ရရှိသူသည် လုပ်ကိုင်ခွင့်ကာလ ကုန်ဆုံးချိန်တွင် ပြန်လည်လွှဲပြောင်းပေးရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ မူလအခြေအနေအတိုင်းသော်လည်းကောင်း၊ ခွင့်ပြုမိန့်ရရှိစဉ်က စည်းကမ်းချက်များအရ သော်လည်းကောင်း သဘောတူညီထားသည့်အတိုင်း သက်ဆိုင်ရာသို့ လွှဲပြောင်းပေးရမည်။

၂၆။ ခွင့်ပြုမိန့်ရရှိသူသည် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) လျှပ်စစ်ဓာတ်အား စူးစမ်းရှာဖွေခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းများတွင်-

(၁) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၌ လျှပ်စစ်ဆိုင်ရာ လုပ်ကိုင်ခွင့်အမိန့်အရ သတ်မှတ်ထားသည့် လျှပ်စစ်စွမ်းအားကိုသာ ထုတ်လုပ်ရမည်၊

(၂) လျှပ်စစ်ဓာတ်အား တိုင်းတာရေးပစ္စည်းကိရိယာများ၊ အကာအကွယ်ပြုပစ္စည်းကိရိယာများကို သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ တပ်ဆင်ထိန်းသိမ်း အသုံးပြုရမည်။

၂၇။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ လျှပ်စစ်အန္တရာယ် မတော်တဆဖြစ်ပေါ်ခဲ့လျှင် ခွင့်ပြုမိန့်ရရှိသူနှင့် လျှပ်စစ်ဆိုင်ရာလုပ်ပိုင်ခွင့်ရရှိသူတို့သည် စစ်ဆေးရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာန တာဝန်ခံထံ အမြန်ဆုံးအကြောင်းကြားရမည်။

### အခန်း(၆)
### အရည်အသွေးနှင့်စံချိန်စံညွှန်းဆိုင်ရာသတ်မှတ်ချက်များ

၂၈။ လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများတင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုမိန့်ရရှိသူများသည် ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများတွင်ပါရှိသည့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများ၏အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာသတ်မှတ်ချက်တို့ကို လိုက်နာရမည်။

၂၉။ ဝန်ကြီးဌာနသည် စက်ရုံအလုပ်ရုံများ၊ ယင်းတို့တွင် တပ်ဆင်ထားသော စက်ပစ္စည်းကိရိယာများ၊ စီးပွားရေးဆိုင်ရာအဆောက်အအုံများ၊ ပြည်တွင်းပြည်ပမှ ထုတ်လုပ်တင်သွင်းရောင်းချသော လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများနှင့် စပ်လျဉ်းသည့် အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ရမည်။

### အခန်း(၇)
### လျှပ်စစ်ဆိုင်ရာလုပ်ငန်းနှင့် လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာများစစ်ဆေးခြင်း

၃၀။ လျှပ်စစ်ဆိုင်ရာလုပ်ငန်းစစ်ဆေးခြင်းနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာစစ်ဆေးခြင်းလုပ်ငန်းများကို ဝန်ကြီးဌာနက ဆောင်ရွက်ရမည်။

၃၁။ ဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းစစ်ဆေးခြင်းနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာ စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အလို့ငှာ စစ်ဆေးရေးမှူးချုပ်တစ်ဦးကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးရမည်။ စစ်ဆေးရေးမှူးချုပ်သည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုကို စီးပွားရေးအလို့ငှာ တစ်နည်းနည်းဖြင့် လုပ်ကိုင်ဆောင်ရွက်နေသူမဖြစ်စေရ။

၃၂။ စစ်ဆေးရေးမှူးချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးဆောင်ရွက်ခြင်းနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများ၏အရည်အသွေးစစ်ဆေးခြင်း၊

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသတွင်းဆိုင်ရာအဖွဲ့အစည်းများနှင့်ချုပ်ဆိုထားသော စာချုပ်များတွင်ပါရှိသည့် စည်းကမ်းများကို ခွင့်ပြုမိန့်ရရှိသူအား အသိပညာပေးခြင်းနှင့် လိုက်နာစေရန် ဆောင်ရွက်ခြင်း၊

(ဂ) မည်သည့်ဒေသတွင်မဆို လျှပ်စစ်ဆိုင်ရာ လုပ်ငန်းစစ်ဆေးခြင်းနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာစစ်ဆေးခြင်း လုပ်ငန်းတို့ကိုဆောင်ရွက်ရန် လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုကို စီးပွားရေးအလို့ငှာ တစ်နည်းနည်းဖြင့် လုပ်ကိုင်ဆောင်ရွက်နေသူမဟုတ်သည့် စစ်ဆေးရေးမှူးများအား တာဝန်ပေးအပ်ခြင်း၊

(ဃ) လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်၊ လျှပ်စစ်ပစ္စည်းအရည်အသွေးစစ်ဆေးချက်လက်မှတ်၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်များကို သတ်မှတ်ချက်များနှင့်အညီစစ်ဆေး၍ထုတ်ပေးခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း၊

(င) လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းမှတ်ပုံတင်လက်မှတ်များကို သတ်မှတ်ချက်များနှင့်အညီ ထုတ်ပေးခြင်း၊

(စ) လျှပ်စစ်အန္တရာယ်ဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် လိုအပ်သောသက်သေများကို စစ်ဆေးခြင်း၊

(ဆ) ဝန်ကြီးဌာနနှင့်ကော်မရှင်တို့က ပေးအပ်သော စစ်ဆေးခြင်းဆိုင်ရာ အခြားတာဝန်များ ဆောင်ရွက်ခြင်း။

၃၃။ စစ်ဆေးရေးမှူးချုပ်၊ စစ်ဆေးရေးမှူးများနှင့် ယင်းတို့က တာဝန်ပေးအပ်သူများသည် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် မည်သည့်နေရာ၊ မည်သည့် အဆောက်အအုံအတွင်းသို့မဆို သတ်မှတ်ချက်များနှင့်အညီ ဝင်ရောက်စစ်ဆေးခွင့်ရှိသည်။

၃၄။ ဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာစစ်ဆေးခြင်းလုပ်ငန်းတို့နှင့်စပ်လျဉ်း၍ အရည်အသွေးအတည်ပြုနိုင်ရန်လိုအပ်သော နိုင်ငံတကာအဆင့်မီဓာတ်ခွဲခန်းများကို တည်ထောင်ဖွင့်လှစ်ထားရှိရမည်။

### အခန်း (၈)
### လျှပ်စစ်ဓာတ်အားစနစ်ဖွံ့ဖြိုးမှုစီမံရေးနှင့် ထိန်းညှိကွပ်ကဲရေး

၃၅။ ဝန်ကြီးဌာနသည် -

(က) နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို စီမံခြင်းနှင့် ဓာတ်အားစနစ်ကွပ်ကဲခြင်းလုပ်ငန်းကို လျှပ်စစ်ဓာတ်အားကွန်ရက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ စီမံဆောင်ရွက်နိုင်ရန် သင့်လျော်သည့်နေရာများတွင် လျှပ်စစ်ဓာတ်အားကွပ်ကဲရေးဌာနများကို လိုအပ်သလို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရဖွဲ့စည်းသော လျှပ်စစ်ဓာတ်အားကွပ်ကဲရေးဌာန၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၃၆။ ဝန်ကြီးဌာနသည်-

(က) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့်ခေတ်မီနည်းစနစ်များ၊ ပညာရှင်များ၊ ကျွမ်းကျင်သူများ ပေါ်ထွက်လာစေရန် လိုအပ်သော သင်တန်းကျောင်းများဖွင့်လှစ်ခြင်းနှင့် လေ့ကျင့်ပညာပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) ပါ လုပ်ငန်းများကို အခြားမည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို ဆောင်ရွက်ရန်ခွင့်ပြုနိုင်သည်။

(ဂ) လျှပ်စစ်ဓာတ်အားစနစ်ဖွံ့ဖြိုးမှုစီမံရေးဆောင်ရွက်ရာတွင် ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းများဆောင်ရွက်သည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရမည်။

### အခန်း (၉)
### လျှပ်စစ်ဆိုင်ရာစံချိန်စံညွှန်းများနှင့် စစ်ဆေးမှုနည်းစနစ်များ

၃၇။ ဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများအတွက် လိုအပ်သော စံချိန်စံညွှန်းများ၊ စစ်ဆေးမှုနည်းစနစ်များကို ထုတ်ပြန်ရမည်။

၃၈။ လျှပ်စစ်ဆိုင်ရာစံချိန်စံညွှန်းများစစ်ဆေးချက်ရလဒ်များနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်စေရမည်။

၃၉။ လျှပ်စစ်ဓာတ်အားစနစ်အတွင်းသို့ဆက်သွယ်မည့်အခြားဌာန၊ အဖွဲ့အစည်းများ၏ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများသည် ဝန်ကြီးဌာန၏ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်။

၄၀။ ခွင့်ပြုမိန့်ရရှိသူများသည် ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်နည်းဥပဒေများ၊ စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ လိုအပ်သော စစ်ဆေးမှုကို ခံယူရမည်။

### အခန်း(၁၀)
### လျှပ်စစ်ဓာတ်အားခနှုန်းထားနှင့် ဝန်ဆောင်မှုစရိတ်များ

၄၁။ ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အားသုံးစွဲသူများထံမှ လျှပ်စစ်ဓာတ်အားခနှုန်းထားနှင့်ဝန်ဆောင်မှုစရိတ်များ သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ဒေသအလိုက်သင့်လျော်သောနှုန်းထားကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခွင့်ရှိသည်။ ယင်းလျှပ်စစ်ဓာတ်အားခနှုန်းထားများကို အခါအားလျော်စွာ ပြောင်းလဲသတ်မှတ်နိုင်သည်။

၄၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များသည် မိမိဒေသအတွင်း မိမိအစီအစဉ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးသော ဒေသဆိုင်ရာ လျှပ်စစ်ဓာတ်အားစနစ်တွင် လျှပ်စစ်ဓာတ်အားခနှုန်းထားနှင့် ဝန်ဆောင်မှုစရိတ်များနှင့်စပ်လျဉ်း၍ ဒေသအလိုက် သင့်လျော်သောနှုန်းထားကို ဝန်ကြီးဌာနနှင့် ညှိနှိုင်းသတ်မှတ်ခွင့်ရှိသည်။ ယင်းလျှပ်စစ်ဓာတ်အားခနှုန်းထားများကို အခါအားလျော်စွာ ပြောင်းလဲသတ်မှတ်နိုင်သည်။

**စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၅ မှ

## အခန်း(၁၁)
## ခွင့်ပြုမိန့် ထုတ်ပေးနိုင်သူ၏ အရေးယူပိုင်ခွင့်

၄၃။ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူသည် ခွင့်ပြုမိန့်ရရှိသူက ခွင့်ပြုမိန့်ပါစည်းကမ်းချက် သို့မဟုတ် သက်ဆိုင်ရာက ထုတ်ပြန်သောအမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ ထိုသူကို အောက်ပါအရေးယူမှုတစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊
(ခ) ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

## အခန်း(၁၂)
## တားမြစ်ချက်များ

၄၄။ မည်သူမျှခွင့်ပြုမိန့်မရှိဘဲ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။
၄၅။ ခွင့်ပြုမိန့်ရရှိသူမည်သူမျှ ခွင့်ပြုမိန့်ပါလုပ်ငန်းမှအပ အခြားမည်သည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းကိုမျှ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။
၄၆။ မည်သူမျှ လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်မရရှိဘဲ လျှပ်စစ်တပ်ဆင်ခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းမပြုရ။
၄၇။ မည်သူမျှ လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်မရရှိဘဲ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဆက်သွယ်အသုံးပြုခြင်း မပြုရ။
၄၈။ မည်သူမျှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိသော လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမပြုရ။
၄၉။ ခွင့်ပြုမိန့်ရရှိသူမည်သူမျှ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ ခွင့်ပြုချက်မရရှိဘဲ အခြားမည်သည့်အဖွဲ့အစည်းနှင့်မဆို လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ပူးတွဲဆောင်ရွက်ခြင်းမပြုရ။
၅၀။ ခွင့်ပြုမိန့်ရရှိသူမည်သူမျှ ခွင့်ပြုမိန့်ကိုဖြစ်စေ၊ ခွင့်ပြုမိန့်ပါလုပ်ငန်းတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကိုဖြစ်စေ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့် ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်း မပြုရ။
၅၁။ မည်သူမျှလျှပ်စစ်ဓာတ်အားလိုင်းနယ်မြေအတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းမပြုရ။
၅၂။ ခွင့်ပြုမိန့်ရရှိသူ၏ခွင့်ပြုချက်မရှိဘဲ မည်သူမျှ လျှပ်စစ်ဓာတ်အားကို သွယ်တန်းရယူခြင်း၊ ဖြန့်တီးခြင်း၊ အသုံးပြုခြင်းမပြုရ။
၅၃။ မည်သူမျှ လျှပ်စီးကြောင်းလွှဲပေးခြင်း၊ လျှပ်စစ်ဓာတ်အားပေးသည့် လိုင်းကိုဖြတ်တောက်ခြင်း၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုတွင် အသုံးပြုသည့် လျှပ်စစ်ပစ္စည်းကိရိယာများကို ဖျက်ဆီးခြင်းမပြုရ။

## အခန်း (၁၃)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၅၄။ မည်သူမဆို ပုဒ်မ ၄၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။
၅၅။ ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ပုဒ်မ ၄၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံးကျပ်ငါးသိန်းအထိငွေဒဏ် ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။
၅၆။ မည်သူမဆို ပုဒ်မ ၄၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံးကျပ်သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။
၅၇။ မည်သူမဆို ပုဒ်မ ၄၇ ပါ တားမြစ်ချက်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။
၅၈။ မည်သူမဆို ပုဒ်မ ၄၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ကျပ်သိန်းသုံးဆယ်အောက် မလျော့သည့် ငွေဒဏ်ချမှတ်ရမည်။ ပြစ်မှုနှင့်သက်ဆိုင်သော ပစ္စည်းများကို ဖျက်ဆီးရမည်။
၅၉။ ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ပုဒ်မ ၄၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံးကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။
၆၀။ ခွင့်ပြုမိန့်ရရှိသူမည်သူမဆို ပုဒ်မ ၅၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။
၆၁။ မည်သူမဆို ပုဒ်မ ၅၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။
၆၂။ မည်သူမဆို ပုဒ်မ ၅၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။
၆၃။ မည်သူမဆို ပုဒ်မ ၅၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးငါးနှစ်မှ အများဆုံး ဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။
၆၄။ မည်သူမဆို ဤဥပဒေပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေးကူညီကြောင်း သို့မဟုတ် ကျူးလွန်ရန်ပူးပေါင်းကြံစည်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သက်ဆိုင်ရာပြစ်မှုပါပြစ်ဒဏ်အတိုင်းချမှတ်ရမည်။

## အခန်း(၁၄)
## နစ်နာကြေး၊ လျော်ကြေး

၆၅။ ပုဒ်မ ၅၄၊ ၅၅၊ ၅၆၊ ၅၇၊ ၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂ နှင့် ၆၃တို့ပါပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်သူသည် မိမိ၏ကျူးလွန်မှုကြောင့် ခွင့်ပြုမိန့်ရရှိသူတွင် ထိခိုက်ဆုံးရှုံးမှုတစ်စုံတစ်ရာပေါ်ပေါက်ပါက ယင်းထိခိုက်ဆုံးရှုံးသည့်တန်ဖိုးအတွက်ဝန်ကြီးဌာနက သတ်မှတ်သည့်နည်းလမ်းအတိုင်း တွက်ချက်ထားသည့် နစ်နာကြေးကို ပေးလျော်ရမည်။
၆၆။ ပုဒ်မ ၆၅ အရ သတ်မှတ်သည့် နစ်နာကြေးကို သတ်မှတ်ချက်များနှင့်အညီ ကောက်ခံခွင့်ရှိစေရမည်။
၆၇။ မည်သူမဆို ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှုကို ပြတ်တောက်စေရန် ပြုလုပ်ပါက နစ်နာဆုံးရှုံးသည့် ဓာတ်အားပမာဏနှင့်ညီမျှသော တန်ဖိုးကိုဝန်ကြီးဌာနက သတ်မှတ်သည့်နည်းလမ်းအတိုင်းတွက်ချက်၍ နစ်နာကြေးအဖြစ်ပေးဆောင်စေရမည်။
၆၈။ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် ယင်းက တာဝန်ပေးအပ်ထားသူ၏ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ တာဝန်ပျက်ကွက်မှုကြောင့်ဖြစ်စေဓာတ်လိုက်မှု၊ မီးလောင်မှုဖြစ်ပွားပြီး တစ်ဦးတစ်ယောက်ထိခိုက်ဒဏ်ရာရလျှင် သို့မဟုတ် မသန်မစွမ်းဖြစ်လျှင် သို့မဟုတ် သေဆုံးလျှင်ထိခိုက်နစ်နာသူသည်ခွင့်ပြုမိန့်ရရှိသူထံမှ လျော်ကြေးကို အောက်ပါအတိုင်းတောင်းခံခွင့်ရှိစေရမည်-

(က) ထိခိုက်နစ်နာသူသည် တည်ဆဲအလုပ်သမားလျော်ကြေးအက်ဥပဒေနှင့် အကျုံးဝင်သူဖြစ်ပါက ယင်းဥပဒေအရ သတ်မှတ်ထားသော လျော်ကြေး၊
(ခ) ထိခိုက်နစ်နာသူသည် တည်ဆဲအလုပ်သမားလျော်ကြေးအက်ဥပဒေနှင့် အကျုံးဝင်သူမဟုတ်ပါက ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများက သတ်မှတ်သောလျော်ကြေး။

## အခန်း (၁၅)
## အယူခံခြင်း

၆၉။ ပုဒ်မ ၆၅၊ ၆၆ နှင့် ၆၇ တို့အရ ချမှတ်သည့် နစ်နာကြေး သို့မဟုတ် လျော်ကြေးပေးဆောင်ရန်အမိန့်နှင့်စပ်လျဉ်း၍ မကျေနပ်သူသည် အမိန့်ကို လက်ခံရရှိသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။
၇၀။ ပုဒ်မ ၆၉ အရ အယူခံမှုတွင် ဝန်ကြီးသည် အမိန့်ကိုပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် အတည်ပြုခြင်းတို့ ပြုနိုင်သည်။

## အခန်း (၁၆)
## အထွေထွေ

၇၁။ ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။
၇၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည်နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ဝန်ကြီးဌာန၊ ကော်မရှင်နှင့်ဝန်ကြီးဌာနက တာဝန်ပေးအပ်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၃။ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥပဒေနှင့် လျှပ်စစ်ဥပဒေ (၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၇) အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။
၇၄။ လျှပ်စစ်ဥပဒေ (၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၇) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အသိပေးကြော်ငြာ**
ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ်(၁၀၉၈)၊ မြေကွက်တည်နေရာအမှတ်(၁၀၉၈)၊ (၃၇)ရပ်ကွက်၊ ဗိုလ်ချုပ်-(၁)လမ်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ဦးသိန်းမြင့် (TRY-023376) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသိန်းမြင့်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၉၂၃၇/၂၀၁၄ (၃၁-၃-၂၀၁၄)ဖြင့် ကိုယ်စားလှယ်ရသူ ဒေါ်ခင်သန္တာလွင်[၁၂/လမန(နိုင်)၀၁၈၆၁၇]မှ ဂရန်ပျောက်ဆုံးကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်းကို ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရာ ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဦးသိန်းမြင့် အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်မူရင်း)စာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ဖခင်အမည်မှန်**
မြစ်ကြီးနားမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း ($B_1$) မှ မစန်းစန်းအေးနှင့် အထက(၃) န၀မတန်း($A_1$)မှ မစန်းစန်းဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးကျိုးကျိုးရင်ဖြစ်ပါသည်။

**ရောင်းမည်**
(40') Container, (20') Container အကောင်းများ ရောင်းမည်။
ဖုန်း-၀၉-၂၀၀၅၀၁၆၊ ၀၂-၅၁၅၃၄၉၄၊ ၀၂-၅၁၅၃၇၆၇၊ ၀၂-၅၁၅၃၇၆၈၊ ၀၂-၅၁၅၃၇၆၉







# ဘားအံမြို့နယ် အထူးကုဆရာဝန်ကြီးများအဖွဲ့ ဒေသခံ တိုင်းရင်းသားများအား အခမဲ့ဆေးဝါးကုသ

**ဘားအံ၊ အောက်တိုဘာ ၂၉**

ဘားအံမြို့၊ ကော့ရင်းအောက်ကျေးရွာ၊ဘုန်းတော်ကြီးကျောင်းဝမ္မာရုံ၌ ဘားအံပြည်သူ့ဆေးရုံကြီးမှ အထူးကုသမားတော်ကြီးများနှင့် ဆရာဝန်များ၊ သူနာပြုများပါဝင်သောအဖွဲ့သည် အောက်တိုဘာ၂၅ ရက်နံနက် ၈နာရီမှ စတင်ကာယင်းကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများသို့ ကွင်းဆင်းလှည့်လည်၍ ဒေသခံများအား အခမဲ့ဆေးဝါးကုသပေးခဲ့ကြောင်းသိရသည်။

ကရင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနအနေဖြင့် ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ကျေးရွာများသို့ အလှည့်ကျကွင်းဆင်း၍အခမဲ့ ဆေးဝါးများ ကုသပေးလျက်ရှိသည်။



ဆေးဝါးကုသရာသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက သွားရောက်အားပေးကာ သက်ကြီးရွယ်အို အဘိုးအဘွားများအား အာဟာရပြည့်ဝသောအစားအစာများနှင့် အလှူငွေများ လှူဒါန်းခဲ့ကြသည်။

ယင်းနေ့က အထွေထွေရောဂါ၊ ခွဲစိတ်၊ သားဖွားမီးယပ်၊ ကလေး ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အရိုးအကြောအဆစ်၊ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး၊ စိတ်ရောဂါ၊ အရေပြား၊ သွားနှင့်ခံတွင်း၊ တိုင်းရင်းဆေးစသည့် အထူးကုဆရာဝန်ကြီးများပါဝင်သော ဆေးကုသရေးအဖွဲ့သည် ဒေသခံတိုင်းရင်းသားပြည်သူ ၈၀၀ အား အခမဲ့ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်**

## မြို့နယ်ကြက်ခြေနီအသင်းနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ကြက်ခြေနီရှေးဦးပြုစုခြင်းသင်တန်းဖွင့်

**ပုသိမ်၊ အောက်တိုဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ် တကုန်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ပါရမီခန်းမ၌ ကြက်ခြေနီရှေးဦးပြုစုခြင်း သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၆ ရက်နံနက် ၉ နာရီက မြို့နယ်ကြက်ခြေနီအသင်းနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပခဲ့သည်။

ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ဒါးကကျေးရွာ၊ တကုန်းကြီးကျေးရွာ၊ ဆတ်ကွင်းကျေးရွာ၊ ဘဲဂရက်ကျေးရွာတို့မှ ကျောင်းသား၊ ကျောင်းသူ ၂၈၄ ဦးတို့အား အောက်တိုဘာ ၉ ရက်မှ ၁၄ ရက်အထိ သင်ကြားခဲ့သည်။

ကျောင်းတွင်းနှင့်ကျောင်းပြင်ပ မြို့နယ်အဆင့်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိုရည်ရွယ်ကာ ယင်းသင်တန်းအားဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲသို့ ကန်ကြီးထောင့်မြို့နယ်ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပညာရေးမှူး၊ မြို့နယ်ကြက်ခြေနီတပ်ရင်း ဒုတိယတပ်ရင်းမှူးနှင့်သင်တန်းသူ၊ သင်တန်းသားများ တက်ရောက်ကြသည်။

**မြင့်ဟန်**

## အစင်စံပြကျေးရွာမှ ရန်ကုန်သို့ တိုက်ရိုက်ခရီးစဉ် အဆင့်မြင့်မှန်လုံယာဉ် စတင်ပြေးဆွဲ

**ရေး၊ အောက်တိုဘာ ၂၉**

မွန်ပြည်နယ် ရေးမြို့နယ် အစင်စံပြကျေးရွာမှ ရန်ကုန်သို့ တိုက်ရိုက်ခရီးစဉ်ကို အဆင့်မြင့်မှန်လုံယာဉ်များဖြင့် အောက်တိုဘာလတွင် စတင်ပြေးဆွဲခဲ့ကြောင်း သိရသည်။ အစင်-ရေးမှ ရန်ကုန်သို့ တိုက်ရိုက်ခရီးစဉ်ကို လူတစ်ဦးလျှင်ကျပ် ၈၃၀၀ နှုန်းပေးရပြီး ယာဉ်ထွက်ချိန်မှာ ညနေ ၃ နာရီ ဖြစ်၍ ခရီးစဉ်ကြာမြင့်ချိန်မှာ ၁၂ နာရီခန့် ကြာမြင့်ကြောင်း သိရသည်။

အဆိုပါ အစင်-ရေး-ရန်ကုန် တိုက်ရိုက်ခရီးစဉ်ကို ယူနီဗာဆယ် အဆင့်မြင့်ယာဉ်လိုင်းမှ ပြေးဆွဲခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

## ချောင်းဦးမြို့ အထက်တန်းကျောင်းဝင်းအတွင်း ကျောင်းသားများ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ချောင်းဦး၊ အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့၊ အထက်တန်းကျောင်းဝင်းအတွင်း၌ ကျောင်းသား၊ ကျောင်းသူများက စုပေါင်းသန့်ရှင်းရေးကို အောက်တိုဘာ ၂၅ ရက် နံနက် ၇ နာရီကပြုလုပ်ခဲ့ကြသည်။

ချောင်းဦးမြို့ အထက်တန်းကျောင်းဝင်းအတွင်း သန့်ရှင်းရေးပြုလုပ်ရာ၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျော့ကျော့ခိုင် ဦးဆောင်၍ ကျောင်းဆရာ၊ ဆရာမ ၇၀နှင့် ပဉ္စမတန်းမှ ဒသမတန်းအထိ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၀၀၀ ကျော်တို့က ကျောင်းဝင်းအတွင်း အမှိုက်များ၊ မြက်ပင်များကို စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြကြောင်း သိရသည်။

ကျောင်းဆရာတစ်ဦးက "အခုလို သန့်ရှင်းရေးပြုလုပ်ရတဲ့အတွက် ဆရာ၊ ဆရာမများနဲ့ ကျောင်းသား၊ ကျောင်းသူတွေ သန့်ရှင်းစွာနေထိုင်ရေး၊ သွေးလွန်တုပ်ကွေး မဖြစ်ပွားစေရေးနဲ့ ကျောင်းဥပမိရပ် ကောင်းမွန်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟု ပြောပြသည်။

**အိအိစိုး (ပြန်/ဆက်)**

## မုံရွာခရိုင် ချောင်းဦးမြို့၌ လူထုဦးဆောင်သော အလုံးစုံပတ်ဝန်းကျင် သန့်ရှင်းရေးစီမံချက် မြို့နယ်အဆင့် အသိပေးရှင်းလင်းပွဲ ကျင်းပ

**ချောင်းဦး၊ အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့၌ ယူနီဆက်နှင့် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့် လူထုဦးဆောင်သော အလုံးစုံပတ်ဝန်းကျင်သန့်ရှင်းရေးစီမံချက် မြို့နယ်အဆင့်အသိပေး ရှင်းလင်းပွဲကို အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီ က ချောင်းဦးမြို့ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ချောင်းဦးမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင်၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကံငွေး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင့်ဆွေ၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းဗဟိုအမှုဆောင်ကော်မတီ အတွင်းရေးမှူး ဦးစိုးအောင်၊ စီမံချက်အဖွဲ့ခေါင်းဆောင် စီမံကိန်းညှိနှိုင်းရေးမှူး ဦးအောင်ခင်နှင့် ဝန်ထမ်းများ၊ ကျေးရွာ ၃၄ ရွာမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားတွင် ချောင်းဦးမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင့်ဆွေတို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ဗဟိုအမှုဆောင်ကော်မတီ အတွင်းရေးမှူး ဦးအောင်ခင်က အသင်း၏အကြောင်းနှင့် အသင်းမှ ဆောင်ရွက်နေသော စီမံချက်များအကြောင်းကို ရှင်းလင်းတင်ပြခဲ့သည်။ စီမံချက်အဖွဲ့ခေါင်းဆောင် ဒေါ်ခင်မို့ဝေက အစာသန့်၊ ရေသန့်၊ အိမ်သာသန့်၊ လက်သန့် စသည့်သန့်လေးသန့် ကျင့်သုံးခြင်းများ အကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ကျေးရွာအုပ်ချုပ်ရေးမှူးများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းရာ ချောင်းဦးမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင်နှင့် ကျန်းမာရေးအသင်းစီမံကိန်း ညှိနှိုင်းရေးမှူး ဦးအောင်ခင်တို့က ပြန်လည်ဖြေကြားခဲ့သည်။

**ယုယုဝင်း(ပြန်/ဆက်)**




### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂. F)၊ မြေကွက်အမှတ် ပဉ္စမတန်းစား(၂၂)၊ မြေကွက်တည်နေရာအမှတ်(၁၁)၊ (၈၇)လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ဦးသိန်းစိုး၊ ဒေါ်ခင်စိုးနွဲ့၊ ဦးခင်စိုး၊ ဒေါ်ဝင်းဝင်းညွန့်) အမည်ပေါက်၊ နှစ်(၉၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်စိုးနွဲ့(အပျိုကြီးဘဝ)ဖြင့် ကွယ်လွန်သဖြင့် အမည်ပေါက်(၂)ဦးဖြစ်သူ ဦးခင်စိုး[၁၂/မဂတ(နိုင်)၀၂၁၉၉၀]နှင့် ဒေါ်ဝင်းဝင်းညွန့်[၁၂/မဂတ(နိုင်)၀၂၂၇၀၅]တို့မှ မောင်/ညီမတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ ကျန်အမည်ပေါက် အစ်ကို ဦးသိန်းစိုး[၁၂/မဂတ(နိုင်)၀၂၂၆၈၈]နှင့် ပူးတွဲလျက် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/အနောက်၊ မြေကွက်အမှတ်(၅၂၈/ခ)၊ မြေကွက်တည်နေရာအမှတ်(၅၂၈/ခ)၊ (၇)ဈေးလမ်း၊ (၆)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်စောမေ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်စောမေ(မိခင်)နှင့် ဦးထွန်းကြည်(ခ)ဦးကျော်အုန်း(ဖခင်)တို့ ကွယ်လွန်သဖြင့် သားများဖြစ်ကြသော ဦးလှမြင့်[၁၂/သကတ(နိုင်)၀၉၁၉၀၈]၊ ဦးရဲမြင့်[၁၂/သကတ(နိုင်)၁၁၀၂၈၄]တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ရန်နှင့် ကန့်ကွက်နိုင်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အမြင်လှသလောက် အဆိပ်ပြင်းသည့် အဿမာရဏ(မြင်းသေပင်) သို့မဟုတ် ပန်းအလှ 'နွယ်သာကီ'

အောက်တိုဘာ ၂၈ရက်နေ့မှအဆက်

à &mrn-ao,GG

ပရဆေးနှင့် ပရဆေးပစ္စည်းအဘိဓာန်တွင်မူ နွယ်သာကီ အပင်သည်အဆိပ်ပြေစေ၏။ အမြစ်သည် ထက်မြက်သော ရင်းနာပျောက်လိမ်းဆေးအဖြစ် သုံးရ၏။ ရေနှင့်ကြိတ်၊ တေ၍ ရှိကာနာနှင့် ပြည်တည်နာ၊ ရင်းနာများတွင် သုံးရ၏။

အရွက်ပြုတ်ရေကို အရောင်လျော့ရန် သုံးရ၏။ အမြစ်ခေါက်မှ ထုတ်ယူရသောဆီကို အကြေးထူသော သဘာဝသတ္တိရှိသည့် အရေပြားရောဂါများနှင့် အနာကြီးရောဂါတို့တွင် သုံးရ၏ဟု ဆိုထားသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ထုတ်ဝေသော မြန်မာ့ဆေးဝါးပင်များစာအုပ်တွင် အထက်ပါအတိုင်း အလွန်အဆိပ်များသောကြောင့် မြွေဆိပ်နှင့် အခြားပြင်းသောအဆိပ်များကို နိုင်၏။ နူနာ၊ ပွေးနာနှင့် နာကျင်ကိုက်ခဲခြင်းများကို ပျောက်ကင်းစေပါသည်။ ယင်းစာအုပ်တွင်ပင် အထူးသတိပြုရန် ရေးသားထားသည်မှာ (သောက်ဆေးအဖြစ် လုံးဝမသုံးရပေ။ ပြင်ပလိမ်းဆေးအဖြစ်သာ သုံးနိုင်သော အဆိပ်ပင်ဖြစ်သည်ဟု အထင်အရှား ဖော်ပြထားသည်။)

အမြစ်မှုန့်ကို ရေနှင့်ဖျော်၍လိမ်းပါက ကင်ဆာ၊ ပြည်တည်နာများ၊ နူနာရောဂါများ ပျောက်ကင်း၏ ဖျားသောသူကို နားတွင်လိမ်းပေးပါက အဖျားပျောက်စေသည်။ အဆိပ်ကိုပြယ်စေသဖြင့် ကင်း၊ မြွေကိုက်သောနေရာများတွင် အမှုန့်ကို လိမ်းပေး၊ သိပ်ပေးပါက ပျောက်ကင်းစေသည်။ အမြစ်မှုန့်ဖြင့် ခေါင်းကိုပွတ်လိမ်းပေးပါက ခေါင်းကိုက်ရောဂါ သက်သာ၏။ အမြစ်ခေါက်မှုန့်ကို ပွေးနာနှင့် အခြားအရေပြားတွင်ဖြစ်ပေါ်သော ယားနာများတွင် အသုံးပြုနိုင်သည်။

အရွက်ကို အခေါက်မှုန့်နည်းတူ ယားနာ၊ ပွေးနာများတွင်လည်းကောင်း၊ ပြုတ်ရည်ကို အရောင်ကျစေရန်လည်းကောင်း၊ လိမ်းပေးနိုင်ပါသည်။ အရွက်ကို အရည်ညှစ်၍ မြွေကိုက်ရာတွင် အနည်းငယ်လိမ်းပေးပါက မြွေဆိပ်ပြယ်စေပါသည်။ အခြားသော အဆိပ်ရှိအကောင်များ ကိုက်ပါကလည်း သုံးနိုင်သည်။

လက်တွေ့အသုံးချ ဆေးဖက်ဝင်အပင်များပေါင်းချုပ် (၁/၂)၊ တိုင်းရင်းဆေးပညာ ဦးစီးဌာနမှထုတ်ဝေသော စာအုပ်တွင်လည်း အလားတူ ရေးသားထားပါသည်။ ဦးဝင်းကြည်ပြုစုသည့် အဖိုးတန်ဆေးဖက်ဝင်ပရဆေးပင်များ (၁၉၇၃) စာအုပ်တွင်မူ အခြားသောဆေးကျမ်း၊ အဘိဓာန်များတွင် ဖော်ပြထားသည်များကဲ့သို့ တူညီပြီးဖြစ်၍ ပြန်လည်မဖော်ပြတော့ဘဲ ကျန်သောအချက်အလက်များကိုသာ ပြန်လည်ရေးသားပါမည်။

ယင်းစာအုပ်တွင် ဆေးအသုံးဖော်ပြထားသည်မှာ နွယ်သာကီ၏ အရွက်မှ Nerium နီးရင်း၊ Oleandrin အိုလီအန်ရင်၊ Folinoerin ဖိုလီနိုးရင်းဓာတ်များ ထုတ်ယူရရှိနိုင်သည်။ ၎င်းအပင်သည် အဆိပ်ပင်ဖြစ်၍ ပိုးကျိုင်းကောင်နှင့် ၎က်ဖျားပိုးသယ်ဆောင်သော ခြင်ကောင်မျိုးများအား သေစေနိုင်သည့်စွမ်းရည်ရှိသဖြင့် ယင်းပိုးသတ်ဆေး ထုတ်ရန်အတွက်လည်း များစွာအသုံးဝင်သည်ဟု ဆိုထားသည်။

ဦးဝင်းကြည်၏ စာအုပ်ထဲတွင် အထူးသဖြင့် အပင်ရှိအစေးသည် အလွန်ပြင်းသော အဆိပ်အတောက်ဖြစ်စေသည်ဟု ဖော်ပြထားသည်။ ကလေးများပါးစပ်ထဲသို့ အစေးများဝင်သွားပါက အသက်အန္တရာယ်အထိ ဒုက္ခပေးနိုင်၍ ကလေးများကို အပင်နား မကပ်စေသင့်ပါ။

"အဲဒါကြောင့် ခင်ဗျားအိမ်မှာ ကလေးရှိရင် မစိုက်နဲ့လို့ ကျွန်တော့်ပြောတာပေါ့။ ဝန်ထမ်းတိုက်ခန်းဆိုတော့၊ တစ်အိမ်အိမ်မှာ ကလေးရှိမှာပဲ။ မစိုက်တာဘဲကောင်းပါတယ်ဗျာ"

"အေးပါဗျာ၊ မစိုက်တော့ပါဘူး။ ခင်ဗျားပြောမှသာပဲ။ နို့မို့ဆို ကျွန်တော်သဘောဆို စိုက်မိမှာပဲ"

"ပြီးတော့ ရှိသေးတယ်ဗျ။ သတိထားစရာပေါ့။ အကိုင်းခြောက်တို့၊ အရွက်ခြောက်တို့ကို ကျွန်တော်တို့သဘောသာဆိုရင် အလွယ်တကူ မီးပုံရှို့လိုက်မှာပဲပေါ့။ အဲဒီလိုမလုပ်ရဘူးဗျ။ မီးခိုးတွေက အဆိပ်အတောက်ဖြစ်နိုင်သေးတယ်ဆိုပဲ။ အမေရိကန်နိုင်ငံက အချို့ပြည်နယ်တွေမှာ မီးမရှို့ဖို့ ဥပဒေနဲ့တောင် တားမြစ်ကာကွယ်ထားတယ်လို့ဆိုတယ်"

"အဆိပ်ကို အဆိပ်နဲ့ဖြေတယ်ဆိုတာကရောဗျာ"

" အဲဒီအဆိပ်အစေးနဲ့ အရေပြားရောဂါနဲ့ မြွေဆိပ်ကို ဖြေစေတာပဲ။ ပိုးကျိုင်းကောင်၊ ၎က်ဖျားခြင်၊ ဘောက်ဖတ်တွေ ခိုအောင်းနိုင်တဲ့နေရာတွေကို အရွက်တစ်ဆ ရေနှစ်ဆ ထည့်ပြုတ်လို့ရတဲ့ရေကို ဆေးရည်အဖြစ် ပက်ဖျန်းနှိမ်နင်းနိုင်တယ်"

"ဒီလိုတော့လည်း အတော်အသုံးဝင်တာပဲဗျ"

"ဒါပေ့ါဗျာ . . . အဲဒါကြောင့်ပြောတာပေ့ါ။ စနစ်တကျဆိုရင် ဘယ်အရာမဆို အကျိုးအပြစ်ဆိုတာကို ခွဲခြားနိုင်လာတာပဲ။ ကိုယ်ကသာ စနစ်တကျအသုံးချတတ်ဖို့ အဓိကလိုအပ်တာလေ။ ရမ်းသန်းလုပ်လို့တော့မဖြစ်ဘူး။ ခေတ်မီဆေးဝါးဆိုတာကလည်း သစ်ဥသစ်ဖု၊ ရေမြေသဘာဝကရရှိတဲ့ ကုန်ကြမ်းတွေကနေ သုတေသနပြုစိစစ်ရယူပြီး ထုတ်လုပ်ထားတာ အများစုဖြစ်နေတာဗျ။"

"ဟုတ်တယ်ဗျ။ တချို့နိုင်ငံတွေမှာ လူနာတွေကို သမားရိုးကျကုတာရှိသလို၊ ဘက်စုံတိုင်းရင်းဆေးနဲ့ ခေတ်မီဆေးဝါး ပေါင်းစပ်ကုသတာတွေ လုပ်နေကြတယ်လို့ကြားတယ်။ ဒါမှလည်း အကုန်အကျလည်းသက်သာ ဘေးထွက်ဆိုးကျိုးလည်းနည်းပါး အခြေခံပြည်သူတွေအားလုံး အကျိုးများမယ်လို့ ကျွန်တော်တော့ ထင်တာပဲဗျ"

မိမိနှင့် ကိုမောင်ငယ်သည် ပြင်ပကလေကောင်း လေသန့်ကိုလည်း အဆုတ်ထိတစ်ဝရှူရှိုက်ရင်း စကားတပြောပြောနှင့် အပြန်လမ်းတစ်လျှောက်လာကြခြင်းဖြစ်ရာ ခွဲးစို့ချိန်တွင် ကိုယ်စီ အိမ်ရာအဝင်လမ်းထိပ်သို့ ရောက်ရှိလာကြသဖြင့် ကိုမောင်ငယ်က -

"ကျွန်တော်တော့ ဒီနေ့လမ်းလျှောက်ရတာ အတော်အကျိုးဖြစ်သဗျ။ မဟုတ်ရင် ခင်ဗျားပြောတဲ့ အဿမာရဏ(မြင်းသေပင်) နဲ့ ပြဿနာတက်မှာ သေချာတယ်။ အိမ်ကမျောက်လောင်းတွေအကြောင်း ကျွန်တော်သိတယ်ဗျ" ဟူ၍ မှတ်ချက်ပေးကာ လူချင်းခွဲလိုက်ကြသည်။

## အထက(၁)စမ်းချောင်း ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန်၊ အောက်တိုဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၊ မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၈ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်းရှိ ကံ့ကော်ခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများက "အထက(၁)စမ်းချောင်း" ကျောင်းသီချင်းကို သီဆိုကြပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် အစီအစဉ်အရ သဘာပတိ ကျောင်းအုပ်ကြီး ဒေါက်တာ စန္ဒာမြင့်မြင့်မိမ်းက အမှာစကားပြောကြားပြီး ခွင့်ရက်မပျက်တာဝန်ထမ်းဆောင်ကြသော ဆရာမများနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်အောင်သင်ကြားပေးသော ဆရာမများအားလည်းကောင်း၊ ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် နှစ်ဘာသာ၊ တစ်ဘာသာဂုဏ်ထူးရှင်များအားလည်းကောင်း၊ အတန်းအလိုက် အဆင့် (၁)မှ အဆင့်(၁၀)အတွင်း ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများအားလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြသည်။

ထို့နောက် နဝမတန်းကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းသီဆိုကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ အထက(၁)စမ်းချောင်းသည် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ၆၇ ဦး အနက် ၂၇ ဦး၊ (၄၀ ဒသမ ၃၀ ရာခိုင်နှုန်း)ဖြင့် အောင်မြင်ခဲ့သည်။ **(ကြေးမုံ)**



**စမ်းချောင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာ စန္ဒာမြင့်မိမ်းက တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသော မောင်အောင်မြတ်မိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။**

## မြင်းခြံမြို့ အမှတ်(၆) ရပ်ကွက် ဘိုချိုကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် Public Digital Library Service စက် တပ်ဆင်ပေး

**မြင်းခြံ၊ အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်နှင်းရည်နှင့် ဝန်ထမ်းများသည် မြင်းခြံမြို့ အမှတ်(၆) ရပ်ကွက် ဘိုချိုကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် Public Digital Library Service စက်အား တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

Public Digital Library Service စက်ကို တပ်ဆင်ပြီးနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဝန်ထမ်းများက စာကြည့်တိုက်သို့ လာရောက်၍ စာဖတ်သူများနှင့် Public Digital Library Service ကို သုံးစွဲလိုသူများအား အသုံးပြုနည်းနှင့် Download ဆွဲနည်းများကို ရှင်းပြခဲ့သည်။

ထို့နောက် ဘိုချိုစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်လှိုင်က အသုံးပြုသူများအနေဖြင့် မိမိတို့ဖတ်ရှုလိုသည့် စာအုပ်များကို Download ဆွဲယူပြီး အားလပ်သည့်အချိန်များ၌ အလွယ်တကူ ဖတ်ရှုနိုင်သောကြောင့် အချိန်ကုန်သက်သာကြောင်း၊ သုံးစွဲရာတွင်လည်း ရိုးရှင်းလွယ်ကူကြောင်း၊ မြင်းခြံမြို့နယ်အတွင်းရှိ စံငါးချက်ညီစာကြည့်တိုက်များထဲမှ မိမိတို့၏ ဘိုချိုကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ပထမဆုံးတပ်ဆင်ပေးခြင်းကြောင့် ဂုဏ်ယူမိကြောင်း၊ ထိုသို့တပ်ဆင်ပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောပြခဲ့သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



### အိမ်ရောင်းမည်
ပေ(၂၅×၄၀) RC နှစ်ထပ်၊ ဂရန်အမည်ပေါက်၊ ရေ၊ မီး၊ လိုင်းဖုန်း၊ အမှတ်(၂၂)၊ ၂၁လမ်း၊ ပန်းလှိုင်ရပ်ကွက်၊ ပဲခူးမြို့။
ဖုန်း-၀၅၂-၂၁၃၆၈၊ ၀၉-၅၆၇၀၃၄၆

### စုမြတ်သူ
Small & Medium လုပ်ငန်းများအတွက် စာရင်းလချုပ်၊ နှစ်ချုပ်ရေးဆွဲခြင်း
ဖုန်း- ၀၉-၈၆၃၆၇၁၂၊
၀၉-၂၅၄၁၄၇၈၄၉






### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၆၄၁/က+ခ) အကျယ်အဝန်းပေ(၄၀×၆၀)ရှိ ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ချမ်းသာသုခလမ်း၊ အမှတ်(၆၄၁/က+ခ)ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချသူ ဦးသန်းထွန်း[၉/သတန(နိုင်)၀၆၉၂၄၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်၍ အဆိုပါမြေနှင့်အဆောက်အအုံတို့တွင် အကျိုးသက်ဆိုင်သူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလွင်အောင်ဦး LL.B,LL.M,Dip in Business Law BDS
ကုမ္ပဏီဥပဒေအကြံပေးရှေ့နေ(၂၈၈၇၂)
ရုံးအမှတ်-၈၄၊ ပထမထပ်၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၀၂၅၅၅၅၅၅၊ ၀၉-၂၅၀၆၄၂၅၁၆
http/www.lwinlawfirm.com

# အမျိုးသား၊ အမျိုးသမီး ဒုတိယရဲအုပ်လောင်းများ ဇီးပင်ကြီး စစ်ရေးပြကွင်း၌ သင်တန်းဆင်းပွဲ ကျင်းပ တည်ငြိမ်အေးချမ်းပြီး ဘေးကင်းလုံခြုံသော လူ့အဖွဲ့အစည်းဖြစ်ရေး မှုခင်းများကို ထိရောက်စွာထိန်းချုပ်

**နေပြည်တော်၊ အောက်တိုဘာ ၂၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ် (၇၆/၂၀၁၃) ရဲသူရိန်တပ်ခွဲနှင့် အမှတ်စဉ် (၇၇/၂၀၁၃) တေဇတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက် နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီးရှိ ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ တပ်ဖွဲ့မှူးများ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနမှ အရာရှိကြီးများ၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီးနှင့် အရာရှိများ၊ သင်တန်းသားများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် ရဲချုပ်က ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူပြီး သင်တန်းဆင်းတပ်ခွဲများကို စစ်ဆေးခဲ့သည်။ ထို့နောက် သင်တန်းဆင်းတပ်ခွဲများမှ ဒုတိယရဲအုပ်လောင်းများက ရဲချုပ်အား အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် ရဲချုပ်က ရဲသူရိန်တပ်ခွဲမှ အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း အောင်ကျော်ထွေး၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဝေမင်းထွန်း၊ ဥပဒေဘာသာရပ် ထူးချွန်ဆုရ ဒုတိယ ရဲအုပ်လောင်း ထက်မြတ်နိုး၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဖြိုးဖြိုးအိ၊ အင်္ဂလိပ်စာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ရဲလင်းကျော်တို့အားလည်းကောင်း၊ တေဇတပ်ခွဲမှ အကောင်းဆုံးကျောင်းသားဆုနှင့် ဥပဒေဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်းထွန်းထွန်း၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း သူရအောင်၊ ကွန်ပျူတာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း အောင်ဗလ၊ အင်္ဂလိပ်စာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဝေဖြိုးလှိုင်တို့အား ဆုများကိုချီးမြှင့် ခဲ့ကြသည်။

အခမ်းအနားတွင် ရဲချုပ်က မိန့်ခွန်းပြောကြားရာ၌ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရာတွင် တရားဥပဒေစိုးမိုးရေးသည် အဓိကအသက်သွေးကြောဖြစ်သောကြောင့် မိမိတို့ကိုယ်တိုင်က တာဝန်သိမှု၊ တာဝန်ရှိမှုတို့ဖြင့် လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရန်အတွက် တရားဥပဒေစိုးမိုးရေးသည် အသက်ဝိညာဉ်ပမာ မဖြစ်မနေလိုအပ်ကြောင်း၊ တရားဥပဒေစိုးမိုးမှုသာ တည်ငြိမ်အေးချမ်းမှုရှိမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တပ်ဖွဲ့ဝင်အားလုံးက အဓိက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ ပြည်သူလူထုအတွက် အေးချမ်းသာယာပြီး ဘေးကင်းလုံခြုံမှုရှိသည့် အနာဂတ်ဆီသို့ ဦးတည်ဆောင်ရွက်ရာမှာ ပြောင်းလဲတိုးတက်လာသော ခေတ်ကာလအခြေအနေအလိုက် ဖြစ်ပေါ်လာသည့် မှုခင်းနှင့် အကြမ်းဖက်မှုများကို ကြိုတင်ကာကွယ်တားဆီးသွားကြရမှာဖြစ်ကြောင်း၊ အကြမ်းဖက်မှုများဖြစ်ပေါ်ခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ဒဏ်ရာဒဏ်ချက်များကို ဖြစ်ပေါ်စေရုံသာမက အခြေခံလူ့အခွင့်အရေးများ၊ အခွင့်အလမ်းများနှင့်တရားမျှတမှုရှိရေး ရည်မှန်းချက်များ အောင်မြင်နိုင်ရေးတို့ကိုအတားအဆီးဖြစ်စေကြောင်း၊ တရားဥပဒေစိုးမိုးမှုအောက်တွင် တည်ငြိမ်အေးချမ်းပြီး ဘေးကင်းလုံခြုံသော လူ့အဖွဲ့အစည်းဖြစ်ရေးတို့အတွက် မှုခင်းများကို ထိရောက်စွာ ထိန်းချုပ်နိုင်ရမည်ဖြစ်ကြောင်း ရဲချုပ်က ပြောကြားခဲ့သည်။

ထို့ပြင် ရဲချုပ်က ဘေးကင်းလုံခြုံသော လူ့အဖွဲ့အစည်းဖြစ်ရန် ပြည်တွင်းပဋိပက္ခများကိုလည်း ထိရောက်စွာ တားဆီးဟန့်တားနိုင်ရမည်ဖြစ်ကြောင်း၊ ၎င်းတို့နစ်နာမှုအတွက် အကြမ်းဖက်မှုများကို နောက်ဆုံးလက်နက်အဖြစ် အသုံးမပြုစေရန် အသိပေး ဖေးမကူညီ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရာတွင် အခြေခံလူ့အခွင့်အရေးများနှင့် ဒီမိုကရေစီနည်းအရ လူ့အဖွဲ့အစည်းတစ်ခု၏ လွတ်လပ်ခွင့်များနှင့်အညီ ပြည်သူများအား ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးကြရမှာဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဓိကအရေးအကြီးဆုံးမှာ အကျင့်ပျက်ခြစားမှုများကို အထူးရှောင်ကြဉ်ရမှာဖြစ်ကြောင်း၊

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ရဲတပ်ဖွဲ့တစ်ခု၏အင်္ဂါရပ်ဖြင့် ပြည့်စုံရန်နှင့် အမျိုးသမီးထုအများစုရှိနေသော လူ့အဖွဲ့အစည်းများအတွက်ပါ ပိုမိုကောင်းမွန်သော တုန့်ပြန်မှုများပေးနိုင်ရန် အမျိုးသမီးတပ်ဖွဲ့ဝင်အင်အားကိုလည်း စနစ်တကျ တိုးချဲ့နေကြောင်းလည်း ပြောကြားခဲ့သည်။

ဆက်လက်၍ အမျိုးသမီးရဲတပ်ဖွဲ့ဝင်များ အခန်းကဏ္ဍနှင့် ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အမျိုးသမီး Victim များကို နားလည်မှုအပြည့်နှင့် ထိရောက်စွာကူညီပေးနိုင်ရန် အမျိုးသမီးတပ်ဖွဲ့ဝင်အင်အားကို စနစ်တကျ တိုးချဲ့နေပြီဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝှမ်းတွင်ရှိနေသော တရားဥပဒေစိုးမိုးရေးနှင့် လူထုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကျွမ်းကျင်ထက်မြက်ပြီး အရည်အချင်းပြည့်ဝသော အမျိုးသမီးတပ်ဖွဲ့ဝင်များ အရေးတကြီး လိုအပ်နေ၍ နိုင်ငံများစွာတွင် ရဲတပ်ဖွဲ့ဝင်များ၌ အမျိုးသမီးအရာရှိများ တိုးမြှင့်ဖြည့်ဆည်းရန် ကြိုးစားနေကြောင်း၊ အမျိုးသမီးရဲအရာရှိများ၏ အင်အားများသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ရည်မှန်းချက်များနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ရဲတပ်ဖွဲ့တစ်ခု၏ အင်္ဂါရပ်နှင့် ပြည့်စုံရန်အတွက်သာမက အမျိုးသမီးထုအများစုရှိနေသော လူ့အဖွဲ့အစည်းများအတွက်ပါ ပိုမိုကောင်းမွန်သော တုံ့ပြန်မှုများ ပေးနိုင်ရန်အတွက်ဖြစ်ကြောင်း၊အမျိုးသမီးတပ်ဖွဲ့ဝင်များသည် လူလူချင်းဆက်ဆံမှုဆိုင်ရာ Interpersonal Skill မြင့်မားသည့် ဆက်ဆံရေးကောင်းမွန်သူ၊ Good Co mmunicatorတွေ ဖြစ်နေ၍ဖြစ်ကြောင်း၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် အချိုးမညီစွာကျရောက်နေသည့် အကြမ်းဖက်မှုများဖြစ်သော Sexual and gender based violence များကို ကိုင်တွယ်ဖြေရှင်းသည့်နေရာတွင် အလွန်အရေးပါသည်ကို ကုလသမဂ္ဂ အမျိုးသမီးရဲတပ်ဖွဲ့အပါအဝင် နိုင်ငံတကာရဲတပ်ဖွဲ့အားလုံးက လက်ခံထားကြကြောင်း ရဲချုပ်ကပြောသည်။

အဆိုပါသင်တန်းသို့ ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၇၆/၂၀၁၃) ရဲသူရိန်တပ်ခွဲ၊ ပြင်ပဘွဲ့ရ အမျိုးသား ၈၃ ဦး၊ အမျိုးသမီး ၁၁၈ ဦး စုစုပေါင်း ၂၀၁ ဦး၊ ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ် (၇၇/၂၀၁၃) တေဇတပ်ခွဲ၊ တပ်တွင်းဘွဲ့ရ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အမျိုးသား ၁၀၇ ဦး၊ မီးသတ်ဦးစီးဌာနမှ အမျိုးသား ၃၀ ဦး၊ အကျဉ်းဦးစီးဌာနမှ အမျိုးသား ၁၈ ဦး၊ စုစုပေါင်း ၁၅၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။**(ကြေးမုံ)**

## ကျေးရွာချင်းဆက် အုန်းပင်ချောင်း ချောင်းကူးတံတား ပြီးစီးသွား၍ပြည်သူများ ဝမ်းသာ

**တွံတေး အောက်တိုဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် တွံတေးရေကျော်၊ ကော့မှူး၊ ကွမ်းခြံကုန်း သုံးမြို့နယ် ဆက်သွယ်ထားသော ကားလမ်းနှင့်တွံတေးတူးမြောင်းကြားရှိသော ကျေးရွာများသွားလာမှု လွယ်ကူစေရန်အတွက် အုန်းပင်ချောင်း ချောင်းကူး တံတားပြီးစီးသွားပြီဖြစ်ကြောင်းသိရသည်။

ထို့အတူ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းစုလေး၊ အုန်းပင်ချောင်း၊ ရွှေလှေချောင်း(တွံ)ကြီးလမုကျေးရွာချင်းဆက်မြေသားလမ်း ၇မိုင် ၅ဖာလုံ ဖောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်သည်။ ယင်းမြေသားလမ်းပေါ်ရှိ အုန်းပင်ချောင်း ချောင်းကူတံတားကို ယခင်နှစ်ပေါင်း(၅၀)ကျော်ထိ နှစ်စဉ်ဝါးပိုးဖြင့် ဝါးတံတားနှစ်စဉ်ထိုး၍ သွားလာရသည့် ဘဝမှ ယခုအခါ အုန်းပင်ချောင်း ချောင်းကူတံတားကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့်ငွေကျပ်သိန်း(၅၀၀၀)အကုန်ကျခံကာ အရှည်ပေ(၃၀၀)၊ အကျယ်(၂၂)ပေ၊ အမြင့်(၁၁)ပေ သံကူကွန်ကရစ်တံတားကို ဖေဖော်ဝါရီလမှစတင်ဆောက်လုပ်ခဲ့ရာ ယခုအခါ ပြီးစီးသွားပြီဖြစ်သည်။

တံတားပြီးစီးသွားသည့်အတွက် ဒေသလမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်လာပြီး ယခင်ဝါးတံတားကိုသာ အားကိုး ရသော ကျေးလက်ပြည်သူလူထုအတွက် ယခုအခါခံ့ညားထည်ဝါသော တံတားသစ်ကြီးပေါ်မှ ဖြတ်သန်းသွားလာရသည့်အတွက်ဝမ်းသာပီတိဖြစ်နေရကြောင်း ဒေသခံတစ်ဦး၏ ပြောပြချက်အရသိရသည်။ **မျိုးလှိုင်(တွံတေး)**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ယာဉ်အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်သွားလာနိုင်ရေးအတွက် မြို့နယ်လမ်းများတိုးချဲ့ခြင်း၊ တံတားများတိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကိုအရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ် ၂၂လမ်းနှင့် ၈၆ လမ်းထောင့်တွင် မူလလမ်းကို ၁၅ ပေခန့် တိုးချဲ့ကာ မြောက်ဘက်ခြမ်းတံတားနှင့် လက်ရန်းတံတားများ ပြုလုပ်ပြီးဖြစ်၍ ယာဉ်များသွားလာနိုင်ရေးအတွက် ခေတ်မီယန္တရားစက်ကြီးများဖြင့် နေ့ချင်းပြီးဆောင်ရွက်နေသည်ကို အောက်တိုဘာ ၂၄ ရက်က တွေ့ရသည်။**

သတင်းနှင့် ဓာတ်ပုံ - ထွဏ်းလှအောင်(မန္တလေး)




## အထူးသတင်းကောင်း

အသည်းနှင့်အစာအိမ်၊ အူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ဆီးနှင့်ကျောက်ကပ်ဆိုင်ရာရောဂါများ၊ မီးယပ်ဆိုင်ရာ ကင်ဆာရောဂါများအတွက် ၈-၁၁-၂၀၁၄ ရက်တွင် အထူးအစီအစဉ်ရှိပါသည်။

စုံစမ်းမေးမြန်းရန်
ZAW MAUNG MEDICAL SERVICES
Ph:01-527930, 09-5154047, 09-421081127, 09-73191864

## ရောင်းမည်

အမှတ်(၂) လေးထောင့်ကန်လမ်းမကြီးပေါ် AKK Shopping Mall အနီး ပေ(၂၀×၆၂) နှစ်ထပ်အိမ်၊ ဘိုးဘွားပိုင်မြေ နှစ်(၆၀)ဂရန်လုပ်ထားဆဲ။

ဖုန်း-၀၉-၅၁၈၇၅၉၁၃၉၆

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ဇော်မိုး[၁၀/ခဆန (နိုင်)၀၃၂၁၄၀]၏ PS No(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၂၈၁

## ဖခင်အမည်မှန်

မုဒုံမြို့၊ အထက(၃) ဒသမတန်း(B)မှ မလှဲ့လှဲ့ခိုင်၏ ဖခင်အမည်မှန်မှာ ဦးမန်းတင်အောင် [၁၀/မဒန(နိုင်)၀၀၉၂၉၇] ဖြစ်ပါကြောင်း။

## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

Showroom၊ ဂိုဒေါင်၊ Condo ဆောက်လုပ်ရန် အချက်အချာဂရန်မြေ
(40'×60') အာသာဝတီလမ်းမ၊ မြောက်ဥက္ကလာပ
(50'×60') အာသာဝတီလမ်းမ၊ မြောက်ဥက္ကလာပ
(20'×60') အာသာဝတီလမ်းမ၊ မြောက်ဥက္ကလာပ
Ph:0973032477, 095010124 အကျိုးဆောင်များ ၁%ပေးမည်။



# ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်းတည်ဆောက်ရန် တင်ဒါအောင်မြင်

**မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ရေမြေတောတောင်သဘာဝများက ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်လျက်ရှိနေပါသည်။ ပြည်ပဧည့်သည်များ ဝင်ရောက်မှုများလာသည်နှင့်အတူ ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများ၊ ပို့ဆောင်ရေးလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များ စသည်တို့ ပိုမိုတိုးပွားလာကာ မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာခဲ့ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းကလည်း အထောက်အကူပြုလျက်ရှိသည်။**

သတင်းမှတ်စု-စိုးစိုးနိုင်(ကြေးမုံ)
ဓာတ်ပုံ-ဇာဏီ(ကြေးမုံ)

လက်ရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ထပ်မံတိုးချဲ့တည်ဆောက်ရန် မြေနေရာအခက်အခဲရှိသည့်အတွက် အနာဂတ်ကာလတွင် နိုင်ငံတကာအဆင့်မီ လေဆိပ်အသစ်တစ်ခုလိုအပ်လာပါသဖြင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကျောက်တိုင်ကန်ကျေးရွာအနီး မြေအကျယ်အဝန်း ဧက ၆၉၆၀ တွင် ကနဦး တစ်နှစ်လျှင် ခရီးသည် ၁၂ သန်း ကိုင်တွယ်နိုင်သည့် ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်အသစ်တည်ဆောက်ရန် ရည်ရွယ်၍ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းရှင်များအား တင်ဒါခေါ်ယူခဲ့သည်။



ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်းတည်ဆောက်ရန် ယခင်တင်ဒါပွဲတွင် အရန်အဖြစ်ရွေးချယ်ခံရစဉ်က တင်သွင်းခဲ့သော Yangnam CAPE-JGC Consortium ၏ လေဆိပ်ပုံစံငယ်ကို တွေ့ရစဉ်။

ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်းတင်ဒါခေါ်ယူခြင်းနှင့် စပ်လျဉ်း၍ ယနေ့ နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ လေကြောင်းပညာသိပ္ပံကျောင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်းက ရှင်းလင်းပြောကြားရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် လေယာဉ်ပြေးလမ်း၊ အလေးဝန်ခံနိုင်မှုနှင့် တိုးချဲ့ရန် မြေနေရာကန့်သတ်ချက်များရှိပြီး တိုးတက်များပြားလာသော

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

## ယနေ့မာတိကာ

အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်သစ်တွင် ပူးပေါင်းပါဝင်မှုသည် စနစ်သစ်အောင်မြင်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်
စာမျက်နှာ - ၁၁

အာမခံအလုပ်သမား တစ်သောင်းခန့်အား ခံစားခွင့် သန်း ၉၀ ခန့် လစဉ်ထုတ်ပေးလျက်ရှိ
စာမျက်နှာ - ၁၂

ပထမအကြိမ် အာရှဖိတ်ခေါ် ခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပမည်
စာမျက်နှာ - ၁၃

# တောင်ကြီးမီးပုံးပျံလွှတ်တင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်

**တောင်ကြီး အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့၌ နှစ်စဉ်အစဉ်အလာမပျက် ကျင်းပလျက်ရှိသည့် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကို ယနေ့(အောက်တိုဘာ ၃၀)ရက်မှ နိုဝင်ဘာ ၇ ရက်အထိ အဝေယာကုန်းသာယာမီးပုံးပျံကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်သည်။ ပြိုင်ပွဲကို နေ့လွှတ်နှင့် ညလွှတ်ဟူ၍ အစီအစဉ်နှစ်ရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။ နေ့လွှတ်မှာခြေနှစ်ချောင်း၊ ခြေလေးချောင်းသတ္တဝါများအား အရုပ်ကြီးများပြုလုပ်ကာ ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ညလွှတ်မှာ အဆင်တန်ဆာအလှအပစုံစုံညီညီခြယ်သယှဉ်ပြိုင်သည့် စိန်နားပန်နှင့် ယမ်းမီးပေါက်ကွဲမှုဖြင့် မျက်စိပသာဒဖြစ်အောင် ယှဉ်ပြိုင်သည့် မီးကြီးတို့ပင်ဖြစ်သည်။ ပြိုင်ပွဲယှဉ်ပြိုင်မှုများနှင့်ပတ်သက်၍ ကျင်းပရေးကော်မတီမှ တွဲဖက်အတွင်းရေးမှူး ဦးတင်ဝင်းနှင့်တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**မေး။ ။ဒိုင်အဖွဲ့မှာ တာဝန်ယူခဲ့တာ ဘယ်လောက်ကြာပါပြီလဲ။ ပြိုင်ပွဲစတင်ခဲ့ပုံကို အနည်းငယ်ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ဒိုင်အဖွဲ့မှာ ကျွန်တော်တာဝန်ယူခဲ့တာ နှစ်ပေါင်း ၅၀ ရှိပါပြီ။ ဒီမီးပုံးပျံပွဲက အရင်တုန်းက တောင်ကြီးမြို့က ဝါသနာရှင်တွေ ဖွဲ့စည်းပြီး လုပ်ခဲ့တာပါ။ မီးပုံးပျံတွေကလည်း အခုလောက် မကြီးသေးဘူး။ ၁၆ ပေ၊ ၁၇ ပေက အကြီးဆုံးပဲ။ နောက်ပိုင်းမှ ပေ ၂၀၊ ၂၄ ပေတို့ဖြစ်လာတာ။ အရင်တုန်းက ပြိုင်ပွဲတွေက ပထမတန်း၊ ဒုတိယတန်းဆိုပြီး ခွဲထားတာ။ အဲဒီတော့ ဘာဖြစ်လာလဲဆိုရင် မသမာတဲ့နည်းလမ်းတွေ သုံးလာကြတယ်။ ဘယ်လိုမသမာတဲ့နည်းလဲဆိုရင် သတ်မှတ်ထားတဲ့ပေထက် ခိုးကြီးပြီး ဆုရရှိရေး လုပ်ဆောင်လာတာပဲ။ ဒါကြောင့် အဲဒီစနစ်ကို မသုံးတော့ဘူး။

**မေး။ ။မီးပုံးပျံပြုလုပ်လာတဲ့ ရေစီးကြောင်းလေးလည်း ရှင်းပြပေးပါဦး။**

ဖြေ။ ။မီးပုံးပျံပြုလုပ်တဲ့ အပိုင်းကလည်း အခုခေတ်ရေစီးကြောင်းနဲ့ တော်တော်လေးကို တိုးတက်လာတာတွေ့ရတယ်။ အခုမီးပုံးပျံကို ၂၅ ပေ သတ်မှတ်ထားတယ်။ ၂၅ ပေ သတ်မှတ်ရတာကလည်း အောက်ကချိတ်မယ့်ယမ်း ပိဿာ ၄၀ လောက်ကို နိုင်နိုင်နင်းနင်း ချိတ်ဆွဲလွှတ်တင်နိုင်အောင်ပါ။ ၂၄ ပေဆိုရင် အဲဒီလောက်ယမ်းပိဿာကို နိုင်နိုင်နင်းနင်း မလွှတ်တင်နိုင်လောက်တော့ဘူး။ ဒါကတော့ မီးပုံးပျံပြုလုပ်လာတဲ့ ရေစီးကြောင်းပေါ့။

**မေး။ ။မီးပုံးပျံပွဲလာကြည့်မယ့် ပရိသတ်တွေနဲ့ ယှဉ်ပြိုင်ကြမယ့် အဖွဲ့တွေရဲ့ လုံခြုံရေးအတွက်ကော ဘယ်လိုစီစဉ်ထားပါသလဲ။**

ဖြေ။ ။ပရိသတ်တွေကော၊ ယှဉ်ပြိုင်ကြမယ့် အဖွဲ့တွေကော အားလုံး အန္တရာယ်ကင်းရှင်းအောင် သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းပြီး အကောင်းဆုံး၊ စိတ်အချရဆုံးဖြစ်အောင် စီစဉ်ထားပါတယ်။

**မေး။ ။ဒိုင်တွေက ဘယ်လိုအချက်အလက်တွေကိုကြည့်ပြီး အမှတ်ပေးတာပါလဲ။**

ဖြေ။ ။လူအယောက် ၅၀ နဲ့ ဖွဲ့စည်းထားတဲ့ အမှတ်ပေးဒိုင်ခုနစ်ဖွဲ့ရှိတယ်။ ကွင်းထဲမှာ နှစ်ဖွဲ့၊ အပေါ်ကကြည့်တာ ငါးဖွဲ့။ ကွင်းထဲက မှိုင်းခံတဲ့ ပုံသဏ္ဌာန် အမှတ်ပေးအဖွဲ့က

စာမျက်နှာ ၇ ကော်လံ ၁ သို့





ကာဒ်
Ph:09-5418120

EUGENIA STAR
Tours & Travels

ရွှေတောင်တန်းနှုလက်တောင်း
Since 1968
ကြေးအိုးဘုရင်
KYAY OH KING
★SINCE-1968★
မှတ်ပုံတင်အမှတ်-၄၅၄၁
အမှတ်-168/188၊ အခန်း(၁) ၂၂လမ်း(အထက်)
☎ 01-242326, 01-242093
09-251035036

BONITA
Academy of English
IELTS, IGCSE, TOEFL, SAT,4 SKILLS
Young Learners English Cambridge Exams
Starters, Movers, Flyers, KET, PET, FCE...
No.142, 1st.Fl., 46th St., Botahtaung Tsp., Yangon
Ph. 01294328, 095056872, 09254127116

FEG
Future Engineer Generation Training School

အမြန်ဝယ်လိုသည်
Ph -09-73000783, 09-421116745

"Horoscopes"

ဆီအောက်ဆာကားရောင်းရန်ရှိသည်
၁၈/....၊ ၃၈/....၊ Nissan Resone, Model-1987
ရှစ်ဘီး၊ ဂါလံ- ၂၈၀၀ဆံ့
ဆီအောက်ဆာကားငှားရန်ရှိသည်၊ (လစျေး)
၂၈/....၊ Nissan Resone, Model-1987
ရှစ်ဘီး၊ ဂါလံ- ၃၂၁၀၀ဆံ့
Ph: 09-5177229, 09-5016870

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
2004,Nissan Caravan ဒီဇယ် , 3000cc, ၁၀ယောက်စီး၊ AC, PW, PS, AT (စတီ)
2010, Misubishi Colt Plut ပုံပြောင်း၊ 1300cc,TV, BC, AAC, PS, AT, PW (စတီ)
2004, Subaru Sambar Mini Box Truck,660cc, AB,AC,PS,AT ပုံးခြောက်(3G-4478)
2004.Misubishi Truck, 660cc, AB, AC, PS, AT (6G-1984)
2003, Mazda Scrum Box Truck, 660cc, AB, AC.PS, AT အအေးခန်းကား(2G-9176)
Ph:09-5164287,09-450048797

"အရွယ်ရောက်သူတိုင်းယာဉ်မောင်းတတ်ရမည်"
ALL ADULTS MUST BE ABLE TO DRIVE
(NEW ASIA)
Ph-661807,667838,09431908384,09431731 50
Ph-09 73249138,09 43171607,09 43108381

MICO
T-SHIRT= 650Ks
01-433916, 09-33337126,09-5141086, 09-73244061


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစု(အရှေ့)ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ်(၂၆)၊ မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၈)ထပ်တိုက်၏ မြေညီထပ်၊ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း ပေ(၁၅×၆၀) အကျယ်အဝန်းရှိ တိုက်ခန်းအား မြေရှင်၊ အခန်းပိုင်ရှင်ဖြစ်သူမှ တစ်ဦးတည်းပိုင်ဆိုင်ကြောင်း ဝန်ခံလျက် ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှလည်းဝယ်ယူရန် သဘောတူသည့်အတွက် အရောင်းအဝယ်ပြုလုပ်ကြရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ခိုင်မာသည့်စာရွက်စာတမ်း၊ အထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်အား ပြီးဆုံးအောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သော်သော်သက်တင် (LL.B) W.I.P.O (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၃၈၁၄၃)**
**အမှတ်(၇၁)၊ နိဗ္ဗာန်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၀၇၂၃၅၄၊ ၀၉-၂၅၀၀၂၃၆၈၈**

## ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ဒေါနလမ်း၊ ခြံအမှတ်(၁၁၅)၊ အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ကျားကွက်သစ်လမ်း၊ အိမ်အမှတ် (၄၆) နေ ဒေါက်တာမျိုးမြင့်စီ၏ တင်ပြလွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ဒေါနလမ်း၊ ခြံအမှတ်(၁၁၅) အနက်မှ ဒေါနလမ်းကို မျက်နှာမူလျက် အနံ -၂၅ ပေ၊ ၎င်းနောက်ကို အလျား-၁၀၀ ပေ၊ ဧရိယာ-ပေ(၂၅×၁၀၀) ကျယ်ဝန်းသော မြေကွက်ကို မူလအမည်ပေါက် ဦးတင်မောင်လေး၊ ဒေါ်မြစိန်ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆင့်ဆင့်အရ ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်ပါသည်ဟု ဝန်ခံကတိပြုသူ ဦးသန်းအေး[၇/ကဝန(နိုင်)၀၆၁၉၁၄]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဒေါက်တာမျိုးမြင့်စီက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း သက်သေ၊ လူသက်သေတို့ဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တင်ပြလွှဲအပ်ချက်အရ**
**ဦးမင်းသက်ဇင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၃၅၈၆၈)**
**အမှတ်-၁၁၀၄(ခ)၊ ခရမ်းပြာလမ်း၊ ၁၀၇-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉၄၂၀၀၄၀၈၄၇၊ ၀၉၂၅၁၀၂၇၅၁၁**


## တောင်သူဦးကြီးများအတွက်

စပါးရိတ်သိမ်းခြွေလှေ့စက်များကို အထူးဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၄၁၇၄၄၊**
**၀၉-၅၀၃၂၂၆၅၊**
**၀၉-၅၁၉၃၂၁၀။**

| | | | |
|---|---|---|---|
| 1.ရွှေဂုံတိုင် | (50×130) | မြေ | 22000L |
| 2.ပြည်လမ်းမ(ဂွတ်) | (75×57) | 2RC | 18000L |
| 3.တာမွေလမ်းမ(နေရာကောင်း) | (20×72) | 2BN | 9800L |
| 4.(၈)မိုင်ပြည်လမ်းသွယ် | (52×120) | မြေ | 9000L |
| 5.ကမာရွတ်(နေရာကောင်း) | (60×50) | မြေ | 8500L |
| 6.မြသုဝဏ္ဏ(VIP) | (91×91) | မြေ+ဆောက်ပေး | 7500L |
| 7. | (20×60) | 2BN | 7000L |
| 8. | (60×60) | မြေ+ပါမစ်15sft-1.8L | |
| 9. | (20×60) | 2BN | 5500L |
| 10. | (40×60) | မြေ | 5400L |
| 11. | (20×60) | မြေ | 4900L |
| 12. | (36×60) | 1PT | 4500L |
| 13.Snow Garden | (36×90) | မြေ | 4300L |
| 14. | (40×60) | မြေ | 3600L |
| 15. | (20×90) | မြေ | 3500L |
| 16. | (25×55) | မြေ | 2570L |
| 17. | (30×60) | 1RC | 2550L |
| 18. | (42×60) | RC1½ | 2500L |
| 19.(၁၀)မိုင် ပြည်လမ်း | (42×52) | မြေ+ကန် | 2500L |
| 20. | (65×60) | မြေ+ပါမစ် | 1800L |
| 21.(၃၅)ရပ်ကွက် | (40×60) | 1BN | 1550L |
| 22. | (20×60) | မြေ | 1350L |

☎ - 09450018666, 0973494343, 0973054542

# မော်ကွန်းတင်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

၂၄-၁၀-၂၀၁၄ ရက် Sedona Hotel(Grand Ball Room)၌ ကျင်းပပြုလုပ်ခဲ့သည့် မော်ကွန်းတင်ထိမ်းမြားမင်္ဂလာပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော မြို့တော်ဝန် ဦးလှမြင့်နှင့်ဇနီး ဒေါ်ခင်အေးနွယ်တို့အားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးရာတွင် နာယကကြီးအဖြစ် ဆောင်ရွက်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေနှင့်ဇနီး ဒေါ်နန်းနှင်းဆီ၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဦးဝင်းနိုင်နှင့်ဒေါ်ဝေဝေမွန်(ရွှေဟိန်းထက်ကျောက်မျက်ကုမ္ပဏီ)၊ ဦးသိန်းဝင်းဇော်နှင့် ဒေါ်တင်လတ်မင်း (ရွှေဗျိုင်းဖြူကုမ္ပဏီ)၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်တေး သီဆိုပေးပါသော မဟေမာနေဝင်း၊ မင်္ဂလာတေးများဖြင့် ဖျော်ဖြေပေးကြပါသော နိုင်ငံကျော်တေးသံရှင်များ၊ မင်္ဂလာရှေ့ဆောင် လမ်းပြအဖြစ် ဆောင်ရွက်ပေးပါသော သိမ့်ဝင်းထက်၊ မင်္ဂလာပန်းများ ကြဲဖြန့်ပေးပါသော မေသိမ့်နွယ်အား လည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော နှင်းရတနာ၊ မင်္ဂလာလက်စွပ်ဗန်းကိုင် ဆောင်ပေးပါသော နန်းမျိုးသန္တာဝင်း၊ သတို့သားအရံများအဖြစ် ကူညီပေးပါသော မောင်စိုးပြေမြင့်၊ မောင်အောင် မျိုးမြင့်၊ မောင်သိန်းအုပ်အောင်ပိုင်၊ မောင်ရဲရင့်သူ၊ သတို့သမီးအရံများအဖြစ် ကူညီပေးပါသော မပိုးမတီတင်လတ်၊ မနန်းစန္ဒီမြင့်ဝင်း၊ မအိမြူသန့်ဇော်၊ မမေသင်းကြူတို့အားလည်းကောင်း၊ သတို့သား၊ သတို့သမီးနှင့် မင်္ဂလာ အရံများအတွက် မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်စီစဉ်ပေးပါသော မိုးကုတ်ပေါက်ပေါက်၊ Fashion Euphoria၊ သိင်္ဂီရွှေဝါပိုးထည်တိုက်၊ ရွှေဆင်တိုင်းပိုးထည်တိုက်၊ ဖိတ်စာများ စီစဉ်ဆောင်ရွက်ပေးပါသော ဒဂုံပုံနှိပ်တိုက်၊ မင်္ဂလာဦးဆွမ်းကျွေးတွင် မိတ်ကပ်စီစဉ်ပေးပါသော မေဦးမောင်၊ ဓာတ်ပုံနှင့်မှတ်တမ်းဗီဒီယိုများ ရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီ၊ Pre-wedding ဓာတ်ပုံများအား ရိုက်ကူးပေးပါသော နိုင်နိုင်ထွန်း(Exposure)၊ ပန်းအလှ ပြင်ဆင်ပေးပါသော အန်တီနီလာ(Eternal Flowers)၊ မေတ္တာဖြင့် ဖိနပ်များကို စီစဉ်ပေးပါသော ရွှေနဂါးဖိနပ်မှ တာဝန်ရှိသူများအားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ကမ်းပစ္စည်းများ စီစဉ်ပေးပါသောViriya အား လည်းကောင်း၊ စားသောက်ဖွယ်ရာများ တည်ခင်းဧည့်ခံပေးပါသော Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာပွဲအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးပါသော ဦးကျော်ဇေယျ၊ ဒေါ်နန္ဒာဝေဒီ (Home Galaxy Interior Mall)၊ မင်္ဂလာပွဲအစီအစဉ်အား တာဝန်ယူဆောင်ရွက်ပေးပါသော အန်တီမြတ် မြတ်ဦး၊ ဦးချိုကြီး(Royal Stars Event Planner Group)နှင့် ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေ ရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ၂၂-၁၀-၂၀၁၄ရက် ချမ်းမြေ့ရိပ်သာကျောင်း တွင် ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ၏ဇနီး ဒေါ်ခင်ဌေးမြင့်၊ ဆွေမျိုးမိတ်ဆွေ၊ သူငယ်ချင်းများနှင့် မင်္ဂလာပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ရပ်ဝေးရပ်နီးမှ နှစ်ဖက်ဆွေမျိုး မိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**

**မောင်သန့်စင်-မအေးအေးငြိမ်းအောင်**

ပေဟဝတီ ခရီးသွားလုပ်ငန်း

ရွှေပုလွင်
CityMart (တောင်ဥက္ကလာ)
ရွှေပုလွင် ဆိုင်သစ် ဖွင့်နေပြီ!

SONG LANGUAGE SCHOOL
ကိုရီးယားနိုင်ငံတွင်အလုပ်သွားရောက်လုပ်ကိုင်လိုသူများအတွက်
EPS – TOPIK ၂၀၁၃ သင်ရိုးသစ်သင်တန်းများ ကျောင်းအပ်လက်ခံပြီ
CENTER I
CENTER II

# ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ထရန်စဖော်မာအလှူရှင်များ ဖိတ်ခေါ်ခြင်း

ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးတွင် လက်ရှိအသုံးပြုဖော်နေလျက်ရှိသော လျှပ်စစ်ဓာတ်အားပေးစနစ်မှာ ဓာတ်အားမပြည့်သဖြင့် အလင်းရောင် လုံလောက်စွာ မရရှိသည့်အပြင် လျှပ်စစ်အန္တရာယ်ကြောင့် မီးဘေးအန္တရာယ်ဖြစ်ပေါ်စေခြင်း၊ လျှပ်စစ်ပစ္စည်းများ ပျက်စီးဆုံးရှုံးခြင်း စသည့်အခက်အခဲများဖြင့် တွေ့ကြုံနေရပါသည်။

သို့ဖြစ်ပါ၍ စေတီတော်ကြီးအား လုံလောက်သော အလင်းရောင်ဖြင့် ကြည်ညိုဖွယ်ရာ မီးပူဇော်နိုင်ရန် ၃၁၅-ကေဗွီအေ အော်တိုထရန်စဖော်မာ(၁)လုံးကို တပ်ဆင်ရန် စီစဉ်လျက်ရှိပါသည်။

၃၁၅-ကေဗွီအေ ထရန်စဖော်မာနှင့် ကေဘယ်ကြိုးများ သွယ်တန်းခြင်း ဆက်စပ်ပစ္စည်းများ အပါအဝင် ငွေကျပ်သိန်း (၃၆၀)ခန့် ကုန်ကျမည်ဖြစ်ရာ သဒ္ဓါကြည်လင် ပါရမီရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ မိမိတို့တတ်စွမ်းသမျှ ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ဂေါပကအဖွဲ့ရုံး၊ ဖုန်းနံပါတ်-၆၆၀၀၀၂၊ ၆၆၅၄၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**
**သီရိမင်္ဂလာကမ္ဘာအေးစေတီတော်**

# (အနောက်)စွန်းလွန်းဂူဝိပဿနာတောရကျောင်းတိုက်၊ အင်းတကော်(၁၁)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာဖိတ်ကြားလွှာ

ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့(အနောက်)စွန်းလွန်းဂူ ဝိပဿနာ တောရကျောင်းတိုက်တွင် ပုရိဝါမှထတော်မူကြသည့် ပဓာနနာယက ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တနန္ဒိယ (ဦးမဟာနာမ်) ဆရာတော်အမှူးပြုသော သံဃာတော်များနှင့် ပင့်သံဃာတော်တို့အား မတည်အလှူရှင်များဖြစ်ကြသည့် ဒေါက်တာခင်သီ၊ ဒေါက်တာသိန်းမြင့်-ဒေါက်တာခင်သင်းယု၊ သမီး-မယွန်းနဒီအောင်တို့နှင့် ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ (၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့) ၆-၁၁-၂၀၁၄ရက်တွင် မဟာဘုံကထိန်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကထိမတည်အလှူရှင်များနှင့်**
**ဒါယကာ/ဒါယိကာမများ**



# ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးသာမျိုးခိုင်[၁၂/တမန(နိုင်)၀၀၂၄၇၁]သည် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် တည်ရှိသည့် မြေကွက်များဖြစ်သော-

(၁) (၂၀)ရပ်ကွက်၊ မောင်းမကန်ကမ်းသာလမ်း၊ အမှတ်(၄၇၇/ခ)ဟု ခေါ်တွင်သည့် ပေ(၂၀×၆၀) အကျယ်ရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်တို့ကို အမည်ပေါက် ဒေါ်ယုမြတ်ထွေး[၁၂/မဂတ(နိုင်)၀၀၁၀၆၆]ထံမှလည်းကောင်း-

(၂) (၂၀)ရပ်ကွက်၊ မောင်းမကန်ကမ်းသာလမ်း၊ အမှတ်(၁၅၉၉/ခ)ဟုခေါ်တွင်သည့် ပေ(၂၀×၆၀) အကျယ်ရှိ ဒေါ်လှလှဝင်း အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်နှင့် မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်တို့ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အရ ပိုင်ဆိုင်သူ ဒေါ်တင်ရီ [၈/ပခက(နိုင်)၀၄၅၀၂၈]ထံကလည်းကောင်း-

အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ အသီးသီးပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် သက်ဆိုင်သူ မည်သူမဆို ခိုင်လုံသောအထောက်အထား၊ မှတ်ပုံတင်စာချုပ်စာတမ်းမူရင်း အပြည့်အစုံဖြင့် ဤကြေညာချက်ပါသည့်ရက်မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဦးသက်ကိုကို LL.B၊ အထက်တန်းရှေ့နေ (စဉ်-၂၇၂၂၆)**
**အမှတ်(၂၇/၂၉) ဒုတိယထပ်၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉ ၄၃၀၈၃၂၀၅**

# တိုက်ခန်းအမြန်ရောင်းမည်

လူနေထိုင်ရန်အသင့်၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ တာမွေ နတ်ချောင်းရပ်ကွက်၊ ပုညဝုမ္မနလမ်း၊ ဂီတအစည်းအရုံးရှေ့ နေရာသန့်။

(၈)လွှာ၊ ၃၉၆ သိန်း(ညှိနှိုင်း)

ဖုန်း-၀၉၅၁၁၆၅၁၀၊ ၀၉ ၄၂၀၄၁၅၇၄

# သွားနုတ္တသမီးအဖြစ်သတ်မှတ်ပြီး သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း မစန်းစန်းဝင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇)ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၆၆၄)နေ ဒေါ်ခင်စန်းမြင့် [၁၂/တမန(နိုင်)၀၈၈၀၅၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတင်ထွန်း(ခ)အေဒေးနှင့် ဒေါ်ခင်စန်းမြင့်တို့မှ မွေးဖွားသော သားသမီး(၆)ဦးအနက် သမီးဖြစ်သူ မစန်းစန်းဝင်း [၁၂/တမန (နိုင်)၀၈၆၅၃၁]သည် မိခင်၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိခင်အပေါ် စိတ်အနှောင့်ယှက်ဖြစ်စေရန်၊ စိတ်ဆင်းရဲမှုများဖြစ်စေရန်နှင့် ပြုမူပြောဆိုခြင်းတို့ကို ပြုလုပ်ခဲ့သည့်အပြင် ၎င်း၏သဘောဆန္ဒအလျောက် လက်ဝတ်လက်စားနှင့် ငွေကြေးများ ယူဆောင်၍ နေအိမ်မှဆင်းသွားသည့်အတွက် (၁-၇-၂၀၀၇) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၌ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခဲ့ပါသည်။ သို့သော် သား(၂)ဦးဖြစ်သော မောင်စံထွန်းနှင့် မောင်ကျော်ဆွေတို့မှာ ၎င်းတို့၏အစ်မ မစန်းစန်းဝင်းအား နောက်နောင်မိခင်ထံတွင် အေးချမ်းစွာ နေထိုင်စေပါမည်ဟု အာမခံစကားများနှင့် ဝန်ခံကတိများကြောင့် ကျွန်ုပ်၏ မိတ်ဆွေမှာ မိခင်မေတ္တာကြီးမားစွာဖြင့် ကရုဏာထား၍ ပြန်လည်ကြည့်ရှုစောင့်ရှောက်ပြီး မိခင်ငှားရမ်းလုပ်ကိုင်သည့်လုပ်ငန်းအပြင်အရင်းအနှီး ငွေကြေးများပေးအပ်ကာ ဦးစီး လုပ်ကိုင်ခွင့်ပြုခဲ့သော်လည်း မိခင်သဖွယ် ပြောဆိုဆက်ဆံခြင်း မပြုဘဲ ရိုင်းပြစွာပြောဆို ဆက်ဆံလာခဲ့ပါသည်။ ကျန်းမာရေးမကောင်း၍ ဆေးကုသခံယူနေရသော မိခင်၏ ဂုဏ်သိက္ခာ ကျဆင်းစေရန်လည်း မဟုတ်မမှန် ပြောဆိုနေသည့်အတွက် ကိုယ်စိတ်နှစ်ပါးဆင်းရဲကာ နစ်နာမှုများစွာ ခံစားနေရပါသည်။ မိခင်အားပြုစုစောင့်ရှောက်ခြင်း မရှိဘဲ ရန်သူသဖွယ် ဆက်ဆံပြုလုပ်၍ စိတ်ဆင်းရဲမှုများ အကြိမ်ကြိမ်ပြုမူဆောင်ရွက်နေသော မစန်းစန်းဝင်းအား သွားနုတ္တသမီးအဖြစ်သတ်မှတ်ပြီး သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်စန်းမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီတာစိုး**
**LL.B,D.S.W.D.C.S, C.A.B.S, WIPO**
**(Switzerland).Psychosocial Support**
**အထက်တန်းရှေ့နေ (စဉ်-၃၂၂၅၁)**
**ရွှေလက်အိမ်-(အိမ်၊ ခြံ၊ မြေ ရောင်း၊ ဝယ်၊ ငှားနှင့် ဥပဒေအကျိုးဆောင်လုပ်ငန်း)**
**ရုံး(၁) -အမှတ်(၃၀၇)၊ ဘုမ္မာ(၁၀)လမ်းထိပ်၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ရုံး(၂)- ရှေ့နေရုံးခန်း၊ (ဆ)ရပ်ကွက်၊ နွယ်သာကီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ် တရားရုံးအနီး။ ဖုန်း-၀၉-၄၃၁၂၉၀၃၆၊ ၀၉-၂၂၀၁၃၃၂၊ ၀၉-၃၃၁၂၅၅၈၂**

## မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မြို့သစ်အလယ်ရပ်ကွက်၊ မြို့သစ်လမ်း၊ အမှတ်(၁၅/ခ)နေ
ဦးစိန်ဝင်း(မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း၊ သီလဝါ)-ဒေါ်ရှုရင်တို့၏သား
မဖြိုးပပခိုင်(အောင်သိန်းသန်းပုံနှိပ်တိုက်)၏ မောင်

**မောင်စိုးမိုးအောင်(Business Management)**

**Dip. in IT(YTU), Dip.in German (YUFL)**

**GOLDEN ELEVEN GROUP SERVICE**

**နှင့်**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ထုံးကြီးရွာ၊ ဈေးပိုင်းရပ်နေ ဦးစိန်ဝင်း[ဦးစီးမှူး(ငြိမ်း)၊ သမဝါယမဦးစီးဌာန]-ဒေါ်ခင်ဝင်း
[အ-မ-က ကျောင်းအုပ်(ငြိမ်း)]တို့၏ သမီးလတ်၊ ကိုသန်းထိုက်-မဝင်းနွယ်သင်း၊ ကိုရန်နောင်ဝင်းတို့၏ညီမ၊
မနှင်းအေးခိုင်[အိမွန်-မိတ္တူ၊ ကွန်ပျူတာနှင့်စတိုး)၏ အစ်မ

**မအိမွန်သင်း B.Sc(Chemistry)**

**Master of Development Studies (Y.I.E)**

**Spanish Licensed Tour Guide**

**Private Tution Teacher**

တို့၏ ၁၁-၁၀-၂၀၁၄ ရက်တွင် PARK ROYAL HOTEL၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးအား ချီးမြှင့်ပေးပါသော ဦးသန်းလွင်(M.D-GOLDEN ELEVEN GROUP SERVICE) နှင့် ဇနီး ဒေါ်အေးမြဝတီတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဦးကျော်မင်း(Chairman-SHWE PYI NANN GROUP OF COMPANIES)နှင့်ဇနီး ဒေါ်သီသီလွင် (ရွှေနန်းတော်ဝင်ပိုးထည်တိုက်)၊ မင်္ဂလာအခမ်းအနားသို့ လူကိုယ်တိုင် ကြွရောက်ချီးမြှင့်နိုင်ခြင်းမရှိသော်လည်း မင်္ဂလာလက်ဆောင်မွန်ပစ္စည်းများ ပေးပို့ချီးမြှင့်ကြပါသော မိတ်ဆွေသင်္ဂဟ၊ ဆွေမျိုးများအားလည်းကောင်း၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များနှင့် နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော မစောနန္ဒာသော်၊ မင်္ဂလာပန်းကလပ်ကိုင်ဆောင်ပေးပါသော မရွှေရည်ဝင်းလတ်၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ပေးပါသော မနန်းသီရိခင်၊ မေတ္တာဖြင့် မင်္ဂလာဝတ်စုံစီစဉ်ပေးပါသော ရွှေနန်းတော်ဝင်ပိုးထည်တိုက်၊ မိတ်ကပ်အလှပြင်ဆင်ပေးပါသော မေဦးမောင်(တော်ဝင်သူ)နှင့်အဖွဲ့လည်းကောင်း၊ မှတ်တမ်းဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော မလိမ္မာ(မြန်မာစာ)၊ မျိုးအောင်ကျော်တို့အားလည်းကောင်း၊ မင်္ဂလာတေးသံသာများကို တီးမှုတ်သီဆိုပေးပါသော နှင်းရည်သန့် တေးဂီတအဖွဲ့အားလည်းကောင်း၊ စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးပေးပါသော PARK ROYAL HOTEL မှ မန်နေဂျာ၊ ဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မော်ကွန်းမှတ်တမ်းတင်အပ်ပါသည်။

**နှစ်ဖက်သောမိဘများနှင့် မောင်စိုးမိုးအောင်-မအိမွန်သင်း**

## အထူးအကျိုးဆောင်(တောင်ဥက္ကလာပမြို့နယ်)

အိမ်ခြံမြေရောင်းဝယ်/ငှားရမ်းပေးခြင်းနှင့်
အခန်းပေး/ယူဆောင်ကာလုပ်ခြင်းဝန်ဆောင်မှု
တ/ဉ၊ သစ္စာလမ်း/ရတနာလမ်း/သံသုမာလမ်း/ဝေဇယန္တာလမ်း/မေတ္တာလမ်း/
ပြဟ္မစိုရ်လမ်း/သီဟသူလမ်း၊ ပေ(၄၀×၆၀)၊ ရောင်း/ငှား
-တ/ဉ၊ (၃)(၆)(၉)ရပ်ကွက်သန့် ပေ(၄၀×၆၀)ရောင်း/ငှား
**ဖုန်း ၀၉-၄၂၅၂၉၂၆၃၃၊ ၀၉-၂၅၃၈၂၆၅၇၇**








## မိတ်ဆွေနှင့် မြေမြတ်ဆည်း၌ ထွန်းလင်းသာသနာ ရှည်ကြာတည်တံ့စေဖို့ မွေ့ရာဇိကပညာရှိသော တည်ဆောက်ကြပါစို့

⚫ မြေ (၁)စတုရန်းပေ - ၁၅,၀၀၀/- ⚫ ကျောင်းဆောင်(၁)စတုရန်းပေ - ၂၁,၀၀၀/- ⚫ ၂၅ ပေ x ၁၅ ပေ အခန်းတစ်ခန်း - US$ ၅,၃၀၀

**KMD Computer Centre**

**LCCI Accounting** (Level I,II,III) တစ်ရေးကိုင်သင်တန်း

April Series 2015

Level I,II သင်တန်းကို အားလပ်ချိန်ဖြည့်ဆည်းနိုင်ရန် စနေ၊တနင်္ဂနွေ သင်တန်းများဖွင့်လှစ်မည်

LCCI

| 30 - Oct - 2014 (6:00pm-7:30pm) | 7 - Nov - 2014 (10:30am-12:30pm) |
| --- | --- |
| ( Wed, Thurs & Fri တနင်္လာမှသောကြာ ) | ( Thurs & Fri တနင်္လာမှသောကြာ ) |
| အမှတ်(၁၅/စ)၊ စေတုတ္တရာလမ်း ဦးထွန်းလင်းမြို့နယ်၊ ကမာရွတ်မြို့နယ်။ | အမှတ်(၃၃၀)၊ ပြည်လမ်း၊ မြို့ပြကုန်စုံ အနောက်ဘက် ရန်ကုန်မြို့ |
| ☎ - ၅၀၂၂၁၁/ ၅၂၄၄၁၀/ ၅၀၅၉၉၉ | ဖုန်း - (၀၁) ၅၂၇၄၄၆ / ၅၃၄၁၀၃ / ၅၀၂၃၉၈ |

တန်းခွဲသင်ကြားပြီးတွင် တာဝန်ထမ်းဆောင်နိုင်ပါသည်။


**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးဆန်းမင်းသိန်း၏ Passport No-899880 သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများအကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။ ဖုန်း-၀၉-၃၀၃၈၂၃၆၈

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ထွန်းလင်း[၁၂/ကမတ(နိုင်)၀၉၇၇၆၀]ကိုင်ဆောင်သော CDC-၅၆၈၈၀၏ W/K သင်္ဘောသားလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ဖုန်း-၀၉-၅၀၈၅၃၂၅

**ကျေးဇူးဆပ်**

ကျွန်တော် ကျော်ဆန်းဌေး PP No-M-048840 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ က အကြောင်းကြားပါရန်။ ဖုန်း-၀၉-၄၂၀၂၃၉၄၃


# 99 အချိုမှုန့်

နိုင်ငံတကာစံချိန်မီ အစားအသောက်များကို အရသာထူးကဲစေမည့် 99 အချိုမှုန့်

ပြောင်းဖူးမှ ထုတ်လုပ်ထားသော သဘာဝ ဟင်းခတ်အချိုမှုန့်စစ်စစ် ကိုရီးယားနိုင်ငံထုတ်ကုမ္ပဏီမှ ထုတ်လုပ်ပါသည်။

ငွေသားဖြင့်တစ်မဲမဲချိဖြင့်ပေးပါမည်။ ◆ ပေါက်မဲများကို သတင်းစာတွင် ကြေညာပေးပါမည်။

| | | | |
| --- | --- | --- | --- |
| ပထမဆု | - ၁၀၀၀၀၀၀၀ (သိန်းတစ်ရာကျပ်) | တတိယဆု - | ၃၀၀၀၀၀ (သုံးသိန်းကျပ်) |
| ဒုတိယဆု | - ၅၀၀၀၀၀ (ငါးသိန်းကျပ်) | အထူးဆု | - (ဆုမဲပေါင်းများစွာ) တစ်ဆုလျှင် ၁၀၀၀၀၀ (တစ်သိန်းကျပ်) |

**ရန်ကုန် ကိုယ်စားလှယ်များ**

| | | |
| --- | --- | --- |
| ဒေါ်မွေးခင် | 22 လမ်းဈေး | 09 400471076 |
| ဦးတုံးမောင် | ညောင်ပင်လေးဈေး | 09 73030189 |
| မီမေအောင် | ညောင်ပင်လေးဈေး | 09 5106831 |
| စိန်ကိုကြည် | ညောင်ပင်လေးဈေး | 09 5084414 |
| နှင်းနှင်းထွဋ် | ညောင်ပင်လေးဈေး | 09 681868 |
| မခိုင် | တောင်ဥက္ကလာပမြို့နယ် | 01 578598 |
| မနိုင် | မြောက်ဒဂုံမြို့နယ် | 09 250980518 |
| စိန်သာ | မြို့လယ် ရန်ကုန် | |
| မသူဇာ | လှိုင်သာယာဈေး | 01 291367, |
| | ဗိုလ်တထောင် | 09 30226618 |
| မအေးအေးအောင် | မြောက်ဒဂုံမြို့နယ် | 09 254044674 |
| ကိုဝင်းမြင့် | ကြို့ကုန်းဈေး | 09 450013279, |
| | မြောက်ဒဂုံ | 09 421038721 |

**နယ်ကိုယ်စားလှယ်များ**

| | | |
| --- | --- | --- |
| ဟုန်ရှင် (ဆန်ဆိုင်) | မော်လမြိုင် | 09 49314328, |
| | | 09 425299644 |
| ဦးစိုးလွင် | တောင်ကြီး | 08 1205929, |
| | | 08 12122589 |
| ဦးလှကြီးမောင်/ဒေါ်ခင်မာရီ | ကျောက်ပန်းတောင်း | 09 2220129, |
| ကိုအောင်မြင့်မြတ် | ကြို့ပင်ကောက် | 09 5374657 |
| ကိုညီညီ | ကျောက်မြို | 06 1200662 |
| ကိုသူရ | စစ်ကိုင်း | 09 250332792 |
| သီတာ | တံတားဦး | 06 771055 |
| ဦးသောင်းစိန် | တောင်တွင်းကြီး | 06 3500641 |
| ဒေါ်ထွေးထွေး | ချမ်းမြသာစည် | 09 5169072 |
| ဒေါ်ခိုင်ခိုင်လွင် | ပန်းတနော် | 09 422489513 |
| ဒေါ်ဝင်းမြင့် | ပုသိမ် | 04 223613 |
| မနိုင် | မြိတ် | 09 31591642 |
| ဒေါ်တောက်ရှိ | ဘိုကလေး | 09 428016337 |
| ဦးထွန်းထွန်း | မကွေး | 09 8585877 |
| မအောင်နွယ် | မိတ္ထီလာ | 09 449004864 |

| | | |
| --- | --- | --- |
| ဦးအောင်သိန်း/ဒေါ်မြမြ | မိတ္ထီလာ | 06 424531 |
| ဒေါ်နွယ်လေး | ကလေး | 09400109234 |
| ဒေါ်ခင်လေးကြည် | ရေနံချောင်း | 09 73190890 |
| ကိုကျော်မြင့် | မန္တလေး | 09 430270708 |
| ကိုအောင်အောင်မြတ် | မြိတ် | 09 43084472 |
| ဦးသစ် | သာစည် | 09 2225777 |
| ဦးလှမင်း | လက်ပံတန်း | 09 254587089 |
| ဒေါ်မုမုအောင် | တောင်ငူ | 09 49273847 |
| ဦးဝင်းမော်(မိုးကောင်းရှိန်) | ကျောက်ကြီး | 09 254291632 |
| မတင်တင်နု | ညောင်လေးပင် | 09 8540098 |
| ကိုကျော်အောင်မောင်မြင့် | ပုသိမ် | 09 422528057 |
| တာနည်စေအောင် | မော်လမြိုင် | 09 254667591 |
| ဦးစိုးလှ | မကွေး | 09 33074287 |
| ဒေါ်လှဲလှဲဝင်း | မင်းဘူး | 09 256331423 |
| ဦးမြင့်သိန်း | သိုးကုန်း | 09 250024695 |
| မသဇင်ထွေး | ဖျာပုံ | 09 254949181 |

အစားအသောက်ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၈၉/ ၁၀၁၂ / အဆ ❋ ကိုယ်စားလှယ်ယူလိုသူများနှင့် ရောင်းချလိုသူများ သာစေရာက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ❋

| | | |
| --- | --- | --- |
| ပင်ရင်းဌာန / ဖြန့်ချိရေးဌာန | - | အမှတ် (၉၇ / ၉၉) ၂၂လမ်း အထက်အဆောက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ |
| ဖုန်းနံပါတ် | - | 01 - 382333 , 01 - 384632 , 09 730 48157, 09-250065716, 09 250065717, 09 250065719 |